# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

**ချမ်းသာ၏**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။ သဒ္ဓါတရားတည်တံ့ခိုင်မြဲခြင်းသည် ချမ်းသာ၏။ ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

ခုဒ္ဒကနိကာယ် (ဓမ္မပဒ - ၃၃၃)

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၄ ရက် ၂၀၁၇ ခုနှစ်၊ မေ ၂၉ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၆)၊ အမှတ် (၂၃၈)

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး)အား ဂုဏ်ပြုပါ၏**

# (၁၁)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေး ကျင်းပ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်

## ကိုယ်ပိုင်ပြဌာန်းခွင့်နှင့်ပတ်သက်သည့် အချက်များ၊ ခွဲထွက်ခွင့်ကိစ္စများကို နောင်တွင် ဆက်လက်ဆွေးနွေးရန် သဘောတူ



**UPDJC ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၁၁)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC ) အစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်** (သတင်းစဉ်)

**နေပြည်တော် မေ ၂၈**

(၁၁)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)အစည်းအဝေးကို ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ UPDJC ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းက နိုင်ငံရေးဆွေးနွေးပွဲများအောင်မြင်မှ မိမိတို့မျှော်မှန်းသည့် ငြိမ်းချမ်းရေးရရှိမည်ဖြစ်ပါကြောင်း၊ စာမျက်နှာ ၃ ကော်လံ ၁

**မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ဖို့အတွက် ကျွန်တော်တို့ အစွမ်းကုန် ကူညီပံ့ပိုးနေပါတယ်**

စာမျက်နှာ - ၆

**နည်းပညာပိုင်းဆိုင်ရာ ချွတ်ယွင်းမှု ဖြစ်ပွားခဲ့ပြီးနောက် လန်ဒန်ရှိ ဗြိတိန်လေကြောင်းခရီးစဉ်များ ပြန်လည်စတင်ပြေးဆွဲ**

စာမျက်နှာ - ၁၀

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ငြိမ်းချမ်းရေးပန်းတိုင်ဆီသို့ မင်္ဂလာတရားနှင့်အညီ

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ(ဒုတိယအစည်းအဝေး)ကြီး ခြိမ့်ခြိမ့်သဲကျင်းပနေသည်ကို တစ်နိုင်ငံလုံးက ပြည်သူများ စိတ်ဝင်စားစွာ၊ မျှော်လင့်ခြင်းကြီးစွာဖြင့် မျက်စိကိုဖွင့် နားကိုစွင့်ရင်း စောင့်ကြည့်လေ့လာနေကြပါသည်။

လက်နက်မျိုးစုံဆွဲကိုင်ပြီး စစ်ပွဲများကို ယှဉ်ပြိုင်ဆင်နွှဲခဲ့ကြသည့် အဖွဲ့အစည်းအသီးသီးတို့က တစ်ဦးနှင့်တစ်ဦး မိမိတို့၏သဘောထားများ၊ မိမိတို့၏အယူအဆများ၊ မိမိတို့၏အမြင်များကို ပြောဆိုဆွေးနွေး ဖလှယ်နေကြသည်ကို တွေ့မြင်နေရခြင်းကပင် ကျက်သရေရှိနေသည်ဟု ခံစားရသည်။

ဒါကပင် မင်္ဂလာတစ်ပါးပါပင်။

အယူအဆမတူသည့်အခါ အငြင်းပွားစရာရှိနေသည်ကိုပင် နင်ပဲငဆ ရန့်ရုန့်ရင်းရင်း ပြောဆိုနေစရာမလို၊ အေးဆေးစွာဖြင့် သဘောမတူသည်ကို သဘောမတူနိုင်ကြောင်း၊ အယူအဆမတူသည်ကို မတူညီကြောင်း ပွင့်လင်း အေးဆေးစွာ ပြောဆိုဆွေးနွေးနိုင်သည်ကိုက ငြိမ်းချမ်းရေးခရီးရှည်၏ လှေကားထစ်များပေါ်သို့ တစ်ထစ်ချင်းတက်လာနေသည်နှင့် တူလှသည်။

လူသားအချင်းချင်း၊ ကိုယ့်နိုင်ငံသားအချင်းချင်း၊ ကိုယ့်တိုင်းရင်းသား အချင်းချင်း တစ်ဦးနှင့်တစ်ဦး မုန်းတီးမှုများ တိုးပွားသည်ထက်တိုးပွား အောင် လှုံ့ဆော်မီးထိုးကာ မိုးမွှန်အောင် ဆဲဆိုရန်ပြုနေသည်တို့မှာ စက်ဆုပ်ဖွယ်ရာဖြစ်သလောက် တစ်ဦးနှင့်တစ်ဦး လူမျိုးစုချင်းမတူသည် ဖြစ်စေ၊ ကိုးကွယ်ရာဘာသာမတူသည်ဖြစ်စေ၊ အခြေခံ ခံယူချက်ချင်း မတူသည်ဖြစ်စေ ယဉ်ကျေးစွာ ဆွေးနွေးညှိနှိုင်းခြင်းက မြတ်နိုးလေးစား ဖွယ်ရာ ဖြစ်ပါသည်။

ဤသို့ ပြောဆိုဆွေးနွေးနေကြသည်ကို မြင်တွေ့နေရသည်ကပင် ဗုဒ္ဓမြတ်စွာဘုရားမိန့်တော်မူခဲ့သည့် မင်္ဂလာတရားနှင့်အညီ ရှိလှချေ၏ဟူ၍ အောက်မေ့မိပါသည်။ ယနေ့ ညီလာခံကြီးကို လေ့လာကြည့်ရင်း တွေ့မြင်နေရသည့် ကိုယ်စိတ်နှစ်ပါးကိုကောင်းစွာထားခြင်း၊ စကားကိုချိုသာကောင်းမွန်စွာပြောဆိုခြင်း၊ သုစရိုက်တရားကိုကျင့်ခြင်း၊ အပြစ်မရှိသော အလုပ်တို့ကိုပြုလုပ်ခြင်း၊ မိမိကိုယ်ကိုနှိမ့်ချခြင်း၊ သည်းခံခြင်း အစရှိသည့် မင်္ဂလာတရားတို့နှင့်အညီရှိလှချေ၏ဟူ၍ အောက်မေ့မိပါ၏။

မြန်မာနိုင်ငံသူ နိုင်ငံသားတို့အတွေးတွင် နှစ်ပေါင်း ၆၀ ကျော်၊ ၇၀ တိုက်ကြ၊ ခိုက်ကြ၊ သတ်ကြနှင့် ဖြစ်ခဲ့ရသည့် ပြည်တွင်းစစ်ကြီး ရပ်စဲရေးသည် ဦးစားပေးရည်မှန်းချက်အဖြစ် ရှိနေကြပေပြီ။ သည်ရည်မှန်းချက် ဖြစ်မြောက်အောင် ပါဝင်ဆွေးနွေးနေကြသည့် တိုင်းရင်းသားအဖွဲ့အစည်း အသီးသီးကိုလည်း ကျေးဇူးများတင်နေမိ သည်မှာ အမှန်ပင်ဖြစ်ပါသည်။

ဤညီလာခံ အဖွင့်အမှာစကားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောခဲ့သလို "ပြည်သူ၊ ပြည်သားတွေ နှစ်ပေါင်းများစွာ မျှော်မှန်းခဲ့တဲ့ တန်ဖိုးထားခဲ့တဲ့ အိပ်မက်တွေ လက်တွေ့အမှန်တကယ် ဖြစ်ပေါ်လာအောင် ဖန်တီးဖော်ဆောင်ပေးဖို့ တာဝန်ရှိသလို၊ ဖန်တီးဖော်ဆောင်ပေးနိုင်ခဲ့တယ်ဆိုတဲ့ ဂုဏ်ဒြပ်တွေကိုလည်း ရယူခွင့်ရှိနေပြီ ဖြစ်ပါတယ်။ ငြိမ်းချမ်းမှုနဲ့ တည်ငြိမ်မှုဟာ ကျွန်မတို့နိုင်ငံကို တိုးတက်ခိုင်မာပြီး သာယာဝပြောတဲ့ ဒီမိုကရက်တစ်ဖက်ဒရယ် ပြည်ထောင်စုကြီး၊ ကျွန်မတို့အားလုံး ခိုလှုံဖွယ်ရာ၊ ဂုဏ်ယူဖွယ်ရာ ပြည်ထောင်စုကြီး ဖြစ်လာစေမှာဖြစ်ပါတယ်" ဟူသည့်အတိုင်း ပြည်သူတို့က အမျှော်လင့်ကြီး မျှော်လင့်နေကြပြီ ဖြစ်ပါသည်။

တိုင်းရင်းသားအဖွဲ့အစည်း အသီးသီးတို့ကလည်း အပေါင်းလက္ခဏာဆောင်သော မှတ်ချက်အဖုံဖုံတို့ကို ချမှတ်နေခြင်းက ထာဝရငြိမ်းချမ်းရေး ခရီးတရွေ့ရွေ့နှင့် ရှေ့သို့တိုးလာနေပြီဟု ထင်မြင်မိရင်း မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်မီး အမြန်ဆုံးရပ်စဲနိုင်ပြီး ထာဝရငြိမ်းချမ်းရေးပန်းတိုင်ဆီသို့ အမြန်ဆုံး ရောက်ရှိနိုင်ပါစေဟု ဆုမွန်ကောင်းများ တောင်းအပ်ပါသတည်း။ ။




## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ဂုဏ်ပြု၊ သစ်ပင်စိုက်ပျိုးပွဲ ဝက်လက်၌ကျင်းပ



ဝက်လက် မေ ၂၈

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး)ကို ဂုဏ်ပြုသောအားဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်ကို စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် သခွတ္တောကျေးရွာအဝင်လမ်း၌ မေ ၂၇ ရက် နံနက် ၆ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ကျေးရွာနေပြည်သူများက စုပေါင်း၍ ကျွန်းပင် ၅၀၊ ငုရွှေဝါပင် ၅၀၊ စိန်ပန်းကြီးပင် ၅၀၊ ကုလားကုက္ကိုပင် ၅၀၊ မဲဇလီပင် ၅၀၊ တမာပင် ၅၀ စုစုပေါင်းအပင် ၃၀၀ တို့ကို လမ်းဘေးဝဲယာတစ်လျှောက် စိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

## ထင်သာမြင်သာ ပြုပြင်စရာ

### မိတ္ထီလာတောင်ကန်ကိုကာရံထားသည့် ခြံစည်းရိုးသံဆန်ခါများနှင့် သံကူကွန်ကရစ်တိုင်တချို့ပျက်စီး



မိတ္ထီလာတောင်ကန် ကန်ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် လှပသာယာရေးအတွက် ရည်ရွယ်ပြီး ကာရံထားသည့် ခြံစည်းရိုး သံဆန်ခါများနှင့် ကွန်ကရစ်တိုင် တချို့မှာ ဝန်ဇင်းဟိုတယ်အနောက်ဘက် ရေသန့်အရောင်းဆိုင်အနီးမှ စိုက်ပျိုးရေး ဦးစီးဌာနရုံးတောင်ဘက်အနီးအထိ ပျက်စီးလျက်ရှိကြောင်း သိရသည်။

မိတ္ထီလာတောင်ကန်သည် ကန်အောက်ဘက် သီးနှံစိုက်ပျိုးသည့် လယ်မြေများသို့ စိုက်ပျိုးရေ ပေးဝေရုံသာမက မြို့ပေါ်ရပ်ကွက်များသို့ သောက်ရေသန့်စက်ရုံနှစ်ခုမှတစ်ဆင့် သောက်သုံးရေပေးဝေရေးအတွက် နေ့စဉ်အားထားရသည့်ကန် ဖြစ်သည်။ ထို့ကြောင့် မိတ္ထီလာတောင်ကန်အတွင်း အမှိုက်သရိုက်များ စွန့်ပစ်ရောက်ရှိခြင်း မရှိစေရန် ကန်ပတ်ဝန်းကျင် သန့်ရှင်းသာယာစေရန်နှင့် လှပသာယာရေးတို့အတွက် ရည်ရွယ်ပြီး လွန်ခဲ့သည့် လေးနှစ်ခန့်က ကန်ကို သံကူကွန်ကရစ်တိုင်များဖြင့် သံဆန်ခါခြံစည်းရိုးများကို သက်ဆိုင်ရာက ကာရံထားခဲ့သည်။ ယခုအခါ ထိန်းသိမ်းစောင့်ရှောက်မှုအားနည်းခြင်း၊ စည်းကမ်းမဲ့သူများ၏ ဖျက်ဆီးခြင်းတို့ကြောင့် အဆိုပါနေရာမှ မိတ္ထီလာတောင်ကန်ကို ကာရံထားသည့် သံဆန်ခါခြံစည်းရိုးများ ပျက်စီးခြင်း၊ သံကူကွန်ကရစ်တိုင်များ ယိုင်နဲ့လဲကျခြင်းများဖြစ်ပေါ်နေပြီး ကန်အတွင်း စည်းကမ်းမဲ့ နွားစားကျက်လွှတ်ခြင်း၊ ကန်ပတ်ဝန်းကျင်သို့ လာရောက်သည့်လူငယ်များက အမှိုက်သရိုက်များ စွန့်ပစ်ခြင်းများ ဖြစ်ပေါ်နေသည်။ သို့ဖြစ်၍ မိတ္ထီလာတောင်ကန် သန့်ရှင်းသာယာလှပရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများမှ အချိန်မီ ပြုပြင်ထိန်းသိမ်းရန် လိုအပ်လျက်ရှိသည်။

**ချမ်းသာ (မိတ္ထီလာ)**

### ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၈-၅-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၃၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၆၅၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၆၉၀/၆၉၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၉၀/၇၁၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၄၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၁၅ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၇ ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၃၂ ·၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၅ ·၄၄ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ ·၈၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၁၇ |
| တရုတ် | တစ်ယွမ် | ၁၉၈ ·၅၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၆ ·၉၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်သူနှင့်အတူ



(၁၁)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေး ကျင်းပစဉ် (သတင်းစဉ်)

❀ **ရှေ့ဖုံးမှ**

နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု မူဘောင်၏ သတ်မှတ်ချက်အတိုင်း နိုင်ငံရေးဆွေးနွေးပွဲများကို အဆင့်ဆင့်ကျင်းပပြီး တိုင်းရင်းသားလူမျိုးများ၏ ဒေသအလိုက်၊ ကဏ္ဍအလိုက် ဆွေးနွေးမှုများကိုစုစည်းကာ UPDJC သို့ တင်ပြခြင်းဖြစ်ပါကြောင်း၊ အဆိုပါစုစည်းမှု၊ အဆိုပြုမှုများကို UPDJC တွင် အကျေအလည် ညှိနှိုင်းအတည်ပြုပြီး ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် ကဏ္ဍအသီးသီးမှ UPDJC အတွင်းရေးမှူးများအဖွဲ့သို့ တင်ပြလာသော အဆိုပြုချက်များကို အကျေအလည်ဆွေးနွေးပြီး သဘောတူညီနိုင်သည့် အချက်များရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဆွေးနွေးသည့်အခါတွင်လည်း မူလရည်ရွယ်ချက်အတိုင်း အားလုံးလက်ခံနိုင်သည့် အဆိုပြုမှုများရရှိမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**အမှာစကားပြော**

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသုဝေက အမှာစကား ပြောကြားသည်။

**နောက်ဆုံးနေ့အစီအစဉ်**

အစည်းအဝေးတွင် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍနှင့် လုံခြုံရေးကဏ္ဍဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည့် အကြောင်းအရာများကိုလည်းကောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး) နောက်ဆုံးနေ့အစီအစဉ်များကိုလည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် UPDJC ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသုဝေ၊ ပဒိုစောကွယ်ထူးဝင်းနှင့် ဦးကျော်တင့်ဆွေတို့က နိဂုံးချုပ်စကား ပြောကြားကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်အစုအဖွဲ့မှ ကိုယ်စားလှယ် ၁၆ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အစုအဖွဲ့မှ ကိုယ်စားလှယ် ၁၆ ဦး၊ နိုင်ငံရေးပါတီများ အစုအဖွဲ့မှ ကိုယ်စားလှယ် ၁၅ ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အပြန်အလှန်ဆွေးနွေး**

ယနေ့အစည်းအဝေးနှင့်စပ်လျဉ်း၍ UPDJC အတွင်းရေးမှူးများအဖွဲ့ အဖွဲ့ဝင် ဦးဇော်ဌေးက "ဒီနေ့မနက်ကျွန်တော်တို့ စုစုပေါင်း ၄၁ ချက်ကို ဆွေးနွေးတယ်။ နိုင်ငံရေးကဏ္ဍ ၂၁ ချက်မှာ သဘောတူညီချက်၊ ဆုံးဖြတ်ချက်ချနိုင်တာ ၁၂ ချက်ရပါတယ်။ တစ်ခုရှိတာက ပြည်သူတွေ မျှော်လင့်နေတဲ့ ရလဒ်ကောင်းကတော့ နည်းပါးပါလိမ့်မယ်။ သဘောတူညီချက်မရတာက ပြည်နယ်တွေရဲ့ခွဲထွက်ခွင့်ကိစ္စဖြစ်ပါတယ်။ ခွဲထွက်ခွင့်ကိစ္စနဲ့ပတ်သက်လို့ နှစ်ဖက်အပြန်အလှန် ဆွေးနွေးကြပါတယ်။

**အခြေခံမူ ၁၂ ချက်**

"ဆွေးနွေးကြတဲ့အခါမှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေဘက်က ခွဲထွက်ခွင့် ကတိကဝတ်နဲ့ပတ်သက်လို့ သူတို့က ဒီအချိန်မှာ မထည့်စေချင်ပါဘူး။ ဖက်ဒရယ်မူကို စပြီး ဆွေးနွေးကတည်းက ဒီဟာက Package ဖြစ်ပါတယ်။ ခွဲမထွက်ဘူးဆိုတဲ့ဟာကို ကျွန်တော်တို့က ယူပါတယ်။ ယူပြီးတော့ တစ်ဖက်ကလည်း ပြည်နယ်တွေရဲ့ ကိုယ်ပိုင်အခြေခံဥပဒေ၊ တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ဒါကို ကျွန်တော်တို့က ချိတ်ထားတာပါ။ ချိတ်ထားတာဖြစ်တဲ့အတွက် ဆွေးနွေးတဲ့အခါမှာ ခွဲမထွက်ရဆိုတဲ့ အချက်ကို သဘောတူမှ ကျန်အချက်တွေကို သွားရမှာဖြစ်ပါတယ်။ အဲဒီအချက်မှာတင် သဘောတူညီမှုမရပါဘူး။ မရတဲ့အတွက် ကျန်တဲ့အချက်တွေလည်း ဒီညီလာခံမှာ စိတ်မကောင်းစွာပဲ ချန်ခဲ့ရပါတယ်။ ဒီနေ့နိုင်ငံရေးဆွေးနွေးပွဲမှာ ကျန်တဲ့ဖက်ဒရယ်ဆိုင်ရာ အခြေခံမူ ၁၂ ချက်တော့ ရပါတယ်။

**သဘောတူညီ**

"ပြည်ထောင်စုက ခွဲမထွက်ပါဘူးဆိုတာကို ကတိမပြုနိုင်ဘူး။ အဲဒါဆို မေးစရာရှိတာက ခွဲထွက်ချင်လို့လားဆိုတဲ့ဟာတွေဖြစ်လာပါတယ်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအချို့ဘက်က ဒါကို ကတိကဝတ် မပြုနိုင်ဘူး။ မပြုနိုင်တဲ့အတွက် ကျန်တဲ့ ကိုယ်ပိုင်အခြေခံဥပဒေတို့၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ ဒါတွေဆက်သွားလို့ မရတော့ပါဘူး။ ဒီဟာကို ကတိကဝတ်ပေးမှ ကျန်အခွင့်အရေးတွေရမှာဖြစ်ပါတယ်။ ဒါမျိုး ချိတ်ထားတာဖြစ်ပါတယ်။ အခုတစ်ခေါက်ညီလာခံမှာတော့ ဒါတွေသဘောတူညီချက်မရတဲ့အတွက် ဆက်လက်မဆွေးနွေးတော့ဘူးလို့ ဆုံးဖြတ်လိုက်ပါတယ်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ပတ်သက်တဲ့ အချက်တွေ၊ ခွဲထွက်ခွင့်ကိစ္စတွေကိုတော့ နောင်မှာ ဆက်ဆွေးနွေးဖို့ သဘောတူညီပါတယ်။

**ညီလာခံမှာ ချန်ထားခဲ့**

"နောင်လာမယ့် ညီလာခံမှာဖြစ်မလားဆိုတာ သက်ဆိုင်ရာအစုအဖွဲ့အပေါ်မှာ မူတည်ပါတယ်။ ဒီနေ့ပွဲမှာတော့ အစိုးရဘက်က၊ တပ်မတော်ဘက်က ဒါကို အထူးပြုအလေးထားပြီး ဆွေးနွေးပါတယ်။ အစိုးရ၊ လွှတ်တော်နဲ့ တပ်မတော် အားလုံးက သဘောတစ်ခုတည်းဖြစ်ပါတယ်။ ကျွန်တော်တို့က ခွဲထွက်ခွင့်နဲ့ ပတ်သက်ပြီး ကတိကဝတ်ပေးရင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အခြေခံဥပဒေ၊ တန်းတူရေး ဒါတွေအကုန်လုံးရဖို့ ဆွေးနွေးသော်လည်း နောက်ဆုံးတော့ မအောင်မြင်ဘူး။ မအောင်မြင်တော့ စိတ်မကောင်းစွာနဲ့ပဲ ဒီတစ်ပတ် ညီလာခံမှာ ချန်ထားခဲ့ပါတယ်။

**ကတိကဝတ်မပေးနိုင်**

"အရင်တုန်းက အားလုံးရဲ့စိတ်ထဲမှာ ဖက်ဒရယ်ဆိုတာ ခွဲထွက်ရေးဆိုတဲ့ အမြင်တွေရှိတယ်။ အခုနောက်ပိုင်းမှာမှ ဖက်ဒရယ်ဆိုတာ ခွဲမထွက်ဘူး၊ ပေါင်းစည်းရေးဆိုတာ လူတွေကလက်ခံလာတယ်။ ဒါကလည်း တကယ်ကို လေ့လာတော့မှ သိလာတာ။ သို့သော် ပြည်သူတွေ စိတ်ထဲမှာရော၊ အစိုးရရော၊ တပ်မတော်ရော အားလုံးမှာ စိုးရိမ်ပူပန်မှုတွေရှိတယ်။ အကယ်၍ ဒီဟာကြောင့် ပြည်ထောင်စုအစိတ်စိတ်အပိုင်းပိုင်း ဖြစ်သွားမလားပေါ့။ ပြီးခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ (ပထမအကြိမ်အစည်းအဝေး)မှာဆိုရင် စာတမ်းတွေ ဖတ်ကြတယ်။ ဖတ်တဲ့အခါမှာ အမျိုးမျိုးသော သဘောထားတွေရှိတယ်။ အဲဒီမှာလည်း အများကြီးပါတယ်။ အဲဒီအပေါ်မှာရော ပြည်သူကစိုးရိမ်မှုတွေ ရှိပါတယ်။ (၂၁)ရာစုပင်လုံရဲ့ အဓိကရည်ရွယ်ချက်က ပြည်ထောင်စုကြီးကို မကွဲမပျက်ဘဲနဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ဖို့ ဖြစ်ပါတယ်။ အဲဒီမှာ အဓိကလိုချင်တာက ခွဲမထွက်ဘူးဆိုတဲ့ဟာပါ။ ဒီအာမခံချက်က သမိုင်းရဲ့ သင်ခန်းစာအရ ထည့်တာဖြစ်ပါတယ်။ နောက်အများရဲ့ စိုးရိမ်ပူပန်မှုကို ဖြေဖျောက်နိုင်အောင် ထည့်တာဖြစ်ပါတယ်။ ဒီဟာကို ပေးနိုင်တယ်ဆိုရင် တစ်ဖက်မှာရှိတဲ့ ကိုယ်ပိုင်အခြေခံဖွဲ့စည်းပုံ၊ ကိုယ်ပိုင်ပြဋ္ဌာန်းချက် ဒါတွေကို ပေးနိုင်မှာဖြစ်ပါတယ်။ တချို့ဆိုလည်း ဒါကိုတော်တော်လေး တောင်းတောင်း ပန်ပန်နဲ့ ပြောကြတာရှိပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း တချို့က ဒါကို ကတိကဝတ်မပေးနိုင်ဘူး။ ဒါကို သူတို့က လက်မခံနိုင်ဘူးပေါ့။ လက်မခံနိုင်တဲ့အခါမှာတော့ ကျန်တဲ့အချက်တွေ ရှေ့ဆက်လို့မရဘူး။ မရတော့တဲ့အတွက် စိတ်မကောင်းစွာနဲ့ပဲ ဒီညီလာခံမှာ ချန်ထားခဲ့ပါတယ်"ဟု ပြောသည်။

**အကျေအလည်ဆွေးနွေး**

UPDJC အတွင်းရေးမှူးများအဖွဲ့ အဖွဲ့ဝင် စိုင်းကျော်ညွန့်က "ဒီနေ့ကျင်းပတဲ့ UPDJC အစည်းအဝေးမှာ အကျေအလည်ဆွေးနွေးခဲ့ကြပါတယ်။ စီးပွားရေးကဏ္ဍနဲ့ပတ်သက်တဲ့ အဆိုပြုချက်အကုန်လုံးကို အတည်ပြုနိုင်ခဲ့ပါတယ်" ဟု ပြောသည်။

ယနေ့ကျင်းပသည့် UPDJC အစည်းအဝေးတွင် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍနှင့် လုံခြုံရေးကဏ္ဍ စသည့် ကဏ္ဍကြီး ငါးခုနှင့် ပတ်သက်သည့် အချက်ပေါင်း ၄၁ ချက်ကို ဆွေးနွေးခဲ့ကြပြီး အချက် ၃၃ ချက် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

နိုင်ငံရေးကဏ္ဍတွင် ၁၂ ချက်၊ စီးပွားရေးကဏ္ဍတွင် ၁၁ ချက်၊ လူမှုရေးကဏ္ဍတွင် လေးချက်နှင့် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍတွင် ခြောက်ချက်တို့ကို သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ပြီး ယင်းသဘောတူညီချက်များကို ညီလာခံနောက်ဆုံးနေ့၌ ပြည်ထောင်စု သဘောတူညီချက်၏ အစိတ်အပိုင်းအဖြစ် လက်မှတ်ရေးထိုးကာ စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်

**နေပြည်တော် မေ ၂၈**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွက် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နေမည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

(မိုး/ဇလ)

# မိတ္ထီလာ-တောင်ငူ ဓာတ်အားလိုင်း ၁၄၆ မိုင် စီမံကိန်းပြီးစီးပါက မြန်မာပြည်တောင်ပိုင်းသို့ ဓာတ်အားပိုမိုပို့လွှတ်နိုင်မည်

**နေပြည်တော် မေ ၂၈**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းသည် ပဲခူးတိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းဝင်း၊ တာဝန်ရှိသူများနှင့်အတူ တောင်ငူခရိုင် အုတ်တွင်းမြို့နယ်အတွင်း ၅၀၀ ကေဗွီ မိတ္ထီလာ-တောင်ငူ ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းခွင်နှင့် ပဲခူးတိုင်းဒေသကြီး စစ်တောင်းမြစ်ဝှမ်း အနောက်ဘက်ခြမ်းရှိ ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံများဖြစ်သော ခပေါင်း ၃၀ မဂ္ဂါဝပ်၊ ဖြူးချောင်း ၄၀ မဂ္ဂါဝပ်၊ ကွန်းချောင်း ၆၀ မဂ္ဂါဝပ်နှင့် ရဲနွယ် ၂၅ မဂ္ဂါဝပ်များသို့ ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းစနစ် အဆင့်မြှင့်တင်ရေးတွင် အဓိကအရေးပါသည့် ၅၀၀ ကေဗွီ မိတ္ထီလာ-တောင်ငူဓာတ်အားလိုင်း ၁၄၆ မိုင် စီမံကိန်းပြီးစီးပါက မြန်မာပြည်တောင်ပိုင်း ဒေသများသို့ ဓာတ်အား ပိုမိုပို့လွှတ်နိုင်မည်ဖြစ်၍ ရည်မှန်းနှစ် ၂၀၁၉ ခုနှစ်တွင် ပြီးစီးရေး၊ ဓာတ်အားလိုင်း ဖြတ်သန်းသွားသည့် ဒေသများမှ ပြည်သူများ ထိခိုက်နစ်နာမှု မရှိစေရေးနှင့် ပေးလျော်ရမည့်သီးနှံလျော်ကြေးများ စနစ်တကျတိကျစွာ ပေးအပ်နိုင်ရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားပေးစက်ရုံများနှင့်ပတ်သက်၍ မိုးရာသီကာလအတွင်း ရေထိန်းသိမ်းစုဆောင်းထားရှိရန်၊ ဆည်တာတမံများ၏ကြံ့ခိုင်ရေးကို ဆက်စပ်ဌာနများနှင့် ပူးပေါင်းစစ်ဆေးရန်၊ စက်ပစ္စည်းများ ကြံ့ခိုင်ရေးကို စစ်ဆေးပြုပြင်ရမည့် အချိန်ဇယားအတိုင်း လိုက်နာဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

**(သတင်းစဉ်)**



# ကရင်ပြည်နယ်အတွင်း ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းများဆောင်ရွက်နေ

**နေပြည်တော် မေ ၂၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၂၇ ရက် မွန်းလွဲ ၁ နာရီက ကရင်ပြည်နယ်ဒေသအသီးသီးမှထွက်ရှိသော အသေးစား အိမ်တွင်းလက်မှုပစ္စည်းများ ခင်းကျင်းပြသထားသော ကရင်ပြည်နယ် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ပြခန်းအား ကြည့်ရှုစစ်ဆေးရာတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ ညနေပိုင်းတွင် မြဝတီကုန်သွယ်ရေးဇုန် အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ OSS အဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ မြဝတီကုန်သွယ်ရေးဇုန် တာဝန်ခံညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦးက မြန်မာ-ထိုင်း နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများနှင့် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ OSS အဖွဲ့၏ ဌာနအလိုက် လုပ်ငန်းများဆောင်ရွက်နေမှု၊ ဘဏ္ဍာနှစ်အလိုက် ပို့ကုန်သွင်းကုန် လုပ်ငန်းအခြေအနေတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြကာ သက်ဆိုင်ရာဌာနတာဝန်ခံများက မိမိတို့လုပ်ငန်းကဏ္ဍအလိုက် ကုန်သွယ်မှုပြုရာတွင် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များအား ရှင်းလင်းတင်ပြကြရာ ရှင်းလင်းတင်ပြချက်အပေါ် ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးပြီး သက်ဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

*** *ကျောဖုံးမှ***

ဇန်နဝါရီလက အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သောပွဲတွင် ဗစ်တာလီဘစ်ဒက်ရှ်နှင့် ထိုးသတ်ရန် စီစဉ်ထားသည့် ပြိုင်ဘက်ကစားသမား နုတ်ထွက်မှုကြောင့် အစားထိုးယှဉ်ပြိုင်ခဲ့ရာ အဆင်သင့်မဖြစ်သေးသောကြောင့် နိုင်ပွဲနှင့်လွဲချော်ကာ ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ သို့သော် ယင်းပွဲတွင် အောင်လအန်ဆန်၏ အနိုင်မခံ၊ အရှုံးမပေးစိတ်ဓာတ်၊ အချိုးပြည့်သည်အထိ တိုက်ခိုက်လိုစိတ်တို့ကို တွေ့မြင်ခဲ့ရပြီး သုံးချီမှစ၍ ပြိုင်ဘက်ကစားသမား၏ တစ်ဖက်သတ်ထိုးသတ်မှုများ ခံခဲ့ရသော်လည်း အချိုးပြည့်သည်အထိ တောင့်ခံသွားခဲ့သည်။ အောင်လအန်ဆန်သည် ယင်းပွဲရှုံးနိမ့်ပြီး နောက်ပိုင်း ကမ္ဘာ့ချန်ပီယံလုပွဲ ပြန်လည်ထိုးသတ်ခွင့်ရရန် လေ့ကျင့်ပြင်ဆင်မှုများ ဆက်တိုက်ပြုလုပ်ခဲ့ပြီး ယခုတစ်ကျော့ပြန်လည် ယှဉ်ပြိုင်ခြင်းဖြစ်သည်။

MMA (ဘက်စုံကိုယ်ခံပညာသုံး)ပြိုင်ပွဲကို မြန်မာနိုင်ငံတွင် လေးကြိမ်မြောက်ကျင်းပခြင်းဖြစ်ပြီး ယခုနှစ်တွင် ကျင်းပမည့် ပြိုင်ပွဲနှစ်ကြိမ်အနက် ပထမအကြိမ်ကျင်းပမည့် ပြိုင်ပွဲလည်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အောင်လအန်ဆန်နှင့် ဗစ်တာလီဘစ်ဒက်ရှ်တို့၏ တွဲဆိုင်းအပြင် မြန်မာကစားသမားများ၏ တွဲဆိုင်းများလည်း ပါဝင်မည်ဖြစ်သည်။

အောင်လအန်ဆန်နှင့် ထိုးသတ်မည့် လက်ရှိကမ္ဘာ့ချန်ပီယံ ဗစ်တာလီဘစ်ဒက်ရှ်သည် ကိုးပွဲစလုံးအနိုင်ရထားပြီး ဘယ်လက်သီး အားသန်သူဖြစ်သည်။

**✪ *ကျောဖုံးမှ***

များဖြင့် ထွန်းလင်းခန့်ကို အတင်းဝင်၊ အတင်းထွက် လိုက်လံထိုးသတ်ခဲ့ရာ ထွန်းလင်းခန့် ပထမအချီမှာပင် အမှတ်စဉ်အရေးခံလိုက်ရသည်။ ဆက်လက်ယှဉ်ပြိုင်ထိုးသတ်ရာ ဒုတိယအကြိမ် သန့်ဇင်ထွန်း၏ ညာဖြောင့်လက်သီးမိခဲ့သဖြင့် ထွန်းလင်းခန့် နှစ်မိနစ် အနားတောင်းလိုက်ရပြန်သည်။ နှစ်မိနစ် အနားတောင်းပြီး ဆက်လက်ယှဉ်ပြိုင်ထိုးသတ်ရာ ထွန်းလင်းခန့်သည် ကောင်တာမှ တိုက်စစ်သို့ ပြောင်းလဲတိုက်ခိုက်လာသော်လည်း လက်ဝှေ့သမ္ဘာရင့် သန့်ဇင်ထွန်း၏ လက်သီးတွဲလုံးများနှင့် ဒူးတိုက်ချက်ကြောင့် ပထမအချီ ၂ မိနစ် ၅၂ စက္ကန့်မှာပင် ဘယ်လိုမှ ယှဉ်ပြိုင်ထိုးသတ်နိုင်စွမ်းမရှိတော့ဘဲ အလဲထိုးဖြင့် အရှုံးပေးလိုက်ရသည်။

လေးချီ အထူးစိန်ခေါ်ပွဲများတွင် ချစ်ဆူးငယ်(T&T)နှင့် မိုးလေး(ဗမာ့သွေး)၊ စိန်လုံးချော(ဗမာ့သွေး)နှင့် သွေးသစ်မောင်(အဖြူရောင်သွေးသစ်)တို့ လက်ရည်တူအကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်ခဲ့မှုကြောင့် အရှုံး၊ အနိုင်မပေါ်၊ သရေကျခဲ့ပြီး လမ်းမယူ(ရာမညအားမာန်)နှင့် ဇမ္ဗူထွန်း (ATM) တို့ပွဲတွင် လမ်းမယူက ဒုတိယအချီ ၂ မိနစ် ၀၇ စက္ကန့်တွင် အလဲထိုးဖြင့်အနိုင်ရခဲ့သည်။ သုံးချီအထူးစိန်ခေါ်ပွဲများတွင် ရဲထက်စိုး(T&T)နှင့် စိန်နန်းအောင်(ဗမာ့သွေး)တို့ပွဲ၌ ရဲထက်စိုးက အလဲထိုးဖြင့်အနိုင်ရခဲ့ပြီး ငြိမ်းချမ်း(ဖီးနစ်ကလပ်)နှင့် စိုးမိုးနိုင် (AMT) တို့ပွဲတွင် စိုးမိုးနိုင်က အနိုင်ရခဲ့ကာ ရွှေကျား(စစ်ကိုင်း)နှင့် ရွှေဝင်းမောင်(AMT) တို့ပွဲ၌ ဒုတိယအချီ ၁ မိနစ် ၄၉ စက္ကန့်တွင် ရွှေဝင်းမောင်ဘယ်လိုမှ ဆက်လက်ယှဉ်ပြိုင်ထိုးသတ်နိုင်စွမ်း မရှိတော့သဖြင့် ရွှေကျားကို အလဲထိုးဖြင့်အရှုံးပေးလိုက်ရသည်။ နိုင်ဝင်းထွန်း (ရာမညအားမာန်)နှင့် လင်းယဉ်သွေး(စစ်ကိုင်း) တို့ပွဲတွင်မူ သုံးချီပြည့်သည်အထိ အရှုံး၊ အနိုင်မပေါ်ခဲ့၍ သရေဖြင့် ပြီးဆုံးခဲ့သည်။

ယနေ့ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများကို ဂျပန်နိုင်ငံ Manda အားဖြည့်အစားအစာကုမ္ပဏီက အဓိကကူညီပံ့ပိုးပေးထားခြင်းဖြစ်ပြီး မျိုးဆက်သစ် အားကစားသမားများ အဓိကပေါ်ထွက်ရေးရည်ရွယ်ကာ မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ဦးဆောင်ကြီးမှူးကျင်းပပေးခြင်းဖြစ်ပြီး လာမည့် ဇွန် ၃ ရက် မွန်းလွဲ ၂ နာရီတွင်လည်း အဆိုပါ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ပင် သုံးချီပွဲ၊ လေးချီပွဲများနှင့် ငါးချီအထူးစိန်ခေါ်ပွဲများကို (ရုံဝင်ကြေးအခမဲ့) ထပ်မံကျင်းပပေးသွားမည်ဖြစ်ကြောင်း မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ထံမှ သိရသည်။



**သထုံမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနနှင့် မွန်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့ပူးပေါင်း၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဟောပြောပွဲအား ဝင်းစိန်အလယ်ရွာ ဘုန်းတော်ကြီးကျောင်း၌ မေ ၂၈ ရက်က ကျင်းပရာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာန မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းမောင် ဟောပြောဆွေးနွေးစဉ်** နန္ဒကျော်စွာ

# ပထမအကြိမ်မြောက် ဇိုမီးအနုပညာရှင်လူငယ်များ၏ ဂီတပွဲတော်စည်ကားစွာကျင်းပ




**ကလေး မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ ဇိုမီးဂီတဝါသနာရှင်လူငယ်အဖွဲ့က ကြီးမှူးဦးဆောင်လျက် ကလေးမြို့နယ်ရှိ ဇိုမီးဂီတပါရမီရှင်များအပြင် ပြည်တွင်းပြည်ပရှိ ဇိုမီးလူငယ် ဂီတပါရမီရှင်များအား ဖိတ်ခေါ်၍ GFORCE 2017 ဟူသည့် ခေါင်းစဉ်ဖြင့် ပထမအကြိမ်မြောက် ဇိုမီးအနုပညာရှင်လူငယ်များ၏ ဂီတပွဲတော် (Zomi Guitar Festival)ကို မေ ၂၇ ရက် ည ၇ နာရီခွဲက ကလေးမြို့ တပ်ဦးသီတာရပ်ကွက် ဂါလီလဲခန်းမ(Galiee Hall)အတွင်း စည်ကားစွာကျင်းပသည်။

အဆိုပါဂီတပွဲတော်တွင် အနယ်နယ်အရပ်ရပ်မှ လူငယ်တေးဂီတအဖွဲ့ ၁၀ ဖွဲ့ ပါဝင်ကြပြီး မိမိအဖွဲ့အလိုက် သံစုံတီးဝိုင်းဖြင့် လိဒ်ဂီတာ(LeadGuitar)လက်စွမ်းပြတီးခတ်ခြင်း၊ သံပြိုင်တီးခတ် သီဆိုခြင်းများဖြင့် ဂီတအနုပညာစွမ်းရည်ကိုယ်စီပြသကြရာ ဂီတဝါသနာရှင်မိဘပြည်သူအများအပြား စိတ်ဝင်စားစွာကြည့်ရှုအားပေးကြသည်။

“ကလေးမြို့အတွက် ထူးထူးခြားခြား ပထမဆုံးအကြိမ်ဆိုတော့ ဂီတဝါသနာရှင်တွေအနေနဲ့လည်း ရင်ခုန်စိတ်လှုပ်ရှားစွာစောင့်မျှော်နေကြသလို၊ ဂီတပါရမီရှင်တွေရဲ့လက်သံပြောင်မြောက်တဲ့ဖျော်ဖြေတီးခတ်မှုတွေကို မျက်ဝါးထင်ထင်မြင်တွေ့ရတော့ အမြင်ဆန်းပြီး ပွဲတော်ကြီးကို အမှန်တကယ်အသိအမှတ်ပြုကြပါတယ်။ ဂီတသမားတွေ တစ်ဦးနဲ့တစ်ဦး ခင်မင်ရင်းနှီးမှုရှိပြီး စည်းစည်းလုံးလုံးနဲ့ အနုပညာလမ်းကြောင်းကို လက်တွဲလျှောက်လှမ်းသွားကြစေဖို့ ဝါသနာရှင်မိဘပြည်သူတွေရဲ့ တောင်းဆိုမှုအရ အခါအားလျော်စွာ အခုလိုမျိုးပွဲတော်ကို ဆက်လက်စီစဉ်ကျင်းပနိုင်ဖို့ ကြိုးစားသွားမှာပါ”ဟု ဂီတပွဲတော်ဖြစ်မြောက်ရေးတာဝန်ခံ ကိုဂင့်ပီးက ပြောသည်။

“အခုလို ကျွန်တော်တို့ဂီတာတီးခတ်ကြတာဟာ တော်လို့၊ တတ်လို့၊ ကျွမ်းကျင်လွန်းလို့မဟုတ်ပါဘူး။ အနိုင်၊ အရှုံးဆိုပြီး ယှဉ်ပြိုင်ကြတာလည်း မဟုတ်ပါဘူး။ နောင်လာနောက်သားတွေ ဂီတအနှစ်သာရနဲ့ရော ကြားဆရာ၊ မြင်ဆရာ၊ သင်ဆရာအနေနဲ့ပါ အနာဂတ်လူငယ်တွေကို လမ်းပြလက်တွဲခေါ်ယူချင်လို့ပါ။

လူငယ်တွေ ကိုယ်တတ်ကျွမ်းတဲ့ ပညာနဲ့လေလွင့်မသွားဘဲ စည်းကမ်းပြည့်ဝတဲ့ဂီတသမားကောင်းတွေ ပေါ်ပေါက်လာစေချင်တဲ့ အဓိကရည်ရွယ်ချက်တစ်ခုပါ။ အခုလိုမျိုးပွဲမှာ ကိုယ်တိုင်တေးသံစဉ်တွေနဲ့အတူ ပျော်ရွှင်စရာပွဲတစ်ပွဲပါဝင်ဆင်နွှဲခွင့်ရလို့ အလွန်ဂုဏ်ယူပါတယ်”ဟု ဂီတပွဲတော်ဖြစ်မြောက်ရေးအဖွဲ့ဝင်နှင့် ပါဝင်တီးခတ်သူ လိဒ်ဂီတာသမား ကိုမွှောင်မွှောင်က ပြောသည်။

အဆိုပါဂီတပွဲတော်တွင် မြင်ဆရာ၊ ကြားဆရာ၊ သင်ဆရာအဖြစ် မျိုးဆက်သစ်လူငယ်လူရွယ်များကို အနုပညာတေးဂီတဖြင့် ယနေ့အထိ လမ်းပြလက်တွဲခေါ်ဆောင်လျက်ရှိသော ကိုယ်တိုင်သီဆိုတီးခတ်သူ၊ သက်ရှိထင်ရှားဝါရင့်ဆရာကြီး ဦးပုမ်ဇဒါးလ်အား ဂုဏ်ပြုလက်ဆောင်နှင့်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ချင်းတွင်းသား**

# မိုးရာသီဘဏ်ချေးငွေပေးအပ်

**ကလော မေ ၂၈**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်အတွင်းရှိ တောင်သူများအတွက် မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မိုးရာသီ ဘဏ်ချေးငွေပေးအပ်ပွဲကို မေ ၂၅ ရက် နံနက် ၁၁ နာရီက အဆိုပါဘဏ်ရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ ဦးကျော်ကျော်က ဘဏ်ချေးငွေထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစောဘာရီက စိုက်ပျိုးရေးနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကလောမြို့နယ်အတွင်းရှိ နောင်ရဲ၊ ဝက်ဖြူရေ၊ အောင်ပန်းကျေးရွာအုပ်စု သုံးအုပ်စုမှ တောင်သူ ၁၁၇ ဦး၊ စပါး ၅၀၅ ဧကအတွက် မိုးသီးနှံဘဏ်ချေးငွေကျပ် ၇၅ ဒသမ ၇၅ သန်း ထုတ်ချေးပေးခဲ့သည်။

ဆက်လက်၍ ကလောမြို့နယ်အတွက် ငွေကျပ် ၁၂၂၃ ဒသမ ၂၀ သန်း၊ ပင်လောင်းမြို့နယ်အတွက် ငွေကျပ် ၃၉၅ ဒသမ ၄၅ သန်းနှင့် ဖယ်ခုံမြို့နယ်အတွက် ငွေကျပ် ၇၀၄ ဒသမ ၃၀ သန်း တောင်သူများအား စိုက်ပျိုးချိန်အမီထုတ်ချေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# နိုင်ငံရေးကဏ္ဍခေါင်းစဉ်အောက်ရှိ အချက် ၁၂ ချက် သဘောတူညီမှုရ “ခွဲမထွက်ရ”ဟူသည့် စကားရပ်နှင့်ပတ်သက်၍ အကြိတ်အနယ်ဆွေးနွေး

**တွေ့ဆုံမေးမြန်း - တင်မောင်လွင်၊ ဇင်ဦး၊ ဓာတ်ပုံ - မောင်မွှေး**

နေပြည်တော် မေ ၂၈

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ(ဒုတိယအစည်းအဝေး)ရလဒ်များကို အတည်ပြုဆုံးဖြတ်မည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ MICC- 2 တွင် ကျင်းပသည်။

ယနေ့ အစည်းအဝေးတွင် ညီလာခံအတွင်းကဏ္ဍအလိုက် ဆွေးနွေးခဲ့ရသည့် အကြောင်းအရာ ၄၁ ချက်ကို ပြန်လည်သုံးသပ်ဆွေးနွေးအတည်ပြုကြရာ နိုင်ငံရေးကဏ္ဍခေါင်းစဉ်အောက်ရှိ အချက် ၁၂ ချက်ကို ယနေ့အစည်းအဝေး၌ သဘောတူညီမှုရရှိထားကာ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် “ခွဲမထွက်ရ”ဟူသည့် စကားရပ်နှင့်ပတ်သက်၍ အကြိတ်အနယ် ဆွေးနွေးအဖြေရှာကြလျက်ရှိသည်။ ယနေ့ ဆွေးနွေးချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) အစည်းအဝေးတက်ရောက်သူများအား မြန်မာ့အလင်းသတင်းအဖွဲ့က မေးမြန်းခဲ့ရာ -


ဦးဇော်ဒွေး


ခွန်မြင့်ထွန်း


ပဒိုစောကွယ်ထူးဝင်း


ဦးထန်နင်ကီး


စောကျော်ညွန့်


ဦးလှမောင်ရွှေ

**ဦးလှမောင်ရွှေ**
**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု**
**ပူးတွဲကော်မတီ(UPDJC)**
**အတွင်းရေးမှူးအဖွဲ့ဝင်**

ဒီနေ့မနက်ပိုင်းမှာတော့ နိုင်ငံရေးကဏ္ဍခေါင်းစဉ်တစ်ခုတည်းကိုပဲ ဦးတည်ပြီးတော့ ဆွေးနွေးခဲ့ပါတယ်။ သဘောတူတဲ့ အချက်တွေအများကြီးရှိပါတယ်။ တချို့စကားလုံးကွဲလွဲမှုတွေတော့ ရှိတာပေ့ါ။ အဲဒါတွေကို ညှိနှိုင်းနေတာဖြစ်ပါတယ်။ နိုင်ငံရေးခေါင်းစဉ်အောက်က အချက် ၁၂ ချက်ကတော့ သဘောတူညီမှုရပါတယ်။

**ခွန်မြင့်ထွန်း**
**ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ**
**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု**
**ပူးတွဲကော်မတီ(UPDJC)**
**အတွင်းရေးမှူးအဖွဲ့ဝင်**

နိုင်ငံရေးကဏ္ဍနဲ့ပတ်သက်ပြီး ဆွေးနွေးမှုတွေ သဘောတူနိုင်ပြီ။ နောက်ထပ်လည်း ထပ်ပြီးတော့ ကျွန်တော်တို့ ဆွေးနွေးဦးမယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ နိုင်ငံရေးဆွေးနွေးပွဲဆိုတာ မရှိဖူးသေးဘူး။ နှစ်ပေါင်း ၇၀ နီးပါး အင်အားသုံးဖြေရှင်းမှုတွေကိုပဲ အခြေခံခဲ့တယ်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ မဆွေးနွေးဖူးသေးဘူး၊ မဖြေရှင်းဖူးသေးဘူး။ ဒီလိုညီလာခံကျင်းပလို့ ကျွန်တော်တို့ ဆွေးနွေးကြတဲ့အခါမှာ အကျေအလည် ဆွေးနွေးကြရမယ်။ အကြိတ်အနယ်ဆွေးနွေးကြရမယ်။ သူ့ဘက်ကိုယ့်ဘက် သဘောထားတွေနဲ့ ဆွေးနွေးကြရမယ်။ အဲဒီလို ကျေကျေလည်လည် ဆွေးနွေးမှလည်း ကျွန်တော်တို့က ခိုင်မာတဲ့ဆုံးဖြတ်ချက်တွေရမယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီနေ့အစည်းအဝေးထိုင်တယ်၊ တစ်ခါတည်းပြီးရမယ်ဆိုတာမျိုး မဟုတ်ပါဘူး။ လွယ်လွယ်ကူကူရတဲ့ဆုံးဖြတ်ချက်တွေဆိုတာကလည်း ခိုင်ခိုင်မာမာဖြစ်ဖို့ ခဲယဉ်းပါတယ်။ ဒါကြောင့်မို့ မီဒီယာကတစ်ဆင့် ပြည်သူလူထုကို ရှင်းရှင်းလင်းလင်းတင်ပြချင်တာက အခုနေအခါမှာ အချို့သော ဆွေးနွေးချက်တွေကို ကျွန်တော်တို့ သဘောတူနိုင်တယ်။ အချို့ဆွေးနွေးချက်တွေကတော့ သဘောတူညီမှု မရသေးဘူး။ မရတာတွေကို ဆက်ပြီးတော့ ဆွေးနွေးမယ်။

ညီလာခံတစ်ခုတည်း၊ တစ်ကြိမ်တစ်ခါတည်းနဲ့ ပြီးမှာ မဟုတ်ဘူး။ သို့သော် ဘယ်လိုပဲဖြစ်ဖြစ် **ကျွန်တော်တို့ တိုင်းပြည်ရဲ့တိုးတက်လာမှုက နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ အကြိတ်အနယ်ဆွေးနွေးရတာ ကောင်းတယ်။ စစ်မြေပြင်မှာ တစ်ယောက်နဲ့ တစ်ယောက် ကျည်ဆန်တွေနဲ့ ပစ်နေကြတာထက် စားပွဲဝိုင်းမှာ မိမိရဲ့အယူအဆအရ အတွေးအမြင်တွေနဲ့ ဆွေးနွေးညှိနှိုင်းကြတာ ပိုကောင်းပါတယ်။ အဲဒီလမ်းကြောင်းပေါ်ကို ရောက်သွားပြီလို့ ကျွန်တော်ကတော့ ထင်ပါတယ်။**

ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာမှာ ခွဲမထွက်ရေးဆိုတာနဲ့ ပတ်သက်ပြီးတော့ ဒီတစ်ခေါက်အစည်းအဝေးမှာ ဆက်ပြီးတော့ မဆွေးနွေးတော့ဘူး။ ဒီနောက်ပိုင်းမှာ ကျင်းပမယ့် ဒေသအလိုက် နိုင်ငံရေးဆွေးနွေးပွဲတွေနဲ့ **UPDJC** အစည်းအဝေးတွေမှာပဲ ခွဲမထွက်ရေးဆိုတာထက် အတူတကွ ပေါင်းစည်းနေထိုင်ရမယ်ဆိုတာမျိုး ပိုပြီးတော့ အပြုသဘောဆောင်တဲ့ ခိုင်မာတဲ့စကားရပ်ကို ရွေးချယ်ပြီးတော့ ဆွေးနွေးနေပါတယ်။

အတူတကွ ပေါင်းစည်းနေထိုင်ရေးဆိုတာကိုတော့ သဘောတူထားကြတယ်။ တူပြီးသားအမြင်တွေအပေါ်မှာ စကားလုံးတွေခိုင်မာမှုကို လိုချင်တယ်။ အဲဒီလိုလိုချင်တဲ့ အတွက်ကြောင့် ကျွန်တော်တို့ အလှဆုံးစကားလုံး ဘယ်လိုရွေးချယ်မလဲ။ ကျွန်တော်တို့က တစ်သက်လုံးမခွဲပါဘူးလို့ ပြောတာထက်စာရင် တစ်သက်လုံးအတူ ပေါင်းစည်းကြမယ်ဆိုတဲ့ အပြုသဘောဆောင်တဲ့ ဆွေးနွေးမှုတွေနဲ့ စကားရပ်ကို ရွေးချယ်ဖို့ ညှိနှိုင်းနေပါတယ်။ အမြင်ကတော့တူတယ်၊ ဒါပေမယ့် ခံစားပုံ ခံစားနည်းကတော့ကွာတယ်။ ဥပမာပြောရမယ်ဆိုလို့ရှိရင် တပ်မတော်က ဗိုလ်ချုပ်ကြီးတွေနဲ့ ကျွန်တော်တို့ ကြီးပြင်းလာတာက ဖက်ဒရယ်မှုဆိုတာက ခွဲထွက်ရေးဆိုတဲ့ အမြင်အယူအဆနဲ့ပဲ ကြီးပြင်းလာတာ ဖြစ်ပါတယ်။

အခုဖက်ဒရယ်ဆိုတာကို ပေါင်းစည်းရေးဖြစ်တယ်ဆိုတာ လက်ခံလာတယ်။ ကျွန်တော်တို့ တိုင်းရင်းသားတွေထဲမှာကျတော့ ကျွန်တော်တို့ခွဲထွက်မယ်ဆိုတာ ဘယ်တုန်းကမှ ပြောခဲ့တာမရှိဘူး။ ဘယ်တုန်းကမှလည်း မလုပ်ခဲ့ဘူး။ ဒါကြောင့် ကျွန်တော်တို့ရဲ့ အမြင်မှာကတော့ ထည့်စရာ မလိုဘူးလို့ မြင်တယ်။ ခွဲမထွက်ရဆိုတဲ့ စကားလုံးမျိုးကို ကျွန်တော်တို့က လက်ခံပေးလိုက်ရင် ကျွန်တော်တို့မှာလည်း မိမိတို့ရဲ့ သက်ဆိုင်ရာ တိုင်းရင်းသားတွေရဲ့ သမိုင်းကြောင်းတွေရှိတယ်။ ပင်လုံသမိုင်းကြောင်းမှာလည်းရှိတယ်။ အဲဒီသမိုင်းကြောင်းတွေမှာ ကျွန်တော်တို့ရဲ့ သိက္ခာကို အနည်းနဲ့ အများထိပါးသလို ခံစားရတဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့တွေ အကောင်းဆုံးစကားလုံးကို ရှာဖို့လိုတဲ့အတွက် ဒီစကားရပ်နဲ့ ပတ်သက်ပြီး ဆက်ပြီးတော့ မဆွေးနွေးသေးတာပါ။ နိုင်ငံရေး ဆွေးနွေးမှုဆိုတာမှာ ဆွေးနွေးလို့မရရင် ရပ်ထားမယ်။ ပြီးရင် နောက်ပြန်စဉ်းစားမယ်၊ ဆက်ဆွေးနွေးမယ် ဒါပဲ။ လွယ်လွယ်ကူကူနဲ့ ဆွေးနွေးပြီး လွယ်လွယ်ကူကူ သဘောတူကြတာ ကောင်းတဲ့အမြင်မဟုတ်ပါဘူး။ အကြိတ်အနယ် ဆွေးနွေးပြီးရတဲ့ ရလဒ်တွေက ပိုခိုင်မာပါတယ်။

**ပဒိုစောကွယ်ထူးဝင်း**
**ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု**
**ပူးတွဲကော်မတီ(UPDJC)**
**ဒုတိယဥက္ကဋ္ဌ**

ဒီနေ့ နိုင်ငံရေးကဏ္ဍခေါင်းစဉ်အောက်က ဆွေးနွေးမှုမှာ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာမှာ ခွဲမထွက်ရဆိုတဲ့မှုနဲ့ ပတ်သက်ပြီးတော့ ဒီတစ်ခေါက်အစည်းအဝေးမှာ ဆက်ပြီးတော့ မဆွေးနွေးဖြစ်ဘူးဆိုတာက ဖက်ဒရယ်တည်ဆောက်တယ်ဆိုကတည်းက ပူးပေါင်းတယ်။ မခွဲထွက်ဘူးဆိုတဲ့ သဘော။ ဒါကိုမှ မခွဲထွက်ရဘူးဆိုတဲ့ စကားလုံးကို လက်ခံလို့ မရဘူးပေ့ါ။ နှစ်ဖက်လက်ခံနိုင်တဲ့ စကားလုံးမရှိဘူး။ ဒါကြောင့်မို့ ဆက်ပြီးတော့ မဆွေးနွေးသေးတာပေ့ါ။ အဲဒါကိုတော့ နောက် ဒေသအလိုက်၊ သက်ဆိုင်ရာအစုအဖွဲ့အလိုက် ဆွေးနွေးမှုတွေကနေပြီးတော့ ပြန်ပြီးတော့ နောက်တစ်ကြိမ် ငြိမ်းချမ်းရေးညီလာခံတွေမှာ ဆက်ပြီးဆွေးနွေးရမှာပေ့ါ။ အဲဒီကနေ တစ်ဆင့်မှ အဆင့်ဆင့် ဒီမူလစကားလုံး ဒါမှမဟုတ် အခြားသင့်တော်တဲ့ စကားလုံးကို ဆွေးနွေးသဘောတူပြီးမှ လုပ်ငန်းကော်မတီကနေ အဆိုပြုလွှာတင်ပြီး UPDJC အစည်းအဝေးတွေမှာ နောက်တစ်ကြိမ် ဆွေးနွေးကြရမှာပေ့ါ။ အခုအတည်ပြုထားတဲ့ဟာတွေကိုတော့ ဆက်ပြီးဆွေးနွေးမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေး process ကတော့ ဆက်ပြီးတော့သွားနေမှာပါ။

**ဦးထန်နင်ကီး**
**ချင်းအမျိုးသားတပ်ဦး ဒုတိယဥက္ကဋ္ဌ -၃**

ကျွန်တော်တို့ ဒီနေ့ နိုင်ငံရေးကဏ္ဍမှာ သဘောတူထားတာကတော့ များပါတယ်။ အဓိကကတော့ အားလုံးသဘောတူထားတာကတော့ ဖက်ဒရယ်ပြည်ထောင်စု ဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်ဖို့ကတော့ အားလုံးသဘောတူပြီးသားရှိပါတယ်။ ဒီနေ့ဆွေးနွေးမှုနဲ့ ပတ်သက်ပြီး ပြောရရင် ပထမပင်လုံညီလာခံတုန်းကတော့ သဘောထားအမြင်တွေ တင်ပြမှုအဆင့်လောက်သာရှိတယ်။ အခုကျတော့ အချက်အလက်တွေနဲ့ ညှိနှိုင်းပြီးမှ ဆွေးနွေးရတဲ့အတွက်ကြောင့် တိုးတက်မှုတော့ ရှိပါတယ်။ ဒါပေမယ့် အချိန်ကလည်း တိုတောင်းတယ်ဆိုတော့ သဘောတူညီမှုက တချို့အချက်တွေရပြီး တချို့လည်းမရသေးတဲ့အတွက်ကြောင့် နောက်ဆက်လက်ကျင်းပမယ့် ညီလာခံတွေမှာ ထပ်မံဆွေးနွေးရမယ်လို့ မြင်ပါတယ်။

နိုင်ငံရေးကဏ္ဍပြီးမှ ကျန်တဲ့ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်နှင့် လုံခြုံရေးစတဲ့ ကဏ္ဍလေးရပ်ကို အကျေအလည်ဆွေးနွေးသွားမယ်။ အဓိက မြစ်ဖျားခံနေတာက နိုင်ငံရေးမှာ ဖြစ်နေတာဖြစ်တဲ့အတွက် နိုင်ငံရေးကဏ္ဍမှာ သောင်တင်နေတဲ့ဟာတွေကို ဆက်လက်ဆွေးနွေးဖို့ ရှိပါသေးတယ်။ နောက်တစ်ခုက မခွဲထွက်ရေးမှုပါ။

ကျွန်တော်တို့ မခွဲထွက်ရေးမှုနဲ့ ပတ်သက်ပြီး အငြင်းအခုံဖြစ်နေတဲ့အချိန်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ အကြံပေးမှုက အင်မတန်မှ ပညာသတိရှိတယ်လို့ ခံယူပါတယ်။ အငြင်းအခုံဖြစ်နေတဲ့အချိန်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အခုဆွေးနွေးရင်လည်း အဖြေထွက်မယ့် ကိစ္စမဟုတ်တဲ့အတွက်ကြောင့် နောက်မှပဲ အချိန်ယူဆွေးနွေးမယ်ဆိုပြီး အဆုံးသတ်ခဲ့တယ်။

**စောကျော်ညွန့်**

ဒီနေ့အစည်းအဝေးမှာ နိုင်ငံရေးကဏ္ဍအနေနဲ့ သဘောတူချက်တွေကတော့ အားလုံးပြီးသွားပါပြီ။ နိုင်ငံရေးကဏ္ဍမှာ အားလုံး အချက် ၂၁ ချက်ထဲမှာတော့ တစ်ဝက်ကျော်ကျော် သဘောတူကြတယ်။ တချို့အချက်တွေကျတော့ အခုလောလောဆယ် သဘောမကျသေးလို့ ဆက်လက်ဆွေးနွေးသွားဖို့ လုပ်ထားတာတွေရှိတယ်။ အချက်တော်တော်များများက အများအားဖြင့် သဘောတူညီကြပါတယ်။ သဘောတူညီမှုတွေကို UPDJC ရဲ့နိုင်ငံရေးဆွေးနွေးမှုမူဘောင်မှာပါတဲ့အတိုင်း ဒီညီလာခံကနေ သဘောတူညီမှုရတဲ့ အချက်တွေကို စာချုပ်ချုပ်ဆိုဖို့ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။

**ဦးဇော်ဒွေး**
**ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု**
**ပူးတွဲကော်မတီ(UPDJC)**
**အတွင်းရေးမှူးအဖွဲ့ဝင်**

ဖက်ဒရယ်မှာ အဓိကအဖြစ်က ကျွန်တော်တို့နိုင်ငံမှာ အစဉ်အလာရှိတယ်။ ဖက်ဒရယ်ဆိုတာနဲ့ ကျွန်တော်တို့ ၁၉၆၂ ခုနှစ် အာဏာသိမ်းမှုဖြစ်တယ်။ ဒါက ဖက်ဒရယ်နဲ့ စပ်တာပေ့ါ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အားလုံးရဲ့ စိတ်ထဲမှာ ဖက်ဒရယ်ဆိုတာ ခွဲထွက်ရေးဆိုတဲ့ အမြင်တွေ ရှိတယ်။

အခုနောက်ပိုင်းမှာမှ ဖက်ဒရယ်ဆိုတာ ပေါင်းစည်းရေးဆိုတာလက်ခံလာတယ်။ ဒါလည်းတကယ်ကို လေ့လာတော့မှ သိတာပေ့ါ။ သို့သော် ကျွန်တော်တို့ ပြည်သူတွေ စိတ်ထဲမှာရော၊ တပ်မတော်ရော၊ အစိုးရရော အားလုံးက စိုးရိမ်ပူပန်စိတ် ရှိကြတယ်။ အကယ်၍ ဒီဟာကြောင့် ကျွန်တော်တို့ ပြည်ထောင်စု အစိတ်စိတ်အပိုင်းပိုင်း ဖြစ်သွားမလားပေ့ါ။ ပြီးခဲ့တဲ့ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ပထမအကြိမ် အစည်းအဝေးမှာလည်း စာတမ်းတွေဖတ်ကြတယ်။ ဖတ်တဲ့အခါမှာလည်း အမျိုးမျိုးသဘောထားတွေ ရှိတယ်။ အဲဒီအပေါ်မှာလည်း ပြည်သူတွေက စိုးရိမ်မှုရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ -(၂၁)ရာစုပင်လုံရဲ့အဓိကရည်ရွယ်ချက်က ပြည်ထောင်စုကြီးကို မကွဲမပျက်ဘဲနဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ဖို့ ဖြစ်ပါတယ်။ အဲဒီမှာမှ အဓိကလိုချင်တာက ခွဲမထွက်ရဘူးဆိုတဲ့ဟာလေးပေ့ါ။ ဒီအာမခံချက်က သမိုင်းရဲ့သင်ခန်းစာအရ ထည့်တာဖြစ်ပါတယ်။ အများရဲ့စိုးရိမ်ပူပန်မှုတွေကို ဖြေဖျောက်ဖို့ ထည့်တာဖြစ်ပါတယ်။ ဒီဟာကိုပေးနိုင်တယ်ဆိုရင် တစ်ဖက်မှာရှိတဲ့ ကိုယ်ပိုင်ယုံကြည်မှု ကိုယ်ပိုင်ပြဋ္ဌာန်းချက် ဒါတွေကိုပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီနေ့အစည်းအဝေးမှာ အထူးပဲစိတ်မကောင်းဖြစ်ရပါတယ်။ အချို့ဆို တော်တော်လေးကို ဒါကို တောင်းတောင်းပန်ပန်နဲ့ ပြောကြပါတယ်။ အဓိကကတော့ သက်ဆိုင်ရာအစုအဖွဲ့ပေ့ါ။ အချို့က ဒါကို Commitment မပေးနိုင်ဘူး။ ဒါကို ကျွန်တော်တို့က လက်မခံနိုင်ဘူး။ လက်မခံနိုင်တဲ့အတွက် ကျွန်တော်တို့ ရှေ့ဆက်လို့မရတော့ဘူး။ မရတော့တဲ့အတွက် ဒီ“ခွဲမထွက်ရ”ဆိုတဲ့ ခေါင်းစဉ်ကို ဒီညီလာခံမှာ ချန်ထားခဲ့တာ ဖြစ်ပါတယ်။

# မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ဖို့အတွက် ကျွန်တော်တို့ အစွမ်းကုန်ကူညီပံ့ပိုးနေပါတယ်

## မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခြင်း

**ဘာသာပြန်- သာစိန်၊ ကျော်ထိုက်စိုး**

The Global New Light of Myanmar တွင် မေ ၂၈ ရက်က ဖော်ပြပါရှိသည့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ ဝိခရမ်မစ်ဆာရီနှင့် တွေ့ဆုံမေးမြန်းမှုများကို ဘာသာပြန်ဆိုဖော်ပြအပ်ပါသည်။

**မေး။ ။ အဆွေတော်အနေနဲ့ အိန္ဒိယနဲ့ မြန်မာနိုင်ငံအကြား အပြန်အလှန်ဆက်ဆံရေးမှာ အဓိက ဦးစားပေးအချက်ကို ပြောပြနိုင်မလား။**

ဖြေ။ ။ ကျွန်တော်တို့အနေနဲ့ လောလောဆယ်မှာ အိန္ဒိယနဲ့ မြန်မာနိုင်ငံအကြား အပြန်အလှန်ဆက်ဆံရေးကို အလေးထားနေတဲ့အချိန်ဖြစ်ပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲအပြီး အသွင်ကူးပြောင်းရေး တည်တည်ငြိမ်ငြိမ်၊ ချောချောမွေ့မွေ့၊ အေးအေးချမ်းချမ်း ဖြစ်သွားခဲ့တာ ကျွန်တော်တို့ အလွန်ဝမ်းမြောက်ပါတယ်။ ဒါကလည်း ရှေ့ဆက်သွားမယ့် အစီအစဉ်တစ်ရပ်လို့ထင်ရပြီး နိုင်ငံရေးပါတီ၊ အရပ်ဘက်လူ့အဖွဲ့အစည်း၊ အင်စတီကျူးရှင်းနဲ့ တပ်မတော်ဘက်တာဝန်ရှိသူများပါဝင်တဲ့ သက်ဆိုင်သူအားလုံးကို ကျေးဇူးတင်ရှိပါတယ်။

ဘာကြောင့်လဲဆိုတော့ သူတို့တစ်တွေဟာ ကဏ္ဍတစ်ခုစီမှာ ပါဝင်ခဲ့ကြလို့ပါပဲ။ အခုအချိန်အခါမှာတော့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီဟာ ကနဦးအဆင့်၌သာ ရှိနေသေးတာမို့ နုနယ်သေးတယ်လို့ ထင်ပါတယ်။ ဒီမိုကရေစီသို့ ကူးပြောင်းနေဆဲ မြန်မာနိုင်ငံအနေနဲ့ ထိုအသွင်ကူးပြောင်းရေး အစဉ်အလာများထဲက တချို့ကို ပြန်လည်ရှာဖွေနေရဆဲဖြစ်လို့ ကျွန်တော်တို့အနေနဲ့လည်း အကူအညီပေးဖို့အသင့်ပါပဲ။ ကမ္ဘာပေါ်မှာအကြီးမားဆုံး ဒီမိုကရေစီနိုင်ငံဖြစ်ပြီး မိမိနိုင်ငံအတွင်းမှာသာမက အခြားသော ဒေသဆိုင်ရာနိုင်ငံများအတွက်ပါ ဒီမိုကရေစီဖော်ဆောင်ရာမှာ အောင်မြင်အောင် ကူညီပံ့ပိုးနိုင်ခဲ့တဲ့ မိမိတို့အိန္ဒိယနိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီဖော်ဆောင်ရေးမှာ ကူညီပံ့ပိုးမှုတွေများစွာ လုပ်ဆောင်နိုင်မယ်လို့ ယုံကြည်ပါတယ်။

ကျွန်တော်တို့ရဲ့ ဒုတိယဦးစားပေးက မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ပြန်လည်ဦးမော့လာဖို့အတွက် အကူအညီ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုကနေတစ်ဆင့် ပါဝင်ဆောင်ရွက်သွားမှာပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာ့စီးပွားရေးရေစီးကြောင်းကနေ ကာလအတန်ကြာဝေးကွာခဲ့ပြီးတဲ့နောက် အခုလို နိုင်ငံတကာစီးပွားရေးရေစီးကြောင်းထဲ ပြန်လည်ဝင်ရောက်လာချိန်မှာ အာရှဒေသမှာ လျင်မြန်စွာစီးပွားရေးဖွံ့ဖြိုးတိုးတက်နေတဲ့ အိန္ဒိယနိုင်ငံအနေနဲ့ မိမိတို့စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဆင့်ဆင့်ကျော်လွှားခဲ့ရတဲ့ အခက်အခဲနဲ့ အတွေ့အကြုံပေါ်အခြေခံပြီး မြန်မာနိုင်ငံကို ကူညီပံ့ပိုးဖို့ အကောင်းဆုံးအနေအထားမှာရှိနေပါတယ်။ ကျွန်တော်တို့ရဲ့ တတိယဦးစားပေးကတော့ လုံခြုံရေးမြှင့်တင်ဖို့ပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ နှစ်ပေါင်းများစွာကြာခဲ့တဲ့ ပြည်တွင်းစစ်နဲ့ တွေ့ကြုံခဲ့ရပါတယ်။ ကံဆိုးတယ်လို့ ပြောရမလားပဲ၊ နိုင်ငံရဲ့အချို့ဒေသတွေမှာ တိုက်ပွဲတွေ ဖြစ်ပွားနေဆဲပါပဲ။ ဒါကြောင့်မို့လည်း မြန်မာအစိုးရဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ခဲ့ပြီး အဲ့ဒီလုပ်ငန်းစဉ်အောင်မြင်ဖို့အတွက် ကျွန်တော်တို့အစွမ်းကုန် ကြိုးပမ်းလုပ်ဆောင်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံရဲ့ အေးချမ်းတည်ငြိမ်မှုနဲ့ သာယာဝပြောမှုဟာ မြန်မာပြည်သူတွေအတွက်ချည်းပဲ အကျိုးရှိတာမဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံများအတွက်ပါ အကျိုးရှိစေတာဖြစ်လို့ပါ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ အရေးကြီးဆုံးနဲ့ အကြီးမားဆုံး ဦးစားပေးမှုဟာ မြန်မာနိုင်ငံရဲ့ လုံခြုံရေး ခိုင်မာကောင်းမွန်မှုဖြစ်ပါတယ်။ အဲ့ဒါမှသာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်မှာဖြစ်ပါတယ်။

**မေး။ ။ အစိုးရသစ်အနေနဲ့ နိုင်ငံ့တာဝန်ကိုတစ်နှစ်ကျော် ထမ်းဆောင်ခဲ့ပြီးဖြစ်တယ်။ အဲ့ဒါနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအပေါ် အဆွေတော်ရဲ့အမြင်ကို သိချင်ပါတယ်။**

ဖြေ။ ။ ၂၀၁၅ရွေးကောက်ပွဲရလဒ်နဲ့အတူ ဒီမိုကရေစီအရ ရွေးကောက်တင်မြှောက်တဲ့ အစိုးရတစ်ရပ်တက်လာတာ တွေ့မြင်ရလို့ အိန္ဒိယကနေ ကျွန်တော်တို့ အလွန်ဝမ်းမြောက်ရပါတယ်။ မြန်မာအစိုးရအနေနဲ့



မစ္စတာ ဝိခရမ်မစ်ဆာရီ

ဒီမိုကရေစီအစိုးရအဖြစ် အသွင်ကူးပြောင်းခြင်းနဲ့အတူ သက်တမ်းတစ်နှစ်ပြည့်ခဲ့ပါပြီ။ အဲ့ဒီကာလအတွင်းမှာ ဖွံ့ဖြိုးတိုးတက်မှုတွေရှိသလို စိန်ခေါ်မှုတွေလည်း ရှိခဲ့ပါတယ်။ ပြည်သူတွေ မျှော်လင့်ချက်ကြီးမားတဲ့အချိန်မှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို လုပ်ဆောင်နေရတဲ့ အစိုးရတစ်ရပ်အနေနဲ့ အခက်အခဲများစွာနဲ့ ရင်ဆိုင်နေရမယ်ဆိုတာ ငြင်းလို့မရပါဘူး။ ပြည်သူ့အသံကို နားထောင်ရခြင်း၊ ဝေဖန်မှုကို လက်ခံရခြင်းဆိုတဲ့ ပွင့်လင်းတဲ့လူ့အဖွဲ့အစည်းကြီးမှာ အသွင်ကူးပြောင်းရေးလုပ်ရတာ ကြီးမားတဲ့ စိန်ခေါ်မှုပါ။ ဒီဟာတွေဟာ လွယ်ကူမယ်လို့ မထင်ပါဘူး။ ဒီမိုကရေစီဆိုတာ သစ်ဖောင်တစ်ခုနဲ့တူပါတယ်။ လှိုင်းပေါ်မှာ ပေါ်လိုက်ပျောက်လိုက်နဲ့ ရေပေါ်မှာ အမြဲရှိနေပါတယ်။ သစ်ဖောင်က စည်းထားတဲ့သစ်တွေဟာ နိုင်ငံရေးပါတီ၊ အရပ်ဘက်လူ့အဖွဲ့အစည်း၊ အစိုးရမဟုတ်သော လူ့အဖွဲ့အစည်းနဲ့ တပ်မတော်ကလူတွေအားလုံးပါဝင်တဲ့ လူ့အဖွဲ့အစည်းတစ်ခုလိုပဲ စုပေါင်းထားတာဖြစ်ပါတယ်။ စုစည်းချည်နှောင်ထားတဲ့ ကြိုးတွေဟာ အင်စတီကျူးရှင်း၊ တရားဥပဒေစိုးမိုးရေး၊ လွတ်လပ်သောတရားစီရင်ရေး၊ လွတ်လပ်သောမီဒီယာတွေပါပဲ။ ထိုကြိုးတွေကနေ Stakeholder ဆိုတဲ့ သစ်ဖောင်ကို ချည်နှောင်ထားပြီး သစ်ဖောင်နစ်မြုပ်မသွားအောင် လုပ်ဆောင်ပေးပါတယ်။ အသွင်ကူးပြောင်းရေးကာလကြာနိုင်တဲ့အတွက် နေ့ချင်းညချင်း ချောချောမောမောဖြစ်လာလိမ့်မယ်လို့ မျှော်လင့်လို့မရပါဘူး။ အဘက်ဘက်က ကျရောက်လာတဲ့ စိန်ခေါ်မှုတွေကို မြန်မာပြည်သူတွေက အကောင်းဆုံးခံနိုင်ရည်နဲ့ ရင်ဆိုင်နေကြတယ်လို့ ကျွန်တော်ထင်ပါတယ်။ အနာဂတ်မှာလည်း စိန်ခေါ်မှုတွေနဲ့ ထပ်မံကြုံရမယ်ဆိုတာ ယုံမှားသံသယမရှိပါဘူး။ ယင်းစိန်ခေါ်မှုတွေ ရင်ဆိုင်ရတာ၊ စိန်ခေါ်မှုတွေ ရင်ဆိုင်ဖို့ အရင်းအမြစ်ရှိနေတာတွေဟာ အရေးကြီးတယ်လို့ ကျွန်တော်ထင်ပါတယ်။ ကျွန်တော်တို့အမြင်အရ ပြောရရင်၊ ယင်းစိန်ခေါ်မှုတွေ ဘယ်လိုရင်ဆိုင်မလဲဆိုတဲ့ ဆုံးဖြတ်ချက်ချဖို့ရာ မြန်မာပြည်သူတွေနဲ့ ရွေးကောက်ခံကိုယ်စားလှယ်တွေရဲ့ အပေါ်မှာ မူတည်ပါတယ်။ သို့သော်လည်း ပြင်ပကလူတွေဖြစ်နေတဲ့ ကျွန်တော်တို့အနေနဲ့ မြန်မာပြည်သူတွေ စိန်ခေါ်မှုတွေ ရင်ဆိုင်နေကြရချိန်မှာ ကူညီပံ့ပိုးနိုင်ပြီး မြန်မာပြည်သူတွေနဲ့အတူ အမြဲတမ်းလက်တွဲနေမှာ ဖြစ်ပါတယ်။

**မေး။ ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်နေတဲ့ကာလမှာ မြန်မာအစိုးရအတွက် အဓိက စိန်ခေါ်မှုတွေဟာ ဘာတွေဖြစ်လိမ့်မလဲ။**

ဖြေ။ ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ မြန်မာအစိုးရအတွက် အလွန်အရေးကြီးတဲ့ ဦးစားပေးကိစ္စတစ်ရပ်ပဲဖြစ်ပါတယ်။ နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်မယ်ဆိုရင် ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဟာ မရှိမဖြစ်လိုအပ်ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဦးစားပေးဖော်ဆောင်ခြင်းဟာ မှန်ကန်တယ်လို့ ကျွန်တော်ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နှစ်ပေါင်း ၇၀ ကျော်အထိ မြန်မာပြည်သူတွေဟာ ငြိမ်းချမ်းရေးအတွက်နဲ့ လုံးပန်းနေခဲ့ရလို့ပါ။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် ချုပ်ဆိုရာမှာ အိန္ဒိယက သက်သေအဖြစ် တက်ရောက်ခဲ့တဲ့အတွက် မိမိတို့အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးမှာ အစွမ်းကုန်ပါဝင်နေပါတယ်။

အရှေ့ပိုင်းနဲ့ မြောက်ပိုင်းနယ်စပ်ဒေသတွေမှာ တိုက်ပွဲတွေ ပြတ်တောင်းပြတ်တောင်းဖြစ်နေရတာကို မြင်ရလို့ မိမိတို့အနေနဲ့ အခြားသူတွေလိုပဲ စိတ်မကောင်းဖြစ်မိပါတယ်။ ထိုပစ်ခတ်တိုက်ခိုက်မှုတွေရပ်စဲပြီး လူတိုင်းလူတိုင်း ဆွေးနွေးပွဲ စားပွဲပေါ် ပြန်လည်ရောက်ရှိကြမယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။ စားပွဲဝိုင်းမှာထိုင်ပြီး ပြဿနာကို ဒူးတိုက်ဆွေးနွေးနိုင်တဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ တွေ့ဆုံကြခြင်းထက် ဒီပြဿနာတွေကို ဖြေရှင်းနိုင်တဲ့နည်းလမ်းရှိမှာမဟုတ်ပါဘူး။ လူတိုင်းလူတိုင်း တွေ့ဆုံဆွေးနွေးပွဲပါ အချက်အလက်တွေကို သဘောတူလက်ခံနိုင်မယ့် အခြေအနေအထိ ရောက်ရှိလာကြမယ်လို့ ကျွန်တော်တို့မျှော်လင့်ပါတယ်။ ဒီငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရင်တော့ ကျွန်တော်တို့ အလွန်ဝမ်းမြောက်ရမှာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံနဲ့ ထိစပ်နေတဲ့ မြန်မာနိုင်ငံရဲ့ နယ်စပ်ဒေသအများစုဟာ အေးချမ်းလျက်ရှိနေပါတယ်။ နယ်စပ်ဒေသမှာရှိတဲ့ ခြိမ်းခြောက်မှုတွေကို စိုးရိမ်စရာမလိုတဲ့အတွက် အလွန်ကောင်းမွန်ပါတယ်။ မြန်မာ နိုင်ငံဘက်ခြမ်းမှာ ခိုလှုံနေတဲ့ အိန္ဒိယသောင်းကျန်းသူတွေ ရှိနေသေးတဲ့အတွက် ကျွန်တော်တို့ဘက်ကလည်း စိုးရိမ်မှုအချို့ ရှိနေပါတယ်။ သို့သော်လည်းပဲ ထိုအခြေအနေတွေကို ကိုင်တွယ်ဖို့ မြန်မာအာဏာပိုင်များနဲ့ ကောင်းမွန်တဲ့ လုပ်ထုံးလုပ်နည်းတွေကို ချမှတ်ထားပါတယ်။ မြန်မာ့မြေပေါ်မှာ အိန္ဒိယနိုင်ငံကို ဆန့်ကျင်တဲ့ လှုပ်ရှားမှုတွေကိုခွင့်ပြုမှာ မဟုတ်ကြောင်း မြန်မာအာဏာပိုင်တွေကပေးတဲ့ အာမခံချက်အပေါ် ကျွန်တော်တို့ ကြိုဆိုပါတယ်။ အခုငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ မြန်မာနယ်စပ်တစ်လျှောက်မှာ အခြေစိုက်လှုပ်ရှားနေတဲ့ အုပ်စုတွေအပေါ်မှာလည်း အကျုံးဝင်တယ်လို့ ကျွန်တော်တို့မျှော်လင့်ပါတယ်။ အခုတော့ (၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး) ကျင်းပနေပြီဖြစ်တဲ့အတွက် နောက်ထပ် အောင်မြင်မှုအချို့ ရလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အဲ့ဒါမှသာလျှင် မြန်မာပြည်သူတွေဟာ အေးချမ်းတဲ့အနာဂတ်တစ်ရပ်ကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။

**မေး။ ။ အိန္ဒိယနိုင်ငံက ရင်းနှီးမြှုပ်နှံသူတွေ စိတ်ဝင်စားနိုင်တဲ့ ကုန်သွယ်ရေးနဲ့ စီးပွားရေးလုပ်ငန်းတွေအကြောင်း ဆွေးနွေးလိုပါတယ်။ လွန်ခဲ့တဲ့ သုံး၊ လေးနှစ်က မြန်မာနိုင်ငံက ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ကုမ္ပဏီတွေနဲ့ အိန္ဒိယနိုင်ငံက ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ကုမ္ပဏီတွေပိုပြီး ဆက်သွယ်မှုရှိလာတယ်ဆိုတာ ဟုတ်ပါသလား။ ပုဂ္ဂလိကကဏ္ဍအချင်းချင်း ချိတ်ဆက်မှုအရေးပါပုံနဲ့ မြန်မာနိုင်ငံမှာ အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်တွေ စိတ်ဝင်စားတဲ့ စီးပွားရေးလုပ်ငန်းအမျိုးအစားကို သိချင်ပါတယ်။**

ဖြေ။ ။ အိန္ဒိယနိုင်ငံက ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်တွေဟာ မြန်မာနိုင်ငံမှာ ထိတွေ့ဆက်ဆံမှုတွေ မြှင့်တင်ဖို့ ပိုပြီးစိတ်ဝင်စားလာတာကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့နှစ် အောက်တိုဘာလက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အိန္ဒိယနိုင်ငံကိုရောက်ရှိလာစဉ် နယူးဒေလီမှာ ကျင်းပတဲ့ အခမ်းအနားတစ်ခုမှာ အိန္ဒိယ စက်မှုလုပ်ငန်းက အကြီးအကဲတချို့နဲ့တွေ့ဆုံခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း မကြာသေးမီက အိန္ဒိယနိုင်ငံကိုရောက်ရှိခဲ့ချိန်မှာ အိန္ဒိယနိုင်ငံမှာရှိတဲ့ ကုန်သည်ကြီးများအသင်းက ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံပြီး အိန္ဒိယနိုင်ငံမှာရှိတဲ့ အကျိုးစီးပွားဖော်ဆောင်ဖို့အတွက် ဆွေးနွေးခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ ရင်းနှီးမြှုပ်နှံဖို့ နေရာတစ်ခုအဖြစ် စိတ်ဝင်စားခဲ့သလို မြန်မာနိုင်ငံမှာ လာရောက်ဖို့ စိတ်ဝင်စားကြတဲ့အတွက်လည်း ကျွန်တော် အံ့ဩရပါတယ်။ သူတို့တွေစိတ်ဝင်စားကြတဲ့ အကြောင်းအရင်းကလည်း ထင်ရှားစွာရှိနေပါတယ်။ မြန်မာနိုင်ငံဟာ ကြီးမားသော ဈေးကွက်တစ်ရပ်နဲ့အတူ ထုတ်ယူအသုံးမပြုရသေးတဲ့ သယံဇာတတွေများစွာရှိနေတဲ့ နိုင်ငံဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံမှုပြုမယ်ဆိုရင် စတင်ရင်းနှီးမြှုပ်နှံတဲ့နှစ်ပိုင်းအတွင်းမှာပဲ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်မယ်လို့ မျှော်လင့်နိုင်ပါတယ်။ အခြေခံအဆောက်အအုံ၊ စွမ်းအင်မလုံလောက်မှုဆိုတဲ့ အခက်အခဲအချို့တို့ရှိပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေပိုပြီး စိတ်ဝင်စားမှုရှိလာအောင် မြန်မာအစိုးရအနေနဲ့ မျှတမှုရှိတဲ့မူဝါဒနဲ့ စည်းမျဉ်း၊ စည်းကမ်းတွေ ချမှတ်နိုင်လိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။

အိန္ဒိယ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ သီလဝါအထူးစီးပွားရေးဇုန်မှာ စီးပွားရေးလုပ်ငန်းစက်ရုံတွေ၊ ဓာတ်မြေသြဇာစက်ရုံတွေ တည်ဆောက်ခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ နှစ်ပေါင်းများစွာ ကူးသန်းရောင်းဝယ်ရေးလုပ်နေတဲ့ အိန္ဒိယကုမ္ပဏီများလည်း ရှိပါတယ်။ ကုန်သွယ်မှုအဆင့်ကနေ ရင်းနှီးမြှုပ်နှံမှုအဆင့်သို့ ရောက်ရှိအောင် လုပ်ဆောင်ကြဖို့နဲ့ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ကြဖို့ ဖော်ပြပါ အိန္ဒိယကုမ္ပဏီများကို ကျွန်တော်ကိုယ်တိုင် တိုက်တွန်းအားပေးခဲ့ပါတယ်။ အဲ့ဒီ ကုမ္ပဏီတွေထဲက အချို့ဟာ မြန်မာနိုင်ငံရဲ့ သီးခြားကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံဖို့ လုပ်ဆောင်နေကြပါပြီ။ နှစ်ဦးနှစ်ဖက် အကျိုးစီးပွားအတွက် ကျွန်တော်တို့ များများစားစား ပံ့ပိုးနိုင်တဲ့ ကဏ္ဍတွေကတော့ စွမ်းအင်၊ ပို့ဆောင်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနဲ့ အသက်မွေးဝမ်းကျောင်းဆိုင်ရာတွေ ဖြစ်ပါတယ်။ စွမ်းအင်တို့လိုကဏ္ဍတွေမှာ လုပ်ငန်းအချို့ ဖော်ဆောင်ခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်လည်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတွေမှာ ကျွန်တော်တို့ အောင်မြင်မှုအများကြီး ရနေပါပြီ။

မြန်မာနိုင်ငံဟာ ခရမ်းလွန်ရောင်ခြည် အမြင့်ဆုံးရှိတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့်မို့ နေရောင်ခြည်စွမ်းအင်နဲ့ ပတ်သက်ရင် ရွှေတွင်းတစ်တွင်းပေါ်မှာ ထိုင်နေတယ်လို့ ပြောလို့ရပါတယ်။ နိုင်ငံရဲ့သုံးပုံတစ်ပုံဟာ မဟာဓာတ်အားလိုင်းနဲ့ ချိတ်ဆက်နိုင်မှုမရှိတာဖြစ်လို့ နေရောင်ခြည်စွမ်းအင်ကို ဖော်ဆောင်နိုင်တာနဲ့အမျှ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် လည်း ရရှိလာမှာဖြစ်ပါတယ်။ နေရောင်ခြည်စွမ်းအင်ဟာ ဝေးလံတဲ့ ကျေးလက်ဒေသကပြည်သူတွေအတွက် အဖြေ တစ်ခုပါပဲ။ ထို့အတူ ရေအားလျှပ်စစ်စွမ်းအင်ကဏ္ဍမှာလည်း ပူးပေါင်းဆောင်ရွက်ဖို့ နှစ်နိုင်ငံအကြားဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံက ကျန်းမာရေးနဲ့ပညာရေးကဏ္ဍမှာတော့ အိန္ဒိယနိုင်ငံမှာရှိတဲ့ ကမ္ဘာ့အဆင့် ကုမ္ပဏီကြီးတွေကနေ အတွေ့အကြုံမျှဝေပြီး အောင်မြင်မှုတွေဖော်ဆောင်နိုင်မယ့် နယ်ပယ်တွေပဲဖြစ်ပါတယ်။ သတင်းနည်းပညာနဲ့ အင်္ဂလိပ်စာသင်ကြားရေးကဲ့သို့သော စွမ်းရည်တည်ဆောက်ရေးနဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်သင်တန်းတွေနဲ့အတူ မြန်မာနိုင်ငံမှာ အင်စတီကျူးရှင်းတွေ စတင်တည်ဆောက်ပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ အခြေခံအဆောက်အအုံများစွာ လိုအပ်နေတဲ့အတွက် လာမယ့်အခြေခံအဆောက်အအုံ တည်ဆောက်ရေးမှာ မြန်မာအစိုးရနဲ့ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်လိုပါတယ်။

**မေး။ ။ နှစ်နိုင်ငံအကြားဆက်ဆံရေးမှာ အကြီးမားဆုံး စိန်ခေါ်မှုက ဘာဖြစ်မလဲ။ ဥပမာ နယ်စပ်လုံခြုံရေး၊ ရာဇဝတ်မှုတွေ၊ တရားမဝင် ရွှေ့ပြောင်းသွားလာသူတွေ ဒါမှမဟုတ် တစ်စုံတစ်ခုဟာမျိုးပေါ့။**

ဖြေ။ ။ နယ်စပ်တစ်လျှောက်က စိန်ခေါ်မှုတွေကို လေ့လာကြည့်မယ်ဆိုရင် ကျွန်တော်တို့နှစ်နိုင်ငံက ကီလိုမီတာ ၁၆၀၀ ရှိတဲ့ အလွန်ရှည်လျားတဲ့ နယ်နိမိတ်ချင်း ထိစပ်နေပြီး မူးယစ်ဆေးဝါး၊ လူမှောင်ခိုကူးမှုနဲ့ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုပြဿနာတွေက နယ်စပ်မှာ သေချာပေါက်ရှိနေပါတယ်။ ကောင်းတဲ့အချက်ကတော့ ဒီပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းဖို့ လုပ်ထုံးလုပ်နည်းတွေ ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ နယ်စပ်နှစ်ဖက်စလုံးမှာရှိတဲ့ နယ်ခြားစောင့်တပ်ဖွဲ့တွေအကြား ကောင်းမွန်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ရှိနေပါတယ်။ ဒီပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းဖို့ လုပ်ထုံးလုပ်နည်းတွေ ချမှတ်ဆောင်ရွက်ဖို့ နယ်ပယ်အချို့မှာ ကျွန်တော်တို့ သဘောတူညီထားတာတွေလည်း ရှိပါတယ်။ ဒါတွေဟာ အလွန်ရှည်လျား တဲ့နယ်စပ်တစ်လျှောက် တစ်နိုင်ငံတည်းက ကိုင်တွယ်ဖြေရှင်းလို့မရပေမယ့် ကျွန်တော်တို့အတွက် သဘောတရားနဲ့ဆိုင်တဲ့ အကျပ်အတည်းတစ်ခုအဖြစ် သတ်မှတ်ရမှာဖြစ်ပါတယ်။ အိန္ဒိယ-မြန်မာနယ်စပ်ဟာ မြန်မာနိုင်ငံရဲ့ တည်ငြိမ်အေးချမ်းမှု အရှိဆုံးနယ်စပ်ဖြစ်ပြီး နှစ်နိုင်ငံစလုံးအနေနဲ့ ဒီပြဿနာတွေကို ထိန်းချုပ်ဖို့နဲ့ ကြိုတင်တားဆီးဖို့ အားထုတ်ကြိုးပမ်းသင့်ပါတယ်။

စိန်ခေါ်မှုတွေအကြောင်း ဆွေးနွေးတာထက် အိန္ဒိယနဲ့မြန်မာကြား နောက်ထပ်စိန်ခေါ်မှုအကြောင်း ကျွန်တော်ပြောချင်ပါတယ်။ အဲဒါကတော့တစ်နိုင်ငံနဲ့တစ်နိုင်ငံ အမုန်တကယ်ကို

*စာမျက်နှာ ၇ သို့*

# ဘင်္ဂလားပင်လယ်အော်အတွင်းရှိ မုန်တိုင်းငယ်နှင့်ပတ်သက်ပြီး ကြိုတင်ကာကွယ်မှုများဆောင်ရွက်နိုင်ရန် မောင်တောမြို့တွင် သတိပေးနှိုးဆော်

**မောင်တော မေ ၂၈**

ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်လျက်ရှိသော မုန်တိုင်းငယ်နှင့်ပတ်သက်ပြီး မုန်တိုင်းအန္တရာယ်ကျရောက်လာပါက ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်နိုင်ရန် ယနေ့မွန်းလွဲပိုင်းက မောင်တောမြို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်ဖြင့် မောင်တောမြို့တွင်း လူစည်ကားရာ နေရာများနှင့် ရပ်ကွက်များအတွင်း လိုက်လံသတိပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။

မောင်တောမြို့ မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးရဲလင်းအောင်က "မုန်တိုင်းကျရောက်လာရင် ကယ်ဆယ်ရေးလုပ်ငန်းတွေ အချိန်မီဆောင်ရွက်နိုင်ဖို့ ရှာဖွေကယ်ဆယ်ရေးအဖွဲ့တွေ ဖွဲ့စည်းထားပါတယ်။ ဒီမှာရှိတဲ့ ကယ်ဆယ်ရေးပစ္စည်းတွေနဲ့ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းတွေ ဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်" ဟု ပြောသည်။

ထို့အတူ မောင်တောခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း မြို့တွင်းလူစည်ကားရာနေရာများတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ထုတ်ဝေသည့် မုန်တိုင်းဘေးပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေလျက်ရှိကြောင်းသိရသည်။

အဆိုပါ ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်လျက်ရှိသော မုန်တိုင်းငယ်သည် ရခိုင်ပြည်နယ်မြောက်ပိုင်း ကမ်းရိုးတန်း/ကမ်းလွန်ဒေသများသို့ မေ ၂၈ ရက်မှ ၃၁ ရက်အတွင်း ဝင်ရောက်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မေ ၂၈ ရက် နံနက် ၁၀ နာရီတိုင်းတာချက်များအရ သိရသည်။

မောင်တောမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှလည်း ဖြစ်ပေါ်နေသည့် မုန်တိုင်းသတင်းနှင့်ပတ်သက်ပြီး ပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်နှင့် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်နိုင်ရန် မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများထံမိုဘိုင်းဖုန်း၊ Viber မှတစ်ဆင့် အသိပေးအကြောင်းကြားထားကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းကလည်း မောင်တောမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် မြို့ပေါ်ရှိ ဌာနဆိုင်ရာများပါဝင်သည့် မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကြီးကြပ်မှု ကော်မတီကလည်း မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်ပြီး ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်နိုင်ရန် အစည်းအဝေးကျင်းပခဲ့သည်။

**သတင်း-မင်းသစ် (MNA)၊ ဓာတ်ပုံ-ရဲထွဋ်**




မောင်တောဈေးအတွင်း ပြည်သူအများ သိရှိရန် သဘာဝဘေးအန္တရာယ် သတိပေးနှိုးဆော်နေစဉ်

# သောက်သုံးရေနှင့် အသက်ကယ်အင်္ကျီများလှူဒါန်း

**ပုဏ္ဏားကျွန်း မေ ၂၈**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ကျေးလက်ဒေသအချို့တွင် သောက်သုံးရေ အခက်အခဲ အနည်းငယ်ဖြစ်ပေါ်လျက်ရှိရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် မြို့နယ်ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများ ပူးပေါင်းပါဝင်ကာ အဓိကလိုအပ်နေသောသောက်သုံးရေနှင့် ဒေသခံပြည်သူများ၏ အခြားလိုအပ်ချက်များကို စွမ်းအားရှိသမျှ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ထိုသို့ သောက်သုံးရေများကို ဖြန့်ဝေလှူဒါန်းရာတွင် မြို့ပေါ်နေပြည်သူများအား ပေးဝေနေသောဂူဝကန်တော်ကြီးရေနှင့် မြို့ပေါ်ရှိ သောက်သုံးရေကန်များမှ ရေများကို မော်တော်ကား၊ မော်တော်ဘုတ်များဖြင့် အဆင်ပြေသလို နေ့စဉ် သွားရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

မေ ၂၇ ရက်က မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးဝင်းဌေးနှင့်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သန့်ဇင်တို့ပူးပေါင်းပြီး တောဖျားချောင်းဒေသ ရခိုင်ဂန့်ဂါကျေးရွာသို့ သွားရောက်ကာ သောက်သုံးရေများနှင့် ရေလမ်းခရီးဖြင့် ကျောင်းတက်နေရသော အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများအတွက် Life Jacket အသက်ကယ်အင်္ကျီများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သူ(ပြန်/ဆက်)**

# ရပ်ကွက်နှင့်ကျေးရွာအုပ်စုများသို့ မုန်တိုင်းသတိပေးနှိုးဆော်ချက်များပြုလုပ်

**တောင်ပြိုလက်ဝဲ မေ ၂၈**

မောင်တောမြောက်ပိုင်းဒေသ တောင်ပြိုလက်ဝဲမြို့ဧရိယာအတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများသို့ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ယနေ့ မွန်းလွဲ ၂ နာရီခန့်မှ စတင်၍ မုန်တိုင်းသတိပေးနှိုးဆော်ချက်များ ပြုလုပ်ခဲ့ကြသည်။

ထိုသို့ သတိပေးနှိုးဆော်ရာတွင် မေ ၂၉ ရက်မှ မေ ၃၀ ရက်အတွင်း တစ်နာရီလျှင် မိုင် ၁၂၀ နှုန်းဖြင့် ပြင်းထန်သည့် လေမုန်တိုင်းအဖြစ် ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း၊ ငါးဖမ်း စက်လှေ၊ လောင်းလှေများ ပင်လယ်ပြင်၊ မြစ်ချောင်းအင်းအိုင်များသို့ ထွက်ခွာခြင်းမပြုကြရန်၊ ဘေးကင်းလုံခြုံသည့် နေရာများသို့ ကြိုတင်ပြောင်းရွှေ့နေထိုင်နိုင်အောင် စီစဉ်ဆောင်ရွက်ထားကြရန်၊ အန္တရာယ်ရှိသည့် အဆောက်အအုံအတွင်း နေထိုင်ခြင်းများ မပြုလုပ်ကြရန်စသည့် မုန်တိုင်းအန္တရာယ် သတိပေးချက်များအား ပြည်သူအများသိရှိစေပြီး ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး၏ ကြီးကြပ်မှုဖြင့် ကြိုတင်နှိုးဆော်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

မေ့လျော့နေတဲ့အရာကို ပြန်ရှာဖွေရမယ့် ကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့နှစ်နိုင်ငံဟာ သမိုင်းကြောင်း၊ ပထဝီအနေအထား၊ စာပေ၊ ဘာသာရေး၊ ထုံးတမ်းအစဉ်အလာ၊ ယဉ်ကျေးမှု၊ အစားအသောက်မှာသာမက မျက်မှောက်ကာလမှာလည်း ကိုလိုနီစနစ်ကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံနဲ့ လွတ်လပ်ရေးရရှိဖို့ တိုက်ပွဲဝင်ခဲ့ရမှုနဲ့ ရုန်းကန်ခဲ့ရမှုတွေမှာ အလွန်ကိုနီးကပ်မှုရှိခဲ့ပါတယ်။ နှစ်နိုင်ငံစလုံးမှာ ဖြစ်ပွားခဲ့တဲ့ ဖြစ်ရပ်တွေအတွက် အကြောင်းပြချက်အချို့ပေးရမယ်ဆိုရင် အထူးသဖြင့် တံခါးပိတ်ပြီး ထီးတည်းဖြစ်ခဲ့တဲ့ မြန်မာနိုင်ငံကြောင့် ကျွန်တော်တို့အချင်းချင်းကြား ဆက်သွယ်မှုအချို့ မရှိခဲ့ဘူးလို့ထင်ပါတယ်။ ကျွန်တော်တို့ ပြန်လည်ဆက်သွယ်မှုတွေပြုလုပ်ပြီး ကျွန်တော်တို့နှစ်နိုင်ငံဟာ ဘယ်လောက်အထိ အမှန်တကယ် နီးကပ်မှုရှိတယ်ဆိုတာ နောက်တစ်ကြိမ်ရှာဖွေဖို့ လိုအပ်ပါတယ်။ ဒါကို ပြည်သူအချင်းချင်းဆက်သွယ်မှု အရှိန်မြှင့်တင်ပြီး နှစ်နိုင်ငံစလုံးမှာရှိတဲ့ လူ့အဖွဲ့အစည်းတွေက ပါဝင်ပတ်သက်သူတွေအကြား ဆက်သွယ်မှုနယ်ပယ်တွေ တိုးမြှင့်ဖို့ကြိုးပမ်းခြင်းအားဖြင့် လုပ်ဆောင်နိုင်ပါတယ်။ ဒီလို လုပ်ဆောင်နိုင်မယ်ဆိုရင် အခြားစိန်ခေါ်မှုတွေအားလုံးကို ကိုင်တွယ်ဖြေရှင်းဖို့ လွယ်ကူလာမယ်လို့ ကျွန်တော်ထင်ပါတယ်။

**မေး။ ။ နှစ်နိုင်ငံဆက်ဆံရေးအတွက် အိန္ဒိယ အစိုးရမှာ သီးသန့်အစီအစဉ်တစ်ရပ်ရှိပါသလား။ မြန်မာနိုင်ငံရဲ့ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်မှာ အိန္ဒိယအစိုးရက ဘယ်လို ပံ့ပိုးကူညီနိုင်ပါသလဲ။**

ဖြေ။ ။နှစ်နိုင်ငံအကြားဆက်ဆံရေးအရဆိုရင် မြန်မာနိုင်ငံနဲ့ အိန္ဒိယနိုင်ငံရဲ့ဆက်ဆံရေးဟာ အလွန်ကို ကောင်းမွန်တဲ့ မိတ်ဖက်ဆက်ဆံမှုဖြစ်ခဲ့ပါတယ်။ အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံကို ပံ့ပိုးကူညီခဲ့တဲ့ ဖွံ့ဖြိုးရေးအကူအညီက အမေရိကန် ဒေါ်လာ ၁ ဒသမ ၇၅ ဘီလီယံနီးပါး ရှိပါတယ်။ ဒီဖွံ့ဖြိုးရေး အကူအညီတွေမှာ မြေပြင်အကူအညီကနေတစ်ဆင့် ငွေကြေးပံ့ပိုးခဲ့တဲ့ စီမံကိန်းတွေနဲ့ အတိုးနှုန်း အလွန်ကိုသက်သာတဲ့ ချေးငွေတွေကတစ်ဆင့် ငွေကြေးပံ့ပိုးခဲ့တဲ့ စီမံကိန်းတွေပဲဖြစ်ပါတယ်။ တည်ဆောက်မှု ပြီးစီးသွားပြီဖြစ်တဲ့ စစ်တွေနဲ့ ပလက်ဝက ဆိပ်ကမ်းတွေပါဝင်တဲ့ ကုလားတန်ဘက်စုံ သယ်ယူပို့ဆောင်ရေးစီမံကိန်း (Kaladan Multi-Modal Transit Transport Project) ကဲ့သို့သော မြန်မာနိုင်ငံမှာ လုပ်ဆောင်လျက်ရှိတဲ့ သိသာထင်ရှားတဲ့ ဖွံ့ဖြိုးရေးစီမံကိန်းတွေ များစွာရှိပါတယ်။ မြန်မာနိုင်ငံ ပလက်ဝကနေ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် နယ်စပ်က Zorinpui လို့ခေါ်တဲ့ နေရာတစ်ခုကို ဆက်သွယ်မယ့် လမ်းမကြီးတစ်ခုတည်ဆောက်ဖို့ ပထမအဆင့် ကန်ထရိုက်စာချုပ်ကို ကျွန်တော်တို့ ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ တစ်ချိန်မှာ လုပ်ငန်းအပြည့်အဝ လည်ပတ်လာပြီဆိုရင် ဒီသယ်ယူပို့ဆောင်ရေးစင်္ကြံမှာ စီမံကိန်းဖြတ်သန်းသွားရာ ရခိုင်နဲ့ ချင်းပြည်နယ်တွေရဲ့ စီးပွားရေးအခင်းအကျင်းကို ပြောင်းလဲပေးမယ့် စွမ်းပကားရှိမယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီပြည်နယ်နှစ်ခုဟာ မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးမှုအနည်းဆုံး ပြည်နယ်တွေဖြစ်တဲ့အတွက် ဒီသယ်ယူပို့ဆောင်ရေး စင်္ကြံကြောင့် ဖြစ်ပေါ်ရရှိလာမယ့် ဖွံ့ဖြိုးတိုးတက်ရေး အလားအလာကတော့ အလွန့်အလွန်ကြီးမားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီစီမံကိန်းက တိုက်ရိုက်ရော၊ တိုက်ရိုက်မဟုတ်တဲ့နည်းနဲ့ရော အလုပ်အကိုင်တွေ ဖန်တီးပေးမှာဖြစ်လို့ပါ။ ဒါပေမယ့် ပိုပြီးအရေးကြီးတာက စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နဲ့ ရခိုင်ပြည်နယ်တွေကဲ့သို့သော ပြည်နယ်တွေအတွက် သူတို့ရဲ့ပို့ကုန်တွေကို စစ်တွေကနေ တင်ပို့နိုင်တော့မှာဖြစ်ပါတယ်။ ကိုလ်ကတ္တားဆိပ်ကမ်းဟာ စစ်တွေကနေ ၅၄၀ ကီလိုမီတာပဲ ဝေးပါတယ်။ ကုလားတန်ဘက်စုံ သယ်ယူပို့ဆောင်ရေးစီမံကိန်းဟာ မြန်မာနိုင်ငံမှာ ကျွန်တော်တို့ အကောင်အထည်ဖော်ဆောင်နေတဲ့ စီမံကိန်းတွေထဲက သိသာထင်ရှားဆုံး စီမံကိန်းတစ်ခုဖြစ်မယ်လို့ ကျွန်တော်ထင်ပါတယ်။

အာရှအဝေးပြေးလမ်းမကြီးကို အထောက်အကူဖြစ်စေဖို့ အိန္ဒိယ၊ မြန်မာနဲ့ ထိုင်းနိုင်ငံကြား သုံးနိုင်ငံအဝေးပြေးလမ်းမကြီးကိုလည်း ကျွန်တော်တို့ ဆောင်ရွက်နေပြီး လုပ်ဆောင်ဆဲစီမံကိန်းတွေရှိပါတယ်။ ကျွန်တော်တို့ တမူး-ကလေး လမ်းမကြီးပေါ်က တံတား ၆၉ စင်းကို ပြုပြင်နေပြီး အဲဒီလမ်းမကြီးရဲ့ ကလေးဝ-ယာကြီးလမ်းပိုင်းကိုလည်း တည်ဆောက်နေပါတယ်။ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်နဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ ချင်းပြည်နယ်မှာ နယ်စပ်က Rhi ဒေသကို တီးတိန်မြို့နဲ့ဆက်သွယ်ပေးမယ့် လမ်းမကြီးတစ်ခု ကျွန်တော်တို့ဖောက်လုပ်နေပါတယ်။ ကချင်ပြည်နယ်နဲ့ ရခိုင်ပြည်နယ်မှာ အကောင်အထည်ဖော်ဆောင်နေတဲ့ လမ်းမကြီးတွေဖောက်လုပ်မှုမှာလည်း ကျွန်တော်တို့ အကူအညီပေးနေပါတယ်။ လယ်ယာစိုက်ပျိုးရေး၊ ဆက်သွယ်ရေး၊ မီးရထားနဲ့ အခြားစီမံကိန်းတွေမှာလည်း ကျွန်တော်တို့ အကူအညီပေးနေပါတယ်။ နှစ်နိုင်ငံဆက်ဆံရေးကြည့်မယ်ဆိုရင် မြန်မာနိုင်ငံက ကျွမ်းကျင်မှုတိုးတက်ရေးကိုကူညီပေးဖို့ ကျွန်တော်တို့ ကြိုးပမ်းနေပါတယ်။ ကျွန်တော်တို့ မန္တလေးမှာ သတင်းအချက်အလက်နည်းပညာ အင်စတီကျုတည်ထောင်ခဲ့ပြီး လက်ရှိမှာ ဒီပလိုမာအစီအစဉ်အပြင် ငါးနှစ်ကြာ တက်ရောက်ရတဲ့ အိုင်တီအင်ဂျင်နီယာဘွဲ့ကိုလည်း သင်ကြားပေးနေပါတယ်။

ကျွမ်းကျင်စွာ စီမံခန့်ခွဲနိုင်မယ်ဆိုရင် အဲ့ဒီအင်စတီကျုဟာ မြန်မာနိုင်ငံက ဂုဏ်ယူရမယ့် အမျိုးသားအင်စတီကျုတစ်ခုအဖြစ်သာမက ဒေသတစ်ခုလုံးမှာ အကောင်းဆုံး အင်စတီကျုတစ်ခု ဖြစ်လာနိုင်တယ်လို့ ကျွန်တော်ပြောနိုင်ပါတယ်။ အင်္ဂလိပ်စာသင်ကြားမှုနယ်ပယ်မှာလည်း အင်စတီကျုတွေရှိပြီး အိုင်တီစွန့်ဦးဆောင်ရွက်မှုကို ကျွန်တော်တို့ တိုးမြှင့်ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ဆောင်ရွက်နေတဲ့ စီမံကိန်းတွေအများအပြားရှိတဲ့အတွက် အဲဒီစီမံကိန်းတွေက မြန်မာနိုင်ငံအတွက် အလွန်ကိုကျယ်ပြန့်တဲ့ ဖွံ့ဖြိုးရေးအစီအစဉ်တစ်ခုဖြစ်ပြီး နှစ်နိုင်ငံဆက်ဆံရေးရဲ့တစ်စိတ်တစ်ဒေသဖြစ်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနဲ့ စွမ်းအင်ကဲ့သို့သော အရေးပါသောနယ်ပယ်များတွင် ပံ့ပိုးကူညီမှုများပေးနိုင်မယ်လို့ ကျွန်တော်တို့မျှော်လင့်ပါတယ်။ မြန်မာနိုင်ငံရဲ့ လိုအပ်ချက်အချို့ကို ကျွန်တော်တို့ ကူညီပံ့ပိုးပေးနေပါတယ်။ မြန်မာနိုင်ငံမှာလုပ်ဆောင်နေတဲ့ စီးပွားရေးအသွင်ကူးပြောင်းမှုကို ကျွန်တော်တို့ ကူညီပေးနိုင်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံရဲ့ အနာဂတ်နဲ့ပတ်သက်ပြီး လူကြီးမင်းအနေနဲ့ အခုချိန်မှာ ဘယ်လိုမြင်ပါသလဲ။**

ဖြေ။ ။ကျွန်တော်အလွန်ပဲ အကောင်းမြင်ပါတယ်။ သဘာဝအရင်းအမြစ်သာမက လူသားအရင်းအမြစ်ပါ အလွန်ချမ်းသာကြွယ်ဝတဲ့ မြန်မာနိုင်ငံက အခွင့်အလမ်းတစ်ခုကို အစကပြန်ကောက်ဖို့၊ အမျိုးမျိုးသောအရင်းအမြစ်များရဲ့အကျိုးကျေးဇူးရရှိဖို့နဲ့ လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲတွေကို ဖြေရှင်းဖို့ အခွင့်အလမ်းရှိနေတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီစိန်ခေါ်မှုတွေကို ကျွန်တော်ထည့်မတွက်ပေမယ့် တိုင်းပြည်ရဲ့ခေါင်းဆောင်ပိုင်းကတော့ ဒီစိန်ခေါ်မှုတွေကို သတိမူမိမယ်လို့ ကျွန်တော်ထင်ပါတယ်။ သင့်တော်တဲ့ အချိန်ပေးမယ်ဆိုရင် တိုင်းပြည်ရဲ့ခေါင်းဆောင်ပိုင်းက ဒီစိန်ခေါ်မှုတွေကို ကျော်လွှားနိုင်စွမ်းရှိမှာဖြစ်ပြီး တိုင်းပြည်ကို ကမ္ဘာ့အလယ်မှာ ထိုက်တန်တဲ့နေရာမှန်ကို ပြန်လည်ပို့ဆောင်ပေးနိုင်မှာဖြစ်ပါတယ်။

# ဘုရင့်နောင်ပွဲရုံပြောင်းရွှေ့ရန်စီစဉ် သတင်းအပေါ် စိတ်မပူကြရန် ကုန်စည်ဒိုင်ဥက္ကဋ္ဌ ပြောကြား

**ရန်ကုန် မေ ၂၈**

ဘုရင့်နောင်ပွဲရုံတန်း ပြောင်းရွှေ့ရန်စီစဉ်ဆိုသော သတင်းများကြောင့် ပွဲရုံတန်းမှ အထူးသဖြင့် တိုက်ခန်းပိုင်သူများ စိုးရိမ်ပူပန်လျက်ရှိကြသည်။

သို့ဖြစ်၍ ပွဲရုံတန်းရှိ NGO အဖွဲ့မှ ပွဲရုံပိုင်ရှင်များ ဆွေးနွေးညှိနှိုင်းတိုင်ပင်ရန် အထူးအစည်းအဝေးတစ်ရပ်ကို မေ ၂၇ ရက်က ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးသို့ တက်ရောက်လာသူများအနေဖြင့် ယင်းဖြစ်စဉ်အပေါ် မိမိတို့၏ သဘောထားအမြင်အမျိုးမျိုးကို တင်ပြပြောဆိုခဲ့သည်။ ဘုရင့်နောင်ကုန်စည်ဒိုင်သည်စီးပွားရေးအရ အချက်အချာကျသည့်နေရာတွင် တည်ရှိ၍ ကုန်စျေးနှုန်းအတက်အကျကိုပင် ပြုလုပ်နိုင်ခြေရှိသည့်နေရာတစ်ခုဖြစ်သည်။




ဘုရင့်နောင်ပွဲရုံပိုင်ရှင်များ အထူးအစည်းအဝေးကျင်းပရာ တက်ရောက်ကြသူများအား တွေ့ရစဉ်

**ကိုယ့်အားကိုယ်ကိုး**

မြို့တော်စည်ပင်သို့ မြေဖိုးငွေပေးသွင်းကာ မိမိတိုက်မိမိအစီအစဉ်ဖြင့် ဆောက်ခြင်း၊ လမ်းများပြုပြင်ခြင်း၊ လျှပ်စစ်မီးတိုင်များပြောင်းလဲခြင်း၊ မီးသတ်ဌာနသီးသန့်ထားရှိခြင်းနှင့် အမှိုက်သန့်ရှင်းရေးတို့ကို ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ရသည်။ "တခြားဈေးတွေလို မဟုတ်ဘူး။ ကိုယ့်ကွင်းကိုယ်ပဲထိန်းခဲ့ရတာ၊ ဒီဟာတွေကြောင့် လုံးဝစိတ်ပူဖို့မလိုဘူး"ဟု ကုန်စည်ဒိုင်ဥက္ကဋ္ဌ ရပ်မိ ရပ်ဖအဖွဲ့ဝင်နှင့် ကုမ္ပဏီဥက္ကဋ္ဌဖြစ်သူ ဦးခင်ဟန်က ယင်းအစည်းအဝေးတွင် ပြောကြားသည်ဟု သိရသည်။

ပေ (၂၀× ၆၀ )ရှိ တိုက်ခန်းမျိုး နှစ်ခန်းတွဲအဆောက်အအုံပေါင်း ၁၁၀၀ ဝန်းကျင်ရှိကာ အချို့ပုဂ္ဂိုလ်များတွင် တစ်တိုက်သာမက တိုက်အများအပြားပိုင်ဆိုင်ကြရာ ပြောင်းရွှေ့ရန်စီစဉ်ဆိုသော သတင်းကြောင့် စိုးရိမ်ပူပန်ခြင်းများကာ အစည်းအဝေးသို့ တက်ရောက်သူများပြောသည်။

တိုက်ပိုင်အများစုမှာ လုပ်ငန်းလုပ်ကိုင်ခြင်းမရှိတော့ဘဲ အငှားချထားသည်ဟု လမ်းမတော်မြို့နယ်နေ တိုက်ပိုင် ဦးညီက ပြောသည်။

**ငှားရမ်းလုပ်ကိုင်**

ပေ (၂၀ × ၆၀) တိုက်ခန်းတစ်ခန်းလျှင်အရောင်းအဝယ်ဖြစ်သည့် လမ်းအနေအထားပေါ်မူတည်၍ တစ်လလျှင် ငှားရမ်းခအများစုသည် ငွေကျပ် ခုနစ်သိန်းမှ တစ်ဆယ့်ရှစ်သိန်းဝန်းကျင်အထိရှိနေသည်။ အချို့သော စီးလုံးကုန်တင်ကားဂိတ်အချို့မှာ တစ်လငှားခ နှစ်သိန်းဝန်းကျင်သာပေးရသော အပေါ်ထပ်များကို ငှားရမ်းလုပ်ကိုင်ကြသည်။

အချို့မှာမူ ငှားရမ်းမှုမရှိဘဲ လမ်းလျှောက်ကားဂိတ်များလုပ်ကိုင်ကြသည်။ တိုက်ခန်းငှားခ စျေးမြင့်လာခြင်း၊ ယာဉ်ကြောပိတ်တတ်ခြင်းများရှိ၍ နယ်ပို့ကုန်များ အလာများသော မြို့တွင်းနှင့်နီးသည့်သွားလာရေးလွယ်ကူသော လမ်းမတော်၊ အလုံ၊ ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ကမ်းနားလမ်းဟောင်း လမ်းသစ် အပါအဝင် လူနေရပ်ကွက်အတွင်း နယ်ပို့အဝေးပြေးကုန်ကားဂိတ်များ ဖွင့်လှစ်လုပ်ကိုင်နေသည်ကို လိုင်းကားများပေါ်မှ မြင်တွေ့နေရဆဲဖြစ်သည်ဟု လသာမြို့နယ်မှ ဘုရင့်နောင်သို့ အလုပ်လာလုပ်ကိုင်နေသူ ကိုဝင်းဇော်က ပြောသည်။

၁၉၉၀ ပြည့်နှစ်ဝန်းကျင် ရန်ကုန်မြို့တွင်းမှ ယခု ဘုရင့်နောင်နေရာသို့သက်ဆိုင်ရာမှ ပြောင်းရွှေ့ခဲ့ချိန် ကြုံတွေ့ကြားသိရသည့်ဖြစ်စဉ်မျိုးကို နှစ်ပေါင်း ၂၅ နှစ်ဝန်းကျင်အကြာ ယခုအချိန်ပြန်လည်မြင်တွေ့ကြားသိရခြင်းမျိုးဖြစ်နေသည်ဟု ယင်း ၁၉၉၀ ပြည့်နှစ်ဝန်းကျင်ဖြစ်စဉ်ကြုံတွေ့ခဲ့ရသော တိုက်ပိုင်တစ်ဦးက ပြောသည်။

**ဂရန်အားလုံးတစ်ပြေးညီ**

တပ်မတော်ပိုင်မြေနေရာကို နှစ် ၃၀ မြို့တော်စည်ပင်က ငှားရမ်းခဲ့ရာ ၂၀၂၀ တွင် သက်တမ်းစေ့မည်ဖြစ်သည်။ သို့ဖြစ်၍ ဘုရင့်နောင်ပွဲရုံ မြေငှားဂရန် ၂၅ နှစ်သက်တမ်းသည် ၂၀၁၈ မှ ၂၀၂၄ ခုနှစ်အတွင်း သီးခြားစီ အမျိုးမျိုးကုန်ဆုံးမည်ဖြစ်သော်လည်း ဂရန်အားလုံးတစ်ပြေးညီ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ကုန်ဆုံးရန် သက်တမ်းပြင်ဆင်ပေးမည်ဟု အသိပေးထားကြောင်း သိရသည်။ **ခင်ဆိုင်**

# နိုင်ငံလုံးဆိုင်ရာ (၁၈)ကြိမ်မြောက် ဂေါ်ရခါး ဟိန္ဒူ ဓမ္မညီလာခံ ရန်ကုန်မြို့၌ ပထမဆုံးကျင်းပ

**ရန်ကုန် မေ ၂၈**

မြန်မာနိုင်ငံတစ်ဝန်းရှိ တောင်ပေါ်နှင့် မြေပြန့်ဒေသများ၌ နေထိုင်ကြသော ဂေါ်ရခါးလူမျိုးများ၏နိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါး ဟိန္ဒူ ဓမ္မအဖွဲ့ချုပ် (၃၅) နှစ်မြောက် ကျောက်စိမ်းရတုနှင့် (၁၈) ကြိမ်မြောက်ဓမ္မညီလာခံဖွင့်ပွဲကို မေ ၂၇ ရက် ညပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သမိုင်းလမ်းဆုံအနီး လှိုင်မင်္ဂလာခန်းမ၌ ကျင်းပသည်။

ညီလာခံသို့ တက်ရောက်လာကြသော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက (၁၈) ကြိမ်မြောက် ဂေါ်ရခါး ညီလာခံကျင်းပနိုင်ခြင်းအပေါ် ဝမ်းမြောက်စကားပြောကြားကာ မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါး ဟိန္ဒူဓမ္မအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်ဝင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး စာပေဆုများရှင် ချယ်ရီမြေမောင်တင်ထွန်းက ဂေါ်ရခါးလူမျိုးများ၏ နောက်ခံသမိုင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာ - နီပေါ- အင်္ဂလိပ်စာသုံးဘာသာဖြင့် ပုံနှိပ်ထုတ်ဝေထားသော ကဗျာစာအုပ်သစ်အား မိတ်ဆက်ပြီး ဂေါ်ရခါးရိုးရာအကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။

အဆိုပါ မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါး ဟိန္ဒူ ဓမ္မအဖွဲ့ချုပ်ကို ၁၉၈၂ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး ယနေ့အချိန်ထိ ၃၅ နှစ် ကျော်လာပြီဖြစ်ကြောင်း သိရသည်။ ယခုအခါတွင်(၁၈)ကြိမ်မြောက် ညီလာခံကို ရန်ကုန်မြို့၌ ပထမဆုံးကျင်းပခြင်းဖြစ်သည်။ နိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါး ဟိန္ဒူဓမ္မအဖွဲ့ချုပ်ကို ဖွဲ့စည်းခြင်းသည် မြန်မာနိုင်ငံရှိ ဂေါ်ရခါးလူမျိုးများတစ်စုတစ်စည်းတည်းဖြစ်စေရန်၊ ဘာသာရေး၊ စာပေ၊ ယဉ်ကျေးမှု၊ သာရေးနာရေး၊ လူမှုရေးကဏ္ဍများအား ထိန်းသိမ်းပြီး လူငယ်များကို လက်ဆင့်ကမ်းနိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။

ယခုအခါ မြန်မာနိုင်ငံရှိ မြို့နယ် ၃၅ မြို့နယ်၌ အဖွဲ့ခွဲများဖွဲ့စည်းထားပြီးဖြစ်သည်။ ဂေါ်ရခါးလူမျိုးများသည် ပြင်ဦးလွင်တွင် အများဆုံးနေထိုင်ကြပြီး မိုးကုတ်၊ မြစ်ကြီးနား၊ ကျောက်မဲ၊ မန္တလေးနှင့် ရန်ကုန်မြို့တို့၌လည်း နေထိုင်ကြောင်း သိရသည်။

ပြီးခဲ့သည့် ငါးနှစ်၊ ခြောက်နှစ်ခန့်မှစတင်ကာ မြို့နယ်အဖွဲ့ခွဲအလိုက် ပရဟိတ သွေးလှူအသင်းများဖွဲ့ကာ သွေးလှူခြင်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်သည့်နေရာများသို့ ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



# အမ်းမြို့နယ်အတွင်းရှိ ရေရှားပါးသောကျေးရွာများသို့ ရေလှူဒါန်း

**အမ်း မေ ၂၈**

ရခိုင်ပြည်နယ် အမ်းမြို့နယ်အတွင်း မွှားကျေးရွာအုပ်စု ချောက်ချိုကျေးရွာနှင့် ပဒဲ့ကြောကျေးရွာတို့၌ ဒေသခံပြည်သူများ နွေရာသီသောက်သုံးရေရှားပါးမှုနှင့် ကြုံတွေ့နေရသဖြင့် ဒုတိယအကြိမ် မေ ၂၈ ရက် နံနက် ၁၁ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ အမ်းမြို့နယ်လုံးဆိုင်ရာ ဆွမ်းလောင်းအသင်းမှ အသင်းဝင်များ၊ အလှူရှင်များစုပေါင်း၍ သောက်သုံးရေဂါလန် ၃၂၀၀ ကို ကျေးရွာအရောက် သွားရောက်လှူဒါန်းခဲ့ကြသည်။

အမ်းမြို့နယ်အတွင်းရှိ ရေရှားပါးသည့် ကျေးရွာများသို့လည်း စေတနာရှင်အလှူရှင်များက သွားရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက် )

## သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေသော သုံးမှ္ဘာသာချောင်းတောတိုက်သို့ နေ့စဉ်သွားရောက်လှူဒါန်းလျက်ရှိ

**ပေါက် မေ ၂၈**

ပေါက်မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ မေ ၂၇ ရက်က သုံးမှ္ဘာသာချောင်းတောတိုက်သို့ သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့သွားရောက်လှူဒါန်းရာတွင် ရေဂါလန် ၁၆၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေ ငါးစီးလှူဒါန်းခဲ့ပြီး ဆက်လက်၍ ဆိပ်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများကို လှူဒါန်းခဲ့ပြီး နောက်ရက်များတွင်လည်း ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း ဆိပ်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ) ဦးရန်လင်းမောင်က ပြောကြားသည်။

**ဉာဏ်တိုး(ပေါက်)**

# စစ်တွေလေဆိပ်၌ နိုင်ငံသားစိစစ်ရေးကတ်အတု ကိုင်ဆောင်သည့် အမျိုးသမီးသုံးဦး ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၈**

ရခိုင်ပြည်နယ် စစ်တွေလေဆိပ်၌ ယမန်နေ့မွန်းလွဲပိုင်းက နိုင်ငံသားစိစစ်ရေးကတ်အတုကိုင်ဆောင်သည့် အမျိုးသမီးသုံးဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



စစ်တွေမှ ရန်ကုန်သို့ FMI လေကြောင်းလိုင်းဖြင့် လိုက်ပါမည့် စစ်တွေမြို့နယ် သက္ကယ်ပြင်ကျေးရွာနေ မရီဟာနာဘေဂွန်၊ မခင်မေ (ခ) ရေဇူဝမ်နှင့် ဒါးပိုင်ကျေးရွာနေ မကျော့ယဉ် (ခ) နူနာဟာရ်တို့အား ယမန်နေ့မွန်းလွဲ ၂ နာရီခန့်က လူဝင်မှုကြီးကြပ်ရေး စိစစ်ရေးကောင်တာ၌ နိုင်ငံသားစိစစ်ရေးကတ်အတုကိုင်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိခဲ့သဖြင့် ဖမ်းဆီးစစ်ဆေးရာ မရီဟာနာဘေဂွန်အား သက္ကယ်ပြင်ကျေးရွာနေ အာယု(စိစစ်ဆဲ)က ငွေကျပ် ၂၅ သိန်းဖြင့် လည်းကောင်း၊ မခင်မေအား ကျောက်ဖြူမြို့နယ်နေ အမည်မသိလူတစ်ဦးက လည်းကောင်း၊ မကျော့ယဉ်အား သက္ကယ်ပြင်ကျေးရွာနေ ကိုရ်ဘာအာလီ (စိစစ်ဆဲ)က ငွေကျပ်၂၇ သိန်းဖြင့်လည်းကောင်း မှတ်ပုံတင်ကတ်အတုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အမျိုးသမီးသုံးဦးမှာ(**ဝဲပုံ**) အာယုနှင့် ကိုရ်ဘာအာလီတို့ငှားရမ်းပေးသည့် ဆိုင်ကယ်ကယ်ရီသုံးစီးဖြင့် စစ်တွေလေဆိပ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# နှစ်စဉ်ရေရှားပါးခြင်းကြောင့် သောက်ရေကန်ကို ထပ်မံတူးဖော်

**ပေါက်တော မေ ၂၈**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပေါက်တောမြို့ အနောက်ပိုင်းရပ်ကွက်ရှိ သံကြိုးတန်းကန်(ခ) သောက်ရေကန်ကြီးကို မေ ၁၅ ရက်ကစတင်၍ တူးဖော်လျက်ရှိသည်။

အဆိုပါ သံကြိုးတန်းသောက်ရေကန်ကို မြို့လူထုလုပ်အားဖြင့် နှစ်စဉ်နှစ်တိုင်း တူးဖော်ခဲ့သော်လည်း နွေရာသီကျရောက်လာလျှင် နှစ်စဉ်နှစ်တိုင်းရေခန်းပြီး မြို့သူမြို့သားများမှာ သောက်သုံးရေ အခက်အခဲကြုံတွေ့ကြရသည့်အတွက် ယခုနှစ်တွင် မြေတူးစက်နှင့် ရပ်ကွက်နေ စေတနာရှင်များ၏ လှူဒါန်းမှုဖြင့် ယင်းကန်ကြီးကို ပြန်လည်တူးဖော်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

**တောမဲ့မြေသား၊ ရေတိုက်စား၏**

# တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ်ပညာပေးရေး အစီအစဉ်ကျင်းပ

နေပြည်တော် မေ ၂၈

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၏ တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ပညာပေးရေး အစီအစဉ် (CTME)ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ခုတင် ၁၀၀ တိုင်းရင်းဆေးရုံ၌ ကျင်းပရာ သဘာပတိ ခုတင် ၁၀၀ တိုင်းရင်းဆေးရုံ(နေပြည်တော်) ဆေးရုံအုပ်ကြီး(အငြိမ်းစား) ဆရာကြီးဦးစိုးဝင်းက အမှာစကားပြောကြားသည်။**

ထို့နောက် ခုတင် ၁၀၀ တိုင်းရင်းဆေးရုံ (နေပြည်တော်) မှ အကြီးတန်းတိုင်းရင်းဆေးမှူး ဆရာမ ဒေါ်ခင်မျိုးမြင့်က ခါးဆစ်ရိုးကျီးပေါင်းရောဂါကြောင့် ခါးနာခြင်းနှင့် အရိုးကျီးပေါင်းကြောင့် ဒူးနာခြင်းရောဂါအကြောင်းအား ဆွေးနွေးတင်ပြသည်။

ယင်းနောက် တက်ရောက်လာသူများက သိလိုသည်များကို စိတ်ဝင်စားစွာ မေးမြန်းဆွေးနွေးရာ ဆရာကြီး ဦးစိုးဝင်းနှင့် ဆရာမ ဒေါ်ခင်မျိုးမြင့်တို့က ပြန်လည်ရှင်းလင်းဖြေကြားပြီး သဘာပတိဆရာကြီးက နိဂုံးချုပ်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားသို့ တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းဦးစီးဌာနမှူး၊ ခုတင် ၁၀၀ တိုင်းရင်းဆေးရုံ (နေပြည်တော်) ဆေးရုံအုပ်၊ ဒုတိယဆေးရုံအုပ်၊ ခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာနမှူးများ၊ မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှူးများ၊ အကြီးတန်းတိုင်းရင်းဆေးမှူးများ၊ တိုင်းရင်းဆေးမှူးများ၊ လက်ထောက်တိုင်းရင်းဆေးမှူးများ၊ စိတ်ဝင်စားသူ တိုင်းရင်းဆေးဆရာများ တက်ရောက်ကြသည်။

တိုင်းရင်းဆေးပညာရှင်များ၏ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးကို အထောက်အကူပြုနိုင်ရန်အတွက် ဝိုင်းဝန်းအကောင်အထည်ဖော်ရန်၊ တိုင်းရင်းဆေးပညာရပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးအစီအစဉ်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ တိုင်းရင်းဆေးပညာရပ်၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများကို ဖြန့်ဝေနိုင်ရန်၊ ပိုမိုကောင်းမွန်သော ရောဂါသိမှု၊ ဆေးသိမှု၊ ကုထုံးသိမှုများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဖွံ့ဖြိုးတိုးတက်လာသော ဆေးပညာဆိုင်ရာ ဗဟုသုတများကို လက်တွေ့အသုံးချနိုင်စေရန်ရည်ရွယ်၍ တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ပညာပေးရေးအစီအစဉ်ကို လစဉ် တတိယပတ်၊ စနေနေ့တိုင်းတွင် ကျင်းပလျက်ရှိပြီး တိုင်းရင်းဆေးပညာရှင် ဆရာကြီးများက တက်ရောက်ဆွေးနွေးပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း၊ ယခုလ တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ်ပညာပေးရေးအစီအစဉ်ကို အေးငြိမ်းသီတာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထောက်ပံ့ပေးကြောင်း သတင်းရရှိသည်။



**(သတင်းစဉ်)**

# အကိုက်အခဲပျောက်ဆေးများ အလွန်အကျွံသုံးစွဲမှု အူလမ်းကြောင်းရောဂါများဖြစ်ပွားနိုင်




**ရန်ကုန် မေ ၂၈**

အကိုက်အခဲပျောက်ဆေးများကို အလွန်အကျွံသုံးစွဲခြင်းအားဖြင့် အစာအိမ် အူလမ်းကြောင်းဆိုင်ရာ ရောဂါများ ဖြစ်ပွားနိုင်ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပါမောက္ခ/ဌာနမှူး အစာအိမ် အူလမ်းကြောင်း အထူးကုသမားတော်ကြီး ပါမောက္ခဒေါက်တာသိန်းမြင့်က ပြောသည်။

"ယနေ့ကမ္ဘာမှာ အသုံးအများဆုံးဆေးတွေထဲက အကိုက်အခဲပျောက်ဆေးဟာ တစ်ခုအပါအဝင် ဖြစ်ပါတယ်။ အကိုက်အခဲပျောက်ဆေးများကို ဆရာဝန်ညွှန်ကြားချက်မရှိဘဲ နီးစပ်ရာဆေးဆိုင်တွေမှာ အလွန်အကျွံဝယ်ယူသောက်သုံးခြင်းဖြင့် ဘေးထွက်ဆိုးကျိုးတွေဖြစ်တဲ့ အစာအိမ်တွင် အနာဖြစ်ခြင်း၊ အစာအိမ်သွေးကြောပေါက်ခြင်း၊ အစာအိမ်နဲ့အူသိမ်ပေါက်ခြင်း၊ အူမကြီးအနာဖြစ်ခြင်းစတဲ့ ရောဂါတွေဖြစ်ပွားနိုင်ပါတယ်"ဟု ပါမောက္ခဒေါက်တာသိန်းမြင့်က မေ ၂၈ ရက် နံနက်ပိုင်းတွင် UMFCCI ၌ ကျင်းပသော မေ ၂၉ ရက်တွင် ကျရောက်မည့် (၅၉)ကြိမ်မြောက် ကမ္ဘာ့အစာအိမ်နှင့် အူလမ်းကြောင်းနေ့ အထိမ်းအမှတ်အခမ်းအနား၌ ပြောကြားသည်။

အကိုက်အခဲပျောက်ဆေးများသည် ယနေ့ကမ္ဘာတွင် အသုံးအများဆုံးဆေးတစ်ခုဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံ၌ လူဦးရေ၏ ၅ ဒသမ ၄ ရာခိုင်နှုန်း၊ လူ ၁၃ သန်းကျော်မှာ အကိုက်အခဲပျောက်ဆေးတစ်မျိုးမျိုးကို သောက်သုံးနေရပြီး လူ ၁၀၀၀၀ မှ ၂၀၀၀၀ အထိ အကိုက်အခဲပျောက်ဆေးများ၏ ဘေးထွက်ဆိုးကျိုးများကြောင့် နှစ်စဉ်သေဆုံးလျက်ရှိကြောင်း သိရသည်။

အကိုက်အခဲပျောက်ဆေးများကို မလိုအပ်ဘဲ မသောက်သင့်ကြောင်း၊ စပ်ဆေးများ၊ အထူးသဖြင့် စတီးရွိုက်ပါသောဆေးများကို ပူးတွဲသုံးစွဲမှု ရှောင်ကြဉ်သင့်ကြောင်း ဆရာဝန်ကြီးက အသိပေးပြောကြားသည်။ အစာအိမ်သွေးယိုစိမ့်မှု လက္ခဏာများအဖြစ် ကော်ဖီရောင်အန်ခြင်း၊ ဝမ်းမည်းမည်းသွားခြင်း၊ ရုတ်တရက် သွေးပေါင်ထိုးကျခြင်း စသည်တို့ဖြစ်ပြီး ယင်းလက္ခဏာများ ဖြစ်ပါက အကိုက်အခဲပျောက်ဆေးသုံးစွဲမှုကို ချက်ချင်းရပ်ရမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အူလမ်းကြောင်းတွင် သန်ကောင်များမှာ အဓိကအန္တရာယ်ပေးနိုင်သည့်အတွက် သန်ချဆေးသောက်သုံးခြင်းကို ခြောက်လတစ်ကြိမ် ပြုလုပ်ပေးသင့်ကြောင်းဖြင့်လည်း အသိပညာပေးထားသည်။

**သတင်း-မြင့်မောင်စိုး၊ဓာတ်ပုံ-သက္က**

# ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခဲ့သောလမ်းများ သတ်မှတ်အရည်အသွေး ပြည့်မီခြင်း ရှိ/မရှိ စစ်ဆေး

**မလှိုင် မေ ၂၈**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသင်းမင်းလတ်၊ မလှိုင်မြို့နယ်မှ ဦးစီးမှူး ဦးအောင်ဗိုလ်ဗိုလ်နှင့် မြို့နယ်အရည်အသွေးစစ်ဆေးရေးအဖွဲ့မှ တာဝန်ရှိသူများသည် မေ ၂၅ ရက်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တင်ဒါအောင်မြင်ခဲ့သော Mandalay Crown Co,.Ltd မှ မူလငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ကျောက်ချောလမ်းနှစ်ခုနှင့် ဂျင်း(ဂဝံ)လမ်းနှစ်ခု၊ မြေသားလမ်းငါးလမ်းနှင့် တိုင်းဒေသကြီး အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မြေသားလမ်း(၂/၂)မိုင် ဆောင်ရွက်ပြီးစီးမှုကို သတ်မှတ်အရည်အသွေး၊ စံပြည့်မီခြင်း ရှိ/ မရှိကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

မူလငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ကျောက်ချောလမ်းနှစ်ခုမှာ အရှည်တစ်မိုင်ရှိ ခုနစ်ချက်-သရက်ကန်-အလယ်ချောင် ကျေးရွာချင်းဆက်လမ်း၊ အရှည်တစ်မိုင်ရှိ မလှိုင်-မိတ္ထီလာကားလမ်းမမှ ရုံးပင်ဇောက် ကျေးရွာဆက်သွယ်သည့် ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖြစ်ပြီး ဂျင်းလမ်းနှစ်ခုမှာ အရှည်တစ်မိုင်ရှိ ရေချို-ဆည်ကြီး ဂျင်းလမ်း၊ အရှည်နှစ်မိုင်ရှိ ပန်းအိုင်-ကသစ်ပင် ဂျင်းလမ်းတို့ဖြစ်သည်။ မြေသားလမ်းများမှာ မလှိုင်-ပင်းတလဲလမ်းမှ သရက္ကန်ကျေးရွာအဝင်လမ်း၊ နှောကန်-သက္ကယ်ကျင်းလမ်း၊ ကူကြီး-သရက္ကန်လမ်း၊ မန်ကျီးကုန်းကျေးရွာနှင့် ရွှေပေါက်ကျွန်းလမ်း ဆက်သွယ်သည့်မြေလမ်း၊ ကျောက်တန်း- မိတ်ကုန်းလမ်း စုစုပေါင်း (၆/၆)မိုင်တို့ ဖြစ်သည်။ ထို့အပြင် အရည်အသွေးစစ်ဆေးရေးအဖွဲ့များသည် တိုင်းဒေသကြီးအစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် အရှည် (၂/၂)မိုင်ရှိ တည်ကုန်း-မင်းလှ မြေသားလမ်း ဖောက်လုပ်ပြီးစီးမှုကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**



# ဘက်စုံအဆင့်မြင့် နည်းပညာသုံးစံပြကျေးရွာ ကွင်းဆင်းဆောင်ရွက်



**တပ်ကုန်း မေ ၂၈**

ပြည်ထောင်စုနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်၌ တစ်ခရိုင် တစ်ရွာ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို မေ ၂၅ ရက် မွန်းလွဲ ၁ နာရီက ရေအေးရွာ တောင်သူပညာပေးစင်တာ၌ ကျင်းပခဲ့ရာ ဘက်စုံအဆင့်မြင့် နည်းပညာသုံးစံပြကျေးရွာဖြစ်သော ရေအေးကျေးရွာမှ တောင်သူလယ်သမားများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

နည်းပညာပေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေး၊ သီးနှံပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိရေးကို ဦးတည်အကောင်အထည်ဖော် ဆောင်ရွက်ပြသရန် အဆင့်မြင့်နည်းပညာသုံး စံပြရွာတစ်ရွာအဖြစ် ရေအေးကျေးရွာအား အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးဝင်းဦး၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ကျော်ဦး၊ တိုင်းအဆင့် သီးနှံကာကွယ်ရေး၊ မြေအသုံးချ၊ မျိုးစေ့တာဝန်ခံများသည် နံနက်ပိုင်းတွင် ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ၊ မျိုးစေ့အရောင်းဆိုင်များကို စစ်ဆေးဆောင်ရွက်ခဲ့ပြီး အဆိုပါ ဆွေးနွေးပွဲသို့ တက်ရောက်၍ မြို့နယ်အဆင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ သက်ဆိုင်ရာ သီးနှံအလိုက် ဘာသာရပ်အလိုက် ပို့ချရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# လေယာဉ်ပစ်လက်နက်သစ်တစ်မျိုးကို မြောက်ကိုရီးယားခေါင်းဆောင် ဦးဆောင်စမ်းသပ်

**ပြုံယမ်း မေ ၂၈**
ရက်သတ္တပတ်များစွာ တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မှုများကို ပြုလုပ်ခဲ့ပြီးနောက် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအမ်းသည် လေယာဉ်ပစ်လက်နက်ကြီးပုံစံသစ်တစ်မျိုးကို စမ်းသပ်ရာတွင် ဦးဆောင်ကြီးကြပ်လျက်ရှိပြီး ဒုံးကျည်လက်နက်အမြောက်အမြားကို ထုတ်လုပ်ရန်နှင့် နိုင်ငံအနှံ့အပြားတွင် ဖြန့်ကြက်ထားရန် ညွှန်ကြားချက်ထုတ်ပြန်လိုက်ကြောင်း သိရသည်။

မြောက်ကိုရီးယား နိုင်ငံပိုင်ကိုရီးယားဗဟိုသတင်းအေဂျင်စီက ယင်းလေယာဉ်ပစ်လက်နက်၏ သဘောသဘာဝနှင့် စမ်းသပ်မှုပြုလုပ်မည့်အချိန်တို့ကို အတိအကျဖော်ပြခဲ့ခြင်းမရှိပေ။

သို့သော် ယင်းစမ်းသပ်မှုကို အမျိုးသားကာကွယ်ရေး သိပ္ပံကျောင်းမှ စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဒုံးကျည်နှင့် နျူကလီးယားလက်နက်များကို တိုးမြှင့်ထုတ်လုပ်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

မြောက်ကိုရီးယားသည် ၎င်း၏လက်နက်အစီအစဉ်များအပေါ်ပိတ်ဆို့အရေးယူသည့် ကုလသမဂ္ဂနှင့် အခြားနိုင်ငံများ၏ အရေးယူဆောင်ရွက်မှုများကိုနာခံခြင်းမရှိသည့်အပြင် ယင်းလက်နက်များအားကြိုးစား စမ်းသပ်ဆောင်ရွက်နေခြင်းသည် အမေရိကန်ကိုရင်ဆိုင်ရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းကလည်း မြောက်ကိုရီးယားသည် တိုက်ချင်းပစ်ဒုံးကျည်တစ်စင်းကို စမ်းသပ်ပစ်လွှတ်ခဲ့သည်။ အမေရိကန်ကမူ မြောက်ကိုရီးယားနှင့် စစ်မက်ဖြစ်ပွားရန် ရည်ရွယ်ချက်လုံးဝမရှိကြောင်း ငြင်းဆိုပြောကြားလျက်ရှိသည်။
**(ရိုက်တာ)**




# နည်းပညာပိုင်းဆိုင်ရာချွတ်ယွင်းမှုဖြစ်ပွားခဲ့ပြီးနောက် လန်ဒန်ရှိ ဗြိတိန်လေကြောင်းခရီးစဉ်များပြန်လည်စတင်ပြေးဆွဲ

**လန်ဒန် မေ ၂၈**
ဗြိတိန်လေကြောင်းလိုင်းတွင် စနေနေ့ကတစ်ကမ္ဘာလုံးဆိုင်ရာ ကွန်ပျူတာစနစ်ပြတ်တောက်မှုဖြစ်ပွားခဲ့ခြင်းကြောင့် လေယာဉ်ပျံသန်းမှုစနစ်ကို အဟန့်အတားဖြစ်စေခဲ့သည့်အတွက် လေယာဉ်များမြေပြင်ပေါ်သို့ ဆင်းသက်ခဲ့ရပြီးသည့်နောက်တွင် ဗြိတိန်၏ အကြီးဆုံးလေဆိပ်နှစ်ခုတို့မှ လေကြောင်းခရီးစဉ်အချို့ကို တနင်္ဂနွေနေ့တွင် ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

ဗြိတိန်လေကြောင်းလိုင်းက Gatwick လေဆိပ်နှင့် ဟီသရိုးလေဆိပ်ရှိခရီးစဉ်အများစုတို့၏ ပျံသန်းပြေးဆွဲမှုအစီအစဉ်ဇယားကို ပုံမှန်အတိုင်းဆက်လက်စီမံဆောင်ရွက်သွားရန်ရည်ရွယ်ထားကြောင်းပြောကြားခဲ့သည်။

သို့သော်ဟီသရိုးလေဆိပ်တွင် ခရီးသည်များအား ၎င်းတို့လိုက်ပါစီးနင်းမည့်ခရီးစဉ်အတွက် လက်မှတ်ပြန်လည်ဝယ်ယူပြီးမှ




သာလျှင် လေဆိပ်သို့လာရောက်ကြရန် ပြောဆိုထားကြောင်း သိရသည်။ ဗြိတိန်လေကြောင်းခရီးစဉ်များနောက်ထပ်နှောင့်နှေးကြန့်ကြာမှုများနှင့် ရွှေ့ဆိုင်းမှုများ ထပ်ဖြစ်လာနိုင်ဖွယ်ရှိနိုင်သေးကြောင်း တနင်္ဂနွေနေ့တွင် လေဆိပ်အာဏာပိုင်များက ပြောကြားခဲ့ကြောင်း သိရသည်။

လေကြောင်းခရီးစဉ်အား လိုက်ပါစီးနင်းကြသည့်ခရီးသည်များအား အကြီးအကျယ် စိတ်အနှောင့်အယှက်ဖြစ်ပွားစေခဲ့သည့်အတွက် အထူးပင်စိတ်မကောင်းဖြစ်ရပါကြောင်း ဗြိတိန်လေကြောင်းလိုင်းက မေတ္တာရပ်ခံတောင်းပန်ခဲ့သည်။

ဗြိတိန်လေကြောင်းလိုင်း အမှုဆောင်အရာရှိချုပ် အလက်စ်ခရပ်စ်က ယင်းဖြစ်ရပ်တွင်ဆိုက်ဘာတိုက်ခိုက်ခံရမှုဟုပြောဆိုနိုင်သည့် သက်သေအထောက်အထားတစ်စုံတစ်ရာ တွေ့ရှိရခြင်းမရှိကြောင်း ပြောကြားခဲ့သည်။ ဓာတ်အားဖြန့်ဖြူးမှုဆိုင်ရာ ချွတ်ယွင်းချက်ကြောင့်သာဖြစ်သည်ဟု ၎င်းက ဆိုသည်။
**(ရိုက်တာ)**

# အမျိုးသမီးနှစ်ဦးအား အနှောင့်အယှက်ပေးသူအား ဟန့်တားရာမှ ဓားဖြင့်ထိုးသတ်ခံရ

**အော်ရီဂွန် မေ ၂၈**
အော်ရီဂွန်သို့သွားသည့် ရထားတစ်စင်းပေါ်တွင်လိုက်ပါလာသည့် ခရီးသည်နှစ်ဦးကို အမျိုးသားတစ်ဦးကဓားဖြင့် အသေထိုးသတ်ခဲ့မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဓားဖြင့်တိုက်ခိုက်သူသည် အမျိုးသမီးနှစ်ဦးအား နှောင့်ယှက်နေသဖြင့် အမျိုးသားနှစ်ဦးက ဟန့်တားရန် ကြိုးပမ်းစဉ် ဓားဖြင့် ထိုးသတ်ခံလိုက်ရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က စနေနေ့တွင် ပြောကြားခဲ့သည်။

ဓားဖြင့်ထိုးသတ်သူမှာ အသက် ၃၅ နှစ်ရှိ ဂျယ်ရမီဂျိုးဇက်ဖ်ခရစ်ရှန်ဖြစ်ပြီး ရဲတပ်ဖွဲ့က အခင်းဖြစ်ပွားပြီး ညနေခင်းတွင် ဖမ်းဆီးခဲ့ကြောင်း သိရသည်။ ဂျိုးဇက်ဖ်၏ ဖေ့စ်ဘုတ်စာမျက်နှာတွင် ရေးသားထားသည်များက ၎င်းသည် လူမျိုးရေးဝါဒီဖြစ်ပြီး အစွန်းရောက်ဘာသာရေး ယုံကြည်မှုရှိသူဖြစ်ကြောင်း ဖော်ပြလျက်ရှိသည်။

အစ္စလာမ် ဘာသာဝင်များ၏ ရာမာဒင်ဥပုသ်ကာလ မကျရောက်မီ နာရီပိုင်းအလိုတွင် ယင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရထားပေါ်တွင် ဖြစ်ပွားခဲ့သည့် ယင်းတိုက်ခိုက်မှုကို


လူသတ်မှုကျူးလွန်သူ
ဂျယ်ရမီဂျိုးဇက်ဖ်ခရစ်ရှန်

အိမ်တွင်းအကြမ်းဖက်မှု တစ်ခုအနေဖြင့် ပြောဆိုရန်မှာ စောလွန်းသေးကြောင်း အော်ရီဂွန်ရှိ ဖက်ဒရယ်စုံစမ်းစစ်ဆေးရေးဗျူရိုမှ ကြီးကြပ်သူ အထူးအေးဂျင့်တစ်ဦးဖြစ်သည့် လိုရန်ကန်နွန်က စနေနေ့၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ကြောင်း သိရသည်။

ရထားပေါ်တွင် နှောင့်ယှက်ခံခဲ့ရသည့် အမျိုးသမီးနှစ်ဦးနှင့် ပတ်သက်သည့် ကိုယ်ရေးအချက်အလက်များကို ဖော်ပြနိုင်ခြင်းမရှိသေးကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ **(ရိုက်တာ)**

# အာဖဂန်၌ အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား၊ ၁၈ ဦးသေဆုံး

**ကဘူးလ် မေ ၂၈**
အာဖဂန်နစ္စတန်နိုင်ငံ၌ အစ္စလာမ် ဘာသာဝင်များ၏ မြင့်မြတ်သည့်ရာမာဒင် ဥပုသ်လ ပထမဆုံးနေ့တွင်ဖြစ်ပွားခဲ့သည့် အသေခံဗုံးခွဲတိုက်ခိုက်မှုအတွင်း လူ ၁၈ ဦး သေဆုံးသွားခဲ့ကြောင်း သိရသည်။

**ကားဗုံးထောင်**

ခို့စ်ပြည်နယ်အရှေ့ပိုင်းတွင် စနေနေ့က တပ်မတော်အစောင့်အရှောက် ယာဉ်တန်းအနီးတွင် ကားဗုံးထောင်ထားခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်အာဏာပိုင်များက ပြောကြားခဲ့သည်။

**တိုက်ခိုက်**

ယင်းတိုက်ခိုက်မှုကို တာလီဘန်စစ်သွေးကြွများက လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ၎င်းတို့သည် အမေရိကန်စစ်ရေးထောက်လှမ်းမှုအဖွဲ့အစည်းက လေ့ကျင့်ပေးခဲ့သည့် အာဖဂန်စစ်သားတစ်ဦးကို ပစ်မှတ်ထားတိုက်ခိုက်မှုကို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ရာမာဒင် ဥပုသ်ကာလအတွင်း၌ အကြမ်းဖက်တိုက်ခိုက်မှု ပိုမိုဖြစ်ပွားလေ့ရှိသည်ဖြစ်ရာ အာဖဂန်အာဏာပိုင်အဖွဲ့များသည် လုံခြုံရေးကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။
**(အင်န်အိတ်ချ်ကေ)**



# သီရိလင်္ကာတွင် မြေပြိုမှုအတွင်း သေဆုံးသွားသူများအတွက် ဝမ်းနည်းကြေကွဲကြောင်း တရုတ်သမ္မတစာလွှာပေးပို့

**ပေကျင်း မေ ၂၈**
သီရိလင်္ကာနိုင်ငံတွင် ကြောက်မက်ဖွယ်ရာ ရေကြီး၍ မြေပြိုမှုကြောင့် လူ ၁၄၆ ဦး သေဆုံးသွားခဲ့ပြီးနောက်တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဆွေးနွေးဖက် သီရိလင်္ကာသမ္မတ မိုက်သရီပါလာဆရီဆီနာ ထံသို့ ဝမ်းနည်းကြေကွဲကြောင်းဖော်ပြသည့် အကြောင်းကြားစာတစ်စောင်ကို တနင်္ဂနွေနေ့က ပေးပို့ခဲ့ကြောင်း သိရသည်။

စာလွှာအတွင်း၌ သမ္မတရှီသည် မြေပြိုမှုအတွင်း သေဆုံးသွားခဲ့ကြသည့် ဒုက္ခသည်များအတွက် များစွာယူကျုံးမရ ဖြစ်မိကြောင်းနှင့် သေဆုံးသွားသူများ၏ မိသားစုများနှင့် ဘေးဒုက္ခခံစားနေရသူများအပေါ် ကိုယ်ချင်းစာနာမိပြီး အကြီးအကျယ် ဝမ်းနည်းကြေကွဲရပါကြောင်း အလေးအနက် ဖော်ပြထားသည်။

တရုတ်နိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့သည် အစဉ်အဆက် ခင်မင်ရင်းနှီးလာကြသည့် မိတ်ဖက်များဖြစ်ရာ သီရိလင်္ကာနိုင်ငံ၌ ယခုကဲ့သို့ ဘေးဒုက္ခခံစားရချိန်တွင် တရုတ်နိုင်ငံသားများအနေဖြင့်လည်း အလားတူ ခံစားရသကဲ့သို့ပင်ဖြစ်ကြောင်း၊ သီရိလင်္ကာနိုင်ငံသားများအနေဖြင့် ဘေးဒုက္ခကို ကျော်လွှားနိုင်ပြီး အမြန်ဆုံး ပြန်လည်ထူထောင်ရေးဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ရှီက စာလွှာအတွင်း ရေးသားဖော်ပြထားသည်။
**(ဆင်ဟွာ)**

# ရှာမအစိုးရနည်းပညာအထက်တန်းကျောင်း၌ အရည်အချင်းစစ်စာမေးပွဲ ၉၀၁ ဦးဖြေဆို



**ရန်ကုန် မေ ၂၈**

ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ အစိုးရ နည်းပညာအထက်တန်းကျောင်း (ရှာမ)၌ ပထမနှစ်ဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲကို မေ ၂၇ရက်က ကျောင်းသားကျောင်းသူ ၉၀၁ ဦး ဖြေဆိုခဲ့ပြီး ၁၇၅ ဦးတက်ရောက်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် ကျောင်းသား ၉၈၄ ဦးလျှောက်လွှာတင်ထားပြီး ၉၀၁ ဦးသည် မေ ၂၇ ရက်နံနက် ၉ နာရီမှ ၁၁ နာရီအထိ အင်္ဂလိပ်စာ၊ မွန်းလွဲ ၁ နာရီမှ ညနေ ၃နာရီအထိ သင်္ချာဘာသာတို့ကို အဋ္ဌမတန်းအဆင့် ဖြေဆိုခဲ့ကြရာ အောင်စာရင်းများကိုမေ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာသွားမည်ဟု သိရသည်။

"ဒသမတန်းအောင်စာရင်းက ရှေ့လထွက်မှာဆိုပေမယ့် ဒီမှာနှစ်နှစ်တက်ပြီးလို့ အမှတ်ကောင်းရင် နည်းပညာတက္ကသိုလ်တက်လို့ရတဲ့အတွက် လူငယ်တွေရတဲ့အခွင့်အရေးကိုဖော်ဆောင်ပေးတဲ့လူကြီးတွေကိုလည်းကျေးဇူးတင်ပါတယ်" ဟု ဇဟန်းမြို့နယ်မှ လာရောက်ဖြေဆိုသော ကျောင်းသားတစ်ဦး၏မိခင်က ပြောသည်။

ယနေ့ဖြေဆို၍ ဝင်ခွင့်အောင်မြင်သောကျောင်းသား ၁၇၅ ဦးမှာ ဇွန် ၁ ရက်တွင် စတင်တက်ရောက်ရမည်ဖြစ်ပြီး တက်ရောက်ခွင့်ရသည့် ဘာသာရပ်များမှာ အီလက်ထရွန်နစ်နည်းပညာ၊ လျှပ်စစ်နည်းပညာ၊ စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာ၊ သတ္တုပစ္စည်းထုတ်လုပ်မှုနည်းပညာနှင့် သုတနည်းပညာတို့ဖြစ်ပြီး နှစ်နှစ်တက်ရောက်သင်ကြားရမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)၊**
**ဓာတ်ပုံ - သန်းစိုး**

# ဖျာပုံမြို့၌ပထမဆုံးခေတ်မီ 3D ရုပ်ရှင်ရုံသစ်ဖွင့်ပွဲ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီး တက်ရောက်ချီးမြှင့်

**ဖျာပုံ မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်ဖျာပုံမြို့ အမှတ်(၁၂)ရပ်ကွက် ဒုတိယလမ်းပန်းခြံအနီး၌ PARADISO CINEMAS Co.,Ltd, ၏ PARADISO အမည်ရှိ အဆင့်မြင့် 3D ရုပ်ရှင်ရုံသစ်ကို မေ ၂၆ ရက်က ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

ဖွင့်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂိုမိုးမြတ်မြတ်သူက အမှာစကားပြောသည်။

ယခုဖွင့်လှစ်သည့် ရုပ်ရှင်ရုံသစ်တွင် ရုံဝင်ကြေးအဖြစ်ငွေကျပ် ၁၂၀၀၊ ငွေကျပ် ၁၇၀၀ မှ ငွေကျပ် ၂၂၀၀ နှင့် နှစ်ယောက်တွဲထိုင်ခုံတစ်စုံလျှင်ငွေကျပ် ၅၄၀၀ ကောက်ခံမည်ဖြစ်ကြောင်း၊ စနေနှင့်တနင်္ဂနွေရုံးပိတ်ရက်များတွင် တစ်နေ့သုံးပွဲနှင့် တနင်္လာနေ့မှ သောကြာနေ့အထိ ရုံးဖွင့်ရက်များတွင် တစ်နေ့နှစ်ပွဲ ပြသပေးမည်ဖြစ်ကြောင်း သိရသည်။

PARADISO CINEMAS Co.,Ltd, မှယခုနှစ်အတွင်း တိုင်းဒေသကြီးအတွင်းရှိ ဘိုကလေးမြို့နှင့် မအူပင်မြို့တို့၌ 3D အဆင့်မြင့်ရုပ်ရှင်ရုံများ ဖွင့်လှစ်နိုင်ရန်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**



# စေတုတ္တရာမြို့၌ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**စေတုတ္တရာ မေ ၂၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် အမှတ်(၁)၊(၂)ရပ်ကွက်ခြင်ပြစ်ကိုင်းကျေးရွာ၊ ညောင်အိုင်ကျေးရွာနှင့် ကြောင်သိုက်ကျေးရွာတို့တွင် မေ ၂၄ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းတော်ကြီးကျောင်းနှင့် လူနေအိမ်အမိုးများ လန်ကျ၍ ပျက်စီးမှုများအတွက် မကွေးတိုင်းဒေသကြီးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၂၆ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက အမှာစကားပြောကြားပြီးတိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်သီညီဦး၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းတို့က လေဘေးသင့်လူနေအိမ် ၃၀ အတွက် အိမ်ဆောက်ပစ္စည်းတန်ဖိုး ထောက်ပံ့ငွေကျပ် ၆၀၀၀၀၀၊ လေဘေးသင့်ပြည်သူ ၁၂၄ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၆၀၄၀၀ အားထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့အပြင် ညောင်အိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် ကြောင်သိုက်ကျေးရွာမှ ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းအတွက် တစ်ကျောင်းလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ်နှစ်သိန်းကို ကျေးရွာအရောက်ထောက်ပံ့ပေးအပ်ခဲ့ပြီး ကြောင်သိုက်ကျေးရွာမှ ဦးခေါင်းဒဏ်ရာဖြင့် မြို့နယ်ပြည်သူ့ဆေးရုံ၌ဆေးကုသမှုခံယူနေသူ ဦးအောင်မော်အသက်(၆၈ နှစ်)အား ဆေးရုံသို့သွားရောက်၍ ထောက်ပံ့ငွေကျပ် ၅၀၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖိုးပြည့်**

# သံတောင်ကြီးဒေသထွက် ရာသီစာသီးနှံများ ဈေးကွက်အတွင်းသို့ဝင်ရောက်လာ

**တောင်ငူ မေ ၂၈**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်ဒေသအနှံ့အပြားမှ ထွက်ရှိသော ရာသီစာသီးနှံများကို တောင်ငူမြို့မှတစ်ဆင့် ရန်ကုန်-နေပြည်တော်-မန္တလေးမြို့များအထိ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ဒူးရင်း၊ နာနတ်၊ မင်းဂွတ်နှင့် လိုင်ချီးသီးများသည် စားသုံးသူများအကြိုက်တွေ့သည့် သီးနှံများဖြစ်သည်နှင့်အညီ အရောင်းသွက်လျက်ရှိ၍ သံတောင်-တောင်ငူ ကားလမ်းတစ်လျှောက်တွင် လည်းကောင်း၊ တောင်ငူမြို့ရှိ ဘုရင့်နောင်ဈေးလေး၊ ရန်ကုန်-မန္တလေးကားလမ်းတစ်လျှောက် ကားဂိတ်နှင့်လူစည်ကားရာနေရာများတွင် ယခုအခါ စတင်ရောင်းချနေပြီဖြစ်သည်။ "ဒူးရင်းက ဘောကလီ၊ ပင်းသီလာ၊ လိပ်သိုဘက်က အဓိကထွက်တာ၊ ခုနှစ်လပိုင်းလောက်မှပေါမှာ။ အခုတော့သိပ်မထွက်သေးဘူး လိုင်ချီးကတော့ဝင်လာနေပါပြီ။ ဒူးရင်းသီးဆို အမျိုးအစားလေးမျိုးလောက် ခွဲရောင်းပါတယ်။ ငွေကျပ် ၁၀၀၀ ကနေငွေကျပ် ၆၀၀၀ အထိရှိတယ်"ဟု တောင်ငူ-သံတောင်ကားလမ်းရှိ မိုးကောင်းကျေးရွာနေ တောင်ပေါ်ဒေသထွက်သီးနှံများ ရောင်းချသည့် အမျိုးသမီးကပြောသည်။

ချိုမှည့်လတ်ဆတ်သည့် လိုင်ချီးသီးတစ်ပိဿာကို ငွေကျပ် ၃၀၀၀ ဖြင့် စတင်ရောင်းချလျက်ရှိပြီး မိသားစုလိုက်စားသုံးရန်နှင့် လက်ဆောင် ပေးရန် ဝယ်ယူသူများပြားကြောင်း ၎င်းကပင်ဆက်လက်ပြောပြသည်။ အပူချိန်မြင့်တက်သည့် ယခုနှစ်တွင် တညင်းသီးပင်များအသီးသီးမှု နည်းပါးသည့်အတွက် ဒူးရင်းသီးပိုမိုထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း သံတောင်မြို့မှ လာရောက်သူတစ်ဦးက ပြောကြားသည်။

**ကိုလွင်(ဆွာ)**

# အထည်ချုပ်စက်ရုံဝန်ထမ်းများအား အခြေခံရှေးဦးပြုစုခြင်းသင်တန်းပို့ချ

**မိတ္ထီလာ မေ ၂၈**

မိတ္ထီလာမြို့ စက်မှုဇုန်နယ်မြေ ၂ လမ်းရှိ ချန်းကျန်စက်မှုအထည်ချုပ်စက်ရုံဝန်ထမ်းများအား မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ မေ ၂၈ ရက်က အခြေခံရှေးဦးပြုစုခြင်းသင်တန်းသင်ကြားပို့ချပေးကြောင်း သိရသည်။

လူ့ခန္ဓာကိုယ်တွင်ရှိသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများအကြောင်း၊ လူနာပတ်တီးစည်းနည်း၊ အရေးပေါ်လူနာရှေးဦးပြုစုနည်းနှင့် ဒဏ်ရာရလူနာကိုရှေးဦးပြုစုရာတွင် ဆောင်ရန် ရှောင်ရန် စသည်တို့ကို စာတွေ့၊ လက်တွေ့ သင်ကြားပေးခြင်းဖြစ်ပြီး သင်တန်းသားသင်တန်းသူ ၅၃ ဦးတက်ရောက်ကြောင်း မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ ခရိုင်ဦးစီးမှူး ( ဒုတိယတန်း ) ဦးနေဦးက ပြောသည်။

မိတ္ထီလာမြို့နယ် ကြက်ခြေနီတပ်ဖွဲ့အနေဖြင့် အခြေခံရှေးဦးပြုစုခြင်းသင်တန်းများကို မိတ္ထီလာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် စက်ရုံ၊ အလုပ်ရုံများတွင် နှစ်စဉ်ဖွင့်လှစ်ပို့ချသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကျင်းပ

**ဇန်းမော် မေ ၂၈**

ကချင်ပြည်နယ် ဇန်းမော်မြို့၌ (၂၀) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲအခမ်းအနားကို မေ ၂၇ ရက်နံနက်က အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမြဝတီခန်းမ၌ ကျင်းပခဲ့သည်။

ပိုစတာပြိုင်ပွဲတွင် အထက်တန်းကျောင်းသားကျောင်းသူခြောက်ဦး၊ အလယ်တန်းကျောင်းသူနှစ်ဦးနှင့် မူလတန်းကျောင်းသားတစ်ဦး၊ ကာတွန်းပြိုင်ပွဲတွင် အထက်တန်းကျောင်းသားသုံးဦး၊ အလယ်တန်းကျောင်းသားကျောင်းသူသုံးဦးနှင့် မူလတန်းကျောင်းသားတစ်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# စလင်းတွင် မိုးခေါင်၍မြန်မာ့ရိုးရာလွန်ဆွဲခြင်းများကို ကျေးရွာအချို့တွင်ပြုလုပ်



**စလင်း မေ ၂၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ မေလအထိ မိုးကောင်းစွာမရွာသွန်း၍ ဒေသခံများက မြန်မာ့ရိုးရာလွန်ဆွဲခြင်းများကိုကျေးရွာအချို့တွင် ပြုလုပ်နေကြကြောင်း သိရသည်။

မေလသို့ ရောက်ရှိပြီဖြစ်သော်လည်း မိုးရွာသွန်းခြင်းမရှိသဖြင့် မေ ၂၇ ရက်က တောင်ကန်ရွာတွင် မြန်မာ့ရိုးရာလွန်ဆွဲခြင်းများပြုလုပ်သကဲ့သို့ အခြားကျေးရွာများ၌လည်းလွန်ဆွဲပွဲများ ပြုလုပ်နေကြရာ မေ ၂၇ ရက် ညနေပိုင်းတွင် မိုးတိမ်တောင်များတက်လာပြီး ညခုနစ်နာရီမှစ၍ နှစ်နာရီခန့်မိုးရွာသွန်း သဖြင့် ဒေသခံများ ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေး ဆောင်ရွက်

**ဂွ မေ ၂၈**

ရခိုင်ပြည်နယ် ဂွမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်ကြီးကြပ်၍ မေ ၂၇ ရက်က မြို့ပေါ်ရပ်ကွက်များသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် အဘိတ်ဆေးမှုန့်များ ခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်ပြုလုပ်ခြင်းများကို အိမ်အရောက် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# တစ်နှစ်ပြည့်(၁၂) ကြိမ်မြောက် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲ မန္တလေးမြို့၌ကျင်းပ စက်ဘီးစီးအားကစားဝါသနာရှင်ပြည်သူ ၄၀၀ ကျော် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ



**မန္တလေး မေ ၂၈**

စက်ဘီးစီးအားကစားနည်းကို ပြည်သူလူထုတစ်ရပ်လုံး စိတ်ပါဝင်စားလာစေရန် စက်ဘီးစီးနင်းခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် မန္တလေးတိုင်း အားကစားနှင့် ကာယပညာဦးစီးဌာနတို့က ကြီးမှူးကာ လစဉ်နောက်ဆုံးပတ် တနင်္ဂနွေနေ့တွင် ကျင်းပလျက်ရှိရာ တစ်နှစ်ပြည့် (၁၂)ကြိမ်မြောက် လူထု စုပေါင်းစက်ဘီးစီးပွဲကို မေ ၂၈ ရက် နံနက် ၅ နာရီခွဲက မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆ လမ်းရှိ မြို့တော်စည်ပင်ရုံးရှေ့စုရပ်နေရာ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်သည် မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့ရှိ စက်ဘီးစီးကလပ်အသင်းများမှ စက်ဘီးအားကစားသမားများ၊ သက်ကြီး စက်ဘီးစီး အားကစားဝါသနာရှင်များ၊ ဝန်ထမ်းများနှင့်အတူ ပျော်ရွှင်စွာ စုပေါင်းစက်ဘီး စီးနင်းပါဝင်ဆင်နွှဲခဲ့သည်။

**ပန်းဝင်ရောက်ရှိ**

ယနေ့ စုပေါင်းစက်ဘီးစီးနင်းပွဲတွင် အားကစားနှင့် ကာယပညာသိပ္ပံ မန္တလေး ကျောင်းအုပ်ကြီးညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က အချက်ပြသေနတ် ပစ်ဖောက်၍ တာလွှတ်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဆောင်သော စက်ဘီးအားကစားသမား ဝါနာရှင်သက်ကြီး၊ သက်လတ်၊ လူငယ် ပြည်သူများ ၄၀၀ ကျော်ခန့်သည် စုရပ်နေရာမှ ၂၆ လမ်းအတိုင်း လမ်း ၈၀ တစ်လျှောက်မှ ၁၂ လမ်းအတိုင်း ၇၃ လမ်း၊ မန်းတောင်ဂေါက်ကွင်းနှင့် တိုင်းရင်းဆေးတက္ကသိုလ်လမ်းမှ မန္တလေးတောင်ကိုပတ်၍ ၆၆ လမ်းမှ ၂၆ လမ်း အတိုင်း တာလွတ်စုရပ်နေရာသို့ စုပေါင်းစက်ဘီးစီးနင်းကြပြီး ပျော်ရွှင်စွာဆင်နွှဲ ပန်းဝင်ရောက်ရှိလာကြကာ ကိုယ်လက်လှုပ်ရှားကြံ့ခိုင်မှုလေ့ကျင့်ခန်းများ ပြုလုပ်ကြရာ စက်ဘီးအားကစားဝါသနာရှင်ပြည်သူများအား စေတနာရှင်များက 100Plus အားဖြည့်အချိုရည်ဘူးများ ပေးဝေခဲ့ကြသည်။

အဆိုပါ ပြည်သူလူထု စုပေါင်းစက်ဘီးစီးနင်းပွဲကို လစဉ် လ၏နောက်ဆုံးပတ် တနင်္ဂနွေနေ့တွင် ကျင်းပလျက်ရှိရာ မည်သူမဆို အကန့်အသတ်မရှိ မည်သည့်စက်ဘီးနှင့်မဆို ပါဝင်စီးနင်းဆင်နွှဲနိုင်ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# MNL ပြိုင်ပွဲ ရခိုင်နိုင်ပွဲဆက်

**ရန်ကုန် မေ ၂၈**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၅)ဒုတိယနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ကျင်းပရာ ရခိုင်အသင်း နိုင်ပွဲဆက်ခဲ့သည်။

ရခိုင်အသင်းသည် ချင်းယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရခိုင်အသင်းသည် ယခုပွဲ အနိုင်ရခဲ့သောကြောင့် ထိပ်ဆုံးငါးသင်း စာရင်းဝင်ရန် အခြေအနေကောင်းသွားခဲ့ပြီး အဆင့်လေးနေရာမှ ရှောဝတီနှင့် ၂၃ မှတ်စီ တူသွားခဲ့သည်။ ချင်းယူနိုက်တက်အသင်းသည် ယခုပွဲရှုံးနိမ့်ခဲ့သောကြောင့် တန်းဆင်းဇုန်အတွင်း ကျရောက်ခဲ့သည်။

ရခိုင်အသင်းသည် မက်သရူး၊ လှအေးထွေး၊ ချမ်းငြိမ်းကျော်(ဂိုး)တို့ဖြင့် လူစုံပွဲထွက်ခဲ့သလို ချင်းယူနိုက်တက်အသင်းမှာလည်း သန်းပိုင်၊ဆောင်လမန်၊ သီဟထက်အောင် တို့ဖြင့် လူစုံပါဝင်ခဲ့သည်။ ရခိုင်အသင်းအတွက် အနိုင်ဂိုးကို ပွဲအစ ၁၀ မိနစ်တွင် ငြိမ်းတေဇာဝင်းက သွင်းယူခဲ့သည်။

ပွဲစဉ်(၁၅)အပြီးတွင် ရန်ကုန်အသင်းက ၃၆ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၃၅ မှတ်၊ ရတနာပုံအသင်းက ၃၄ မှတ်၊ ရှောဝတီနှင့် ရခိုင်အသင်းတို့က ၂၃ မှတ်စီ၊ မကွေးအသင်းက အမှတ် ၂၀၊ Southern နှင့် ဟံသာဝတီအသင်းတို့က ၁၅ မှတ်စီ၊ ဇွဲကပင်အသင်းက ၁၄ မှတ်၊ နေပြည်တော်အသင်းက ၁၂ မှတ်၊ ချင်းယူနိုက်တက်နှင့် GFA အသင်းတို့က ၁၀ မှတ်စီ ရရှိထားသည်။ **ရဲရင့်ရှိန်း**

# လန်ဒန်ဒါဘီပြိုင်ဘက် ချယ်လ်ဆီးကို အနိုင်ယူပြီး အာဆင်နယ်တို့ အက်ဖ်အေဖလား ရယူ



အင်္ဂလန်အက်ဖ်အေဖလားဖိုလ်လုပွဲကြီးကို မေ ၂၇ ရက် ညပိုင်းက ဝင်ဘလေကွင်းကြီး၌ လန်ဒန်မြို့ခံ ပြိုင်ဘက်နှစ်သင်းဖြစ်သော အာဆင်နယ်နှင့် ချယ်လ်ဆီးတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်အသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အက်ဖ်အေဖလားကြီးကို ၁၃ ကြိမ်မြောက် ဆွတ်ခူးခဲ့သည်။

လန်ဒန်ဒါဘီဖိုလ်လုပွဲကြီး၌ အာဆင်နယ်သည် ၃-၄-၂-၁ ကစားကွက်ဖြင့် ဝဲလ်ဘက်ကို အထောင်ထားခဲ့ပြီး ချယ်လ်ဆီးသည် ၃-၄-၃ ပုံစံဖြင့် တိုက်စစ်ပိုင်းတွင် ပက်ထရို၊ ကော်စတာ၊ ဟာဇတ်တို့အတွဲဖြင့် ပွဲထွက်ခဲ့သည်။ မြို့ခံပြိုင်ဘက်နှစ်သင်းသည် ပွဲစစချင်း ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့ပြီး ပွဲချိန် လေးမိနစ်တွင် ဆန်ချက်ဇ်က အာဆယ်နယ်အတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သည်။ ဒုတိယပိုင်း ၆၈ မိနစ်တွင် ချယ်လ်ဆီး ကွင်းလယ်ကစားသမား မော့ဆက် နှစ်ဝါ တစ်နီဖြင့် ထုတ်ပယ်ခံရပြီး တစ်ယောက်လျော့ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပွဲချိန် ၇၆ မိနစ်တွင် ကော်စတာက ချယ်လ်ဆီးအတွက် ချေပဂိုး သွင်းယူခဲ့ သည်။ ပွဲချိန် ၇၉ မိနစ်တွင် ရမ်ဆေးက အာဆင်နယ်အတွက် အဖိုးတန် အနိုင်ဂိုး သွင်းယူခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ၁၇ နှစ်အတွင်း အာဆင်နယ်အသင်းနှင့် အက်ဖ်အေဖလားတွေ့ဆုံမှု ခုနစ်ပွဲ၌ တစ်ပွဲ သာ အနိုင်ရထားပြီး တစ်ပွဲသရေ၊ ငါးပွဲ ရှုံးနိမ့်ထားသည်။ အာဆင်နယ်အသင်းသည် ဖလားလက်မဲ့အနေအထားမှ နောက်ဆုံးမျှော်လင့်ချက် အက်ဖ်အေဖလားကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်သည် အက်ဖ်အေဖလား ၁၃ ကြိမ်မြောက် ရရှိကာ မန်ယူထက် တစ်ကြိမ်ပိုကာ အကြိမ်အများဆုံး ရရှိထားသည်။ အက်ဖ်အေဖလားသည် ဖိအားများနှင့် ရင်ဆိုင်နေရသည့်နည်းပြ အာစင်ဝင်းဂါးအတွက် သိက္ခာဆယ်ဖလား ဖြစ်ခဲ့သည်။

**သီဟ**

ပညာရေးဝန်ကြီးဌာန
၂၀၁၇-၂၀၁၈ ပညာသင်နှစ်
ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး
ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး
ကျောင်းအပ်နှံရေးသီတင်းပတ်
၂၀၁၇၊ မေလ (၂၅) မှ (၃၁) ရက်အထိ

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

● မိုက်ကယ်ကာရစ်သည် မန်ချက်စတာယူနိုက်တက်နှင့်အတူ တစ်နှစ်စာချုပ်ချုပ်ဆို လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အဆိုပါ ကစားသမားကို ပြီးခဲ့သည့်နှစ်ကလည်း အလားတူ တစ်နှစ်တိုးစာချုပ် ချုပ်ခဲ့ကြောင်း သိရှိရသည်။

● မာကိုဆေးဗားကို ဝက်ဖို့ဒ်အသင်းနည်းပြအဖြစ် နှစ်နှစ်စာချုပ်ဖြင့် ခန့်အပ်လိုက်ကြောင်း ဝက်ဖို့ဒ်အသင်းက ကြေညာခဲ့သည်။ ဟားလ်စီးတီးအသင်းမှ ပြီးခဲ့သည့်အပတ်က နုတ်ထွက်ခဲ့သူဖြစ်သော အဆိုပါ နည်းပြသည် အင်္ဂလန်နှင့် ဥရောပထိပ်သီးကလပ်တစ်ခုတွင် နည်းပြချင်ကြောင်း ပြောဆိုခဲ့သူဖြစ်ကြောင်း သိရှိရသည်။

● မိုနာကိုတိုက်စစ်မှူး ဖယ်လ်ကာအိုသည် အသင်းတွင် ပျော်ရွှင်လျက်ရှိပြီး အသင်းနှင့်အတူ ဆက်လက်ရှိနေစေချင်ကြောင်း သိရှိရသည်။ အဆိုပါ တိုက်စစ်မှူးသည် မိုနာကိုအသင်းကို ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ပြင်သစ်လီဂူးဝမ်း ချန်ပီယံဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့သူဖြစ်ပြီး ပြိုင်ပွဲစုံ ၄၃ ပွဲကစားထားရာ ဂိုး ၃၀ သွင်းယူထားကြောင်း သိရှိရသည်။

● မန်ချက်စတာယူနိုက်တက် ဂိုးသမား ရိုမဲရိုးသည် မန်ယူတွင် နေရန်စိတ်ပိုင်းဖြတ်ထားပြီး နံပါတ်တစ် ဂိုးသမားနေရာအတွက်လည်း ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ နည်းပြမော်ရင်ဟိုလက်ထက်တွင် ပထမဦးစားပေးဂိုးသမားအဖြစ် ဒီဂီယာကိုသာ ရွေးချယ်ထားသောကြောင့် ၎င်းသည် ပရီမီယာလိဂ်နှစ်ရာသီတွင် ခြောက်ပွဲသာ ကစားထားရသည်။ ဒီဂီယာသည် ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ရန် နီးစပ် နေသူဖြစ်ကြောင်းလည်း သတင်းများတွင် ဖော်ပြထားသည်။

● ဒရိုင်းစ်မာတင်သည် နာပိုလီအသင်းနှင့် ၂၀၂၀ ပြည့်နှစ် ဇွန်လအထိရှိသော စာချုပ်တစ်ရပ်ချုပ်ဆိုလိုက်ကြောင်း သိရှိရသည်။ ၎င်းသည် ၂၀၁၆-၂၀၁၇ ရာသီတွင် နာပိုလီအတွက် ပြိုင်ပွဲစုံ ၄၅ ပွဲကစားထားရာ ၃၃ ဂိုးအထိ သွင်းယူထားသူဖြစ်ကြောင်း သိရှိရသည်။

**ဇော်ဇော်**

# ဘာစီလိုနာ၊ ဒေါ့မွန်နှင့် ပီအက်စ်ဂျီတို့ လိဂ်အသီးသီး၌ ဖလားများဆွတ်ခူး

၂၀၁၆-၁၇ ဘောလုံးရာသီတွင် ဥရောပလိဂ်ကြီးမှ အမှတ်ပေးပြိုင်ပွဲ အများစု ပြီးဆုံးခဲ့ပြီး ပြည်တွင်းရှုံး၊ ထွက်ဖလားများကို မေ ၂၇ ရက် စနေနေ့ညပိုင်းတွင် ယှဉ်ပြိုင်ခဲ့ကြသည်။

စပိန်ကိုပါဒယ်ရေးဖိုလ်လုပွဲကြီးတွင် ဘာစီလိုနာက အလာဗက်ဇ်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကိုပါဒယ်ရေးဖလားကို ၂၉ ကြိမ်မြောက် ဆွတ်ခူးခဲ့သည်။

**ဂျာမန်ပိုကယ်ဖလား**

ဂျာမန်ပိုကယ်ဖလား ဖိုလ်လုပွဲကြီးတွင် ဒေါ့မွန်က နှစ်ဂိုး-တစ်ဂိုးဖြင့် ဖရန့်ဖတ်ကို အနိုင်ရရှိပြီး ပိုကယ်ဖလားကို လေးကြိမ်မြောက် ဆွတ်ခူးခဲ့သည်။ ယင်းဖလားကို ၁၈ ကြိမ်ဖြင့် ဘိုင်ယန်မြူးနစ်က အများဆုံးရရှိထားသည်။

**ပြင်သစ်ရှုံးထွက်ဖလား**

ပြင်သစ်ရှုံး၊ ထွက်ဖလားဖိုလ်လုပွဲတွင် ပီအက်စ်ဂျီက အန်းဂါးကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ယင်းဖလားကို ၁၁ ကြိမ်မြောက် ဆွတ်ခူးခဲ့သည်။ မာဆေးက ၁၀ ကြိမ်ဖြင့် ယင်းဖလားကို ဒုတိယအများဆုံးရရှိထားသည်။ **သီဟ**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂၇ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃၁ စီး၊ သွင်းကုန် ၆၂၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၃၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၇ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ ဒသမ ၉ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၉၄၂၅ သန်းခန့် စုစုပေါင်းတားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂ ဒသမ ၈၄၂၅ သန်းခန့်အား ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အလားတူ ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂၇ ရက်တွင် မန္တလေးမှ မူဆယ်သို့ သွားရောက်မည့် ဟီးနိုး အမျိုးအစား ၂၂ ဘီးယာဉ်အား ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် စပါးခွံအိတ်များနှင့် ကြက်သွန်နီအိတ်များအောက်၌ သိုဝှက်သယ်ဆောင်လာသော ပိတောက်ခွဲသားခားရွေ ၁၂၄ ချောင်း ၁၁ ဒသမ ၉၃၈၆ တန်နှင့် သယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁ ဒသမ ၉၃၈၆ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**စပါးခွံအိတ်များနှင့် ကြက်သွန်နီအိတ်များအောက်တွင် သိုဝှက်သယ်ဆောင်လာသော ပိတောက်ခွဲသား ခားရွေသစ်များနှင့် သယ်ဆောင်သည့်ယာဉ်**

# မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်အနီး၌ တရားမဝင်အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖမ်းဆီးရမိ

**မူဆယ် မေ ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်အနီး၌ မေ ၂၇ ရက် ည ၈ နာရီကျော်က တရားမဝင်အကောက်ခွန်မဲ့ ကုန်ပစ္စည်းများတင်ဆောင်လာသော မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(ယာပုံ)**




မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တာဝန်ခံ ညွှန်ကြားရေးမှူး ဦးမြင့်သူရ ဦးစီးအဖွဲ့သည် မူဆယ်ကုန်သွယ်ရေးဇုန်အနီးတွင် တရားမဝင်ယာဉ်များ ဖြတ်သန်းသွားလာလျက်ရှိကြောင်း သတင်းပေးပို့လာသဖြင့် OSS မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအား တာဝန်ပေးတားဆီးစေခဲ့ရာ မေ ၂၇ ရက် ည ၈ နာရီခွဲခန့်က မိုင်းယု(၁၀၅)မိုင် ကျေးရွာ နွားမွေးမြူရေးခြံအနီး ပြည်ထောင်စုလမ်းမကြီးဘေး၌ ရပ်တန့်ထားသည့် မော်တော်ယာဉ် ယာဉ်အမှတ် YGN/ 7D----- အမျိုးအစား ခြောက်ဘီးယာဉ်ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် ကုန်သွယ်ရေးဇုန်အတွင်းသို့ ခေါ်ဆောင်၍ စစ်ဆေးခဲ့ရာ အဆိုပါ မော်တော်ယာဉ်ပေါ်တွင် တရားမဝင်အကောက် ခွန်မဲ့ကုန်ပစ္စည်း ဆန်းကစ်အချိုရည်၊ မာမီးခေါက်ဆွဲခြောက်၊ ဒေါင်းနို့ဆီများနှင့် တရားမဝင်သစ်များ ပါရှိနေကြောင်း သိရသည်။

အဆိုပါ တရားမဝင်သစ်များနှင့် အကောက်ခွန်မဲ့ ကုန်ပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်ပေးနိုင်ပါရန် ကုန်သွယ်ရေးဦးစီးဌာနမှ အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**သန့်ဇင် (မူဆယ်)**

# တောင်ငူမြို့တွင် ကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ရွှေဆွဲကြိုးလေးကုံး ယူဆောင်ထွက်ပြေးသူအား ဖမ်းဆီးရမိ

**တောင်ငူ မေ ၂၈**

တောင်ငူမြို့ အမှတ်(၅) ရပ်ကွက် နဂါးရုံဘုရားလမ်းရှိ စိန်ညွန့် ရွှေအရောင်းဆိုင်တွင် မေ ၂၈ ရက် နံနက် ၈ နာရီ ၄၅ မိနစ်ခန့်က ရွှေလာရောက်ဝယ်ယူသူ အမျိုးသမီးက ရွှေဆွဲကြိုး သိန်း ၁၀၀ တန် ဝယ်ယူလိုကြောင်းပြောသဖြင့် ထုတ်ပြသော ရွှေဆွဲကြိုးခြောက်ကုံးအနက် လေးကုံးကို ယူဆောင်ထွက်ပြေးသွားခဲ့၍ အနီးရှိလူများက ဝိုင်းဝန်းဖမ်းဆီးကာ တောင်ငူ အမှတ်(၂) နယ်မြေ ရဲစခန်းသို့ ပို့ဆောင်အပ်နှံခဲ့ကြောင်း သိရသည်။



ရွှေဝယ်ဟန်ဆောင်သူက ယူဆောင်သွားပြီး ပြန်လည်ရရှိထားသည့် ရွှေဆွဲကြိုးများ

စိန်ညွန့်ရွှေဆိုင်မှ ဦးအကင်းသည် ရွှေဆိုင် အလုပ်သမားများနှင့်အတူ ဈေးရောင်းနေချိန် အမျိုးသမီးတစ်ဦးသည် ဆိုင်ကယ်ဖြင့်ရောက်ရှိလာကာ ငွေကျပ်သိန်း ၁၀၀ တန် ရွှေဆွဲကြိုးတစ်ကုံး ဝယ်ယူလိုကြောင်း ပြောသဖြင့် ဦးအကင်းက ရွှေဆွဲကြိုး ခြောက်ကုံးကို ထုတ်ပြခဲ့သည်။ ၎င်းအမျိုးသမီးသည် ရွှေဆွဲကြိုး ခြောက်ကုံးအနက် နှစ်ကုံးကို ဆိုင်ရှင်သို့ပြန်ပေးခဲ့ပြီး ကျန်လေးကုံးကို ယူဆောင်၍ ဆိုင်အတွင်းမှ ထွက်ပြေးသွားခဲ့သည်။

ထိုသို့ထွက်ပြေးစဉ် ဆိုင်သို့ ရောက်ရှိလာသူ အမျိုးသားများက ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ ရွှေဆွဲကြိုးလေးကုံး အလေးချိန် ၁၁ ကျပ်သားကာလတန်ဖိုး ကျပ်သိန်း ၁၀၀ ခန့်နှင့်အတူ ဖမ်းဆီးရမိသဖြင့် တောင်ငူ အမှတ်(၂)နယ်မြေ ရဲစခန်းသို့ အကြောင်းကြားခဲ့သည်။

တောင်ငူ အမှတ်(၂)နယ်မြေ ရဲစခန်း၌ စစ်ဆေးချက်အရ ရွှေဆွဲကြိုးလေးကုံး ခိုးယူထွက်ပြေးသွားသူမှာ မအာရုံဦး(၃၁ နှစ်) အမှတ် ၁၇ ရပ်ကွက် တောင်ငူမြို့နေသူဖြစ်ကြောင်း သိရှိရ၍ ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# သုံးစွဲရန်မသင့်သောအလှကုန်ပစ္စည်းကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ ရောင်းချနေသည့် အလှကုန်ပစ္စည်းများကိုစစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်းတစ်မျိုး(Combination products in a single kit)သည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် Night Cream တွင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်း (Hydroquinone) ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူ

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | Shinete'Giftset Cream (Cleansing Foam, Intensive Moisturizer Cream, Day Cream, Night Cream) | ထိုင်းဘာသာဖြင့် ဖော်ပြထားပါသည်။ | Hydroquinone (+) in Night Cream |




လူထုသုံးစွဲရန် မသင့်လျော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

၃။ အဆိပ်သင့်ဓာတုပစ္စည်းများသည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ စုပ်ယူ၍ ကိုယ်တွင်းအင်္ဂါများထိခိုက်ခြင်းနှင့် ရေရှည်သုံးစွဲပါက အရေပြားကင်ဆာရောဂါများ ဖြစ်ပွားနိုင်ပါသည်။

၄။ အလှကုန်ပစ္စည်း တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် အလှကုန်ပစ္စည်းများ တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ် (Ethic) အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ အပိုဒ် (၃) (ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ထီးလင်းတွင် တရားမဝင်သစ် ဖမ်းဆီးရမိ

**ထီးလင်း မေ ၂၈**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် သစ်တောဦးစီးဌာနဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ထီးလင်း-ကျင်း-ပေါက်ကားလမ်းတွင် တရားမဝင်သစ်ခိုးယူ သယ်ဆောင်ခြင်းများအား စစ်ဆေးအရေးယူလျက်ရှိရာ မေ ၂၅ ရက်က မိုင်တိုင်အမှတ် (၈၁/၁)အနီးတွင် ယာဉ်အမှတ် ၂ခ/---- နီဆန်းယူဒီ ၁၂ ဘီးယာဉ်ပေါ်မှ ပိတောက်ခွဲသား ခန့်မှန်း ၁၀ တန်အား ယာဉ်မောင်းအပါအဝင် ပြစ်မှုကျူးလွန်သူလေးဦးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ပြစ်မှုကျူးလွန်သူများအား ထိရောက်စွာအရေးယူနိုင်ရန် ကျင်းရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **(၁၀၁)**

# မီးလောင်ရာတွင် ဝိုင်းဝန်းငြိမ်းသတ်ပေးသူ မီးလောင်ဒဏ်ရာကြောင့်သေဆုံး

**ပေါက်တော မေ ၂၈**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပေါက်တောမြို့ပေါ်၌ မေ ၁၇ ရက်က ဖြစ်ပွားသော မီးလောင်မှု၌ ဝိုင်းဝန်းငြိမ်းသတ်သူတစ်ဦးသေဆုံးသွားကြောင်း သိရှိရသည်။

သေဆုံးသူသည် မီးလောင်နေသည့်နေရာကို ဝင်ကူ၍မီးသတ်ပေးရာမှ ခလုတ်တိုက်ပြီး လဲကျသွား၍ မီးလောင်မှုဖြစ်ခဲ့ရသည်။ မီးလောင်ဒဏ်ရာပြင်းထန်မှုကြောင့် ပေါက်တောဆေးရုံမှတစ်ဆင့် စစ်တွေပြည်သူ့ဆေးရုံသို့ ပြောင်းရွှေ့ဆေးကုသမှု ခံယူနေစဉ် ဦးမောင်ထွန်းသိန်း( ၃၄ နှစ်)မှာ မေ ၂၅ ရက်တွင် စစ်တွေပြည်သူ့ဆေးရုံ၌ သေဆုံးသွားကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# နောင်ချိုမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀၀ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၈**

မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၇ ရက်က နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး လားရှိုး-မန္တလေးသွားကားလမ်းမပေါ်တွင် နေဇာထွန်းမောင်းနှင်ပြီး မနှင်းပွင့်ထွန်း လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် နေဇာထွန်း (၂၈ နှစ်)နှင့် မနှင်းပွင့်ထွန်း (၂၂ နှစ်)တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



နေဇာထွန်းနှင့် မနှင်းပွင့်ထွန်းတို့နှစ်ဦးအား စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်

# ဆီသယ်ယာဉ်နှင့် ဆိုင်ကယ်တိုက်မိ တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

**မော်လူး မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးရဲစခန်းပိုင်နယ်မြေ ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ခြောက်ဘီးဆီသယ်ယာဉ်နှင့် ဆိုင်ကယ်တိုက်မိခဲ့ရာ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မေ ၂၇ ရက်ညနေ ၄ နာရီ မိနစ် ၂၀ ခန့်က ရွှေဘို-မြစ်ကြီးနားပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၁၆၆/၃-၄)ကြားတွင် တောင်မှမြောက်သို့ ယာဉ်မောင်း ထွန်းနိုင် (၃၀ နှစ်) ထီးချိုင့်မြို့နယ်နေသူမောင်းနှင်ပြီး ယာဉ်နောက်လိုက် ပြည့်ဖြိုး (၂၆ နှစ်) ကသာ မြို့နယ်နေသူတို့ လိုက်ပါလာသော ယာဉ်အမှတ် S/---- နှစ်ဆန်းဟွန်ဒါယာဉ်နှင့် မာန်ဟဲကျေးရွာလမ်းခွဲဘက်သို့ ပြည်ထောင်စုလမ်းမကြီးအတိုင်း တောင်မှမြောက်သို့ ဇော်ဝင်း (၃၅ နှစ်)မောင်းနှင်ပြီး နောက်မှ ကျော်ဆွေ (၅၂ နှစ်) အင်းတော် မြို့နယ်နေသူတို့လိုက်ပါသည့် ဆိုင်ကယ်တို့တိုက်မိရာ ဇော်ဝင်းနှင့် ကျော်ဆွေ ဒဏ်ရာရရှိခဲ့သဖြင့် မော်လူးတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

ကျော်ဆွေမှာ ပြင်းထန်ဒဏ်ရာရရှိသဖြင့် မန္တလေးဆေးရုံသို့ လွှဲပြောင်းကုသရန် ပို့ဆောင်စဉ် ယင်းနေ့ ည ၇ နာရီ ၅ မိနစ်တွင် သေဆုံးခဲ့သဖြင့် ထွန်းနိုင်နှင့် ဇော်ဝင်းတို့နှစ်ဦးအား မော်လူးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(၀၆၇)**

# ခပေါင်းချောင်းအတွင်း လူသေအလောင်းတွေ့ရှိ

**အုတ်တွင်း မေ ၂၈**

တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျောင်းရှစ်ဆယ်ကျေးရွာအနီး ခပေါင်းချောင်းထဲ၌ မေ ၂၈ ရက် နံနက် ၈ နာရီခန့်က လူသေအလောင်းတစ်လောင်း မျောပါလာကြောင်း သတင်းအရ အုတ်တွင်းမြို့မရဲစခန်း စခန်းမှူး ဒုရဲမှူး ဇော်လွင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးတွေ့ရှိချက်များအရ အသက် ၄၀ နှစ်အရွယ်ခန့် အမျိုးသားအလောင်း (အမည်၊ နေရပ်စုံစမ်းဆဲ)အား ပြင်ပဒဏ်ရာ တစ်စုံတစ်ရာတွေ့ရှိခြင်းမရှိ၍ အုတ်တွင်းမြို့မရဲစခန်းက သေမှုသေခင်းဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ကျွန်တော်နှင့် မှန်ပြတင်းပေါက်

ပါမောက္ခဒေါက်တာအောင်ထွန်းသက်



တစ်နေ့ညက ကျွန်တော်မော်လမြိုင်၊ ဘားအံခရီးအပြန် အိမ်ရောက်တော့ ဝမ်းသာကြောင်း တယ်လီဖုန်းတွေ အီးမေး(လ်)တွေ ရခဲ့တယ်။ ရုတ်တရက် ဘာကြောင့်မှန်းမသိပေမယ့် အခုလို ကိုယ့်ကိုအားပေးတာမို့ ကျေနပ်မိတယ်။ နောက်တစ်နေ့ မနက်စောစော မြန်မာ့အလင်းသတင်းစာဖတ်မှ အကျိုးအကြောင်းကို သိခဲ့ရတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က UMFCCI နဲ့ UN Global Compact Myanmar အဖွဲ့ အစည်းနှစ်ခုကို ကျေးဇူးတင်ကြောင်းသဝဏ်လွှာ ထုတ်ပြန်ထားတာ။ နိုင်ငံတော်အစိုးရအသစ်ရဲ့ ပထမဦးစားပေး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပုဂ္ဂလိကကဏ္ဍ ပါဝင်လှုပ်ရှားမှုကို အသိအမှတ်ပြုခြင်း။

အခုလို အသိအမှတ်ပြုခြင်းဟာ အောင်မြင်မှုတစ်ရပ်ဖြစ်ပြီးတော့ ဘယ်သူ့ကြောင့် အခုလိုဖြစ်ရသလဲဆိုတာကို စဉ်းစားတဲ့အခါ စီမံခန့်ခွဲမှုပညာအရ ပေးထားတဲ့ ဥပမာတစ်ခုကို စဉ်းစားမိတယ်။ အောင်မြင်တဲ့အခါ ပြတင်းပေါက်ကို သုံးပြီး အောင်မြင်မှုမရှိတဲ့ အခြေအနေမျိုးမှာ မှန်ကိုသုံးဖို့ သတိပေးခဲ့တယ်။ ဒီပြတင်းပေါက်မှန်ကို ကျွန်တော်မြတ်နိုးမိတာမို့ အခုလို မျှဝေတာဖြစ်တယ်။

အောင်မြင်တဲ့အခါ ပြတင်းပေါက်ကိုကြည့်ပါလို့ ပြောရတာက ပြတင်းပေါက်ကလှမ်းကြည့်ရင် ဒီအောင်မြင်မှုကို ပုံစံအမျိုးမျိုးနဲ့ အကူညီပေးခဲ့ကြသူတွေ၊ ပံ့ပိုးပေးခဲ့သူတွေ အများကြီး။ ကိုယ်တစ်ယောက်တည်းလုပ်လို့ မဖြစ်တာကို သတိပေးခြင်းဖြစ်တယ်။ ငါ့ကြောင့် ငါတော်လို့ အောင်မြင်ရတာ၊ ငါမရှိရင် မဖြစ်ဘူးဆိုတဲ့ အတွေးမျိုးတွေကို ဖျောက်ဖျက်ပေးဖို့ လိုအပ်လှတယ်။ ကျွန်တော်တို့ လူ့အသိုင်းအဝိုင်းမှာ ဒီစိတ်တွေ လွှမ်းမိုးခဲ့တယ်။ အတ္တစိတ်ကြီးကြတယ်။ အရာရာတိုင်းမှာ တစ်ဦးတည်း၊ တစ်ယောက်တည်း တော်ရုံနဲ့ မဖြစ်နိုင်ဘူး။ ဝိုင်းဝန်းကူညီတဲ့သူတွေ လိုအပ်တယ်။ ကုမ္ပဏီတစ်ခုကို ဦးစီးတဲ့သူတွေ၊ အဖွဲ့အစည်းတစ်ခုကို ခေါင်းဆောင်တဲ့သူတွေ ပြတင်းပေါက်ကို အမြဲသတိပြုစေချင်တယ်။

စီမံခန့်ခွဲမှုပညာမှာ (team)ဆိုတဲ့ အယူအဆဟာ ခေတ်စားလာတယ်။ အားကစားဥပမာကိုသုံးရင် အသင်းအဖွဲ့ဖြစ်တယ်။ ဘောလုံးအသင်းမှာ အသင်းသား ၁၁ ဦးရှိပြီး ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်းနှင့် ဂိုးသမားတို့ဟာ သူ့နေရာနဲ့သူ ကစားနိုင်ဖို့လိုတယ်။ တစ်ယောက်နဲ့ တစ်ယောက် အပေးအယူရှိပြီး နားလည်မှုရှိရမယ်။ တစ်ယောက်တည်းထူးချွန်ရုံနဲ့ မလုံလောက်ဘူး။ တစ်ယောက်တည်းကစားတဲ့ အားကစားလို မဟုတ်တဲ့အတွက် အားလုံးတက်ညီလက်ညီရှိမှ အဆင်ပြေနိုင်မှာ။

လုပ်ငန်းအဖွဲ့အစည်းတွေမှာလည်း ဒီလိုပဲဖြစ်တယ်။ တစ်ဦးနဲ့တစ်ဦး ညှိနှိုင်းဆောင်ရွက်ဖို့ အလွန်အရေးကြီးတယ်။ အပေးအယူရှိရမယ်။ နားလည်မှုရှိရမယ်။ ပေါင်းလိုက်ရင် အားပိုရှိဖို့ လိုအပ်တယ်။ ပူးပေါင်းမှုကရလာတဲ့ အင်အားဟာ တစ်ဦးချင်းဆောင်ရွက်ချက်တွေ စုပေါင်းတာထက် ပိုရမယ်။ အသင်းခေါင်းဆောင်လုပ်သူဟာ ကျန်တဲ့အသင်းသားတွေထက် ပိုပြီး ထူးချွန်တာထက် စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုကို ဖော်ထုတ်နိုင်သူဖြစ်ရမယ်။

လုပ်ငန်းအဖွဲ့အစည်းတွေမှာ ညှိနှိုင်းဆောင်ရွက်မှုဟာ ပမာနဖြစ်တယ်။ တစ်ဌာနနဲ့ တစ်ဌာန လေးစားရမယ်။ အသိအမှတ်ပြုရမယ်။ ဌာနတစ်ခုတည်း ထူးချွန်နေလို့ မဖြစ်ဘူး။ အခုတော့ ကိုယ်ပဲ ဗိုလ်လုပ်ချင်တယ်။ သူများနဲ့ ဆက်သွယ် ပူးပေါင်းဖို့ ဝန်လေးတယ်။ အဖွဲ့အစည်းအရွယ်အစား ကြီးမားလေလေ ညှိနှိုင်းမှုဟာ အရေးပါလေလေဖြစ်တယ်။ ညှိနှိုင်းဖို့ပြောရင် အညှိမခံလိုကြဘူး။ ကိုယ့်ရဲ့နယ်ပယ်ကျဉ်းမှာ စိုးရိမ်ကြတယ်။ ကိုယ့်ရဲ့သြဇာလွှမ်းမိုးမှုကို အလျှော့မပေးချင်လှဘူး။ ကိုယ့်နယ်နိမိတ်ကို ထိန်းသိမ်းလိုတယ်။ ခြံခတ်လိုကြတယ်။ အစိုးရတိုင်းမှာ ဝန်ကြီးဌာနတွေ ဖွဲ့စည်းထားကြတယ်။ ဝန်ကြီးဌာနတွေကို ဘာသာရပ်ဆိုင်ရာတာဝန် ပေးထားကြတယ်။ ကာကွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဘဏ္ဍာရေး အစရှိတဲ့ ဝန်ကြီးဌာနတွေ ဖွဲ့စည်းပြီး တာဝန်ယူကြတယ်။ ဒါပေမယ့် ဘယ်ဝန်ကြီးဌာနမှ ကျန်တဲ့ဌာနတွေရဲ့ ပါဝင်ပူးပေါင်းဆောင်ရွက်မှုမပါဘဲ လုပ်လို့မရနိုင်ဘူး။ ကျန်းမာရေးဝန်ကြီးဌာန အောင်မြင်ဖို့ ပညာရေးဝန်ကြီးဌာနရဲ့ အကူအညီဟာ အရေးပါသလို ကုန်သွယ်ရေးဝန်ကြီးဌာနနဲ့လည်း ပူးပေါင်းဆောင်ရွက်ရမှာသာ ဖြစ်တယ်။ ဌာနတွေ ဖွဲ့စည်းထားတာဟာ သတ်မှတ်ချက်တစ်ခုသာဖြစ်တယ်။ ပြည်သူတွေအတွက် ဒါကတော့ ပညာရေး၊ ဒါကတော့ ကျန်းမာရေးဆိုပြီး ခွဲခြားလို့မရနိုင်ဘူး။ ပြည်သူတွေအတွက် ပြီးပြည့်စုံတဲ့ဝန်ဆောင်မှုပေးနိုင်ဖို့ ဌာနတွေက ပူးပေါင်းဆောင်ရွက်ရမှာသာ ဖြစ်တယ်။

ပြတင်းပေါက်ကိုသုံးခြင်းဟာ မိမိနဲ့ ပါဝင်ပတ်သက်သူတွေကို အသိအမှတ်ပြုပြီး လက်ခံခြင်းဖြစ်တယ်။ လုပ်ဖော်ကိုင်ဖက်တွေကို အခွင့်အရေးရတိုင်း ချီးကျူးပြီး အားပေးသင့်တယ်။ အခုလိုဆောင်ရွက်တဲ့နေရာမှာလည်း လူပုံအလယ်မှာ လုပ်ရမယ်။ ဒါမှလည်း အသိအမှတ်ပြုခြင်းခံရတဲ့သူဟာ ကျေနပ်မှု အပြည့်ရနိုင်မှာ။ တချို့ကတော့ ချီးကျူးတဲ့အခါမှာ နှစ်ယောက်တည်းတွေ့ပြီး ပြောတယ်။ အခုလို ချီးကျူးခြင်းခံရသူဟာ ကျန်တဲ့လူတွေကို ပြန်ပြောရမှာ အခက်အခဲကြုံရတယ်။ လူပုံအလယ်မှာ ချီးကျူးလိုက်ရင် အားလုံးကကြားရတာမို့ အငြင်းပွားစရာမဟုတ်တော့ဘူး။

အခုလို အောင်မြင်တဲ့အခါ ပြတင်းပေါက်ကို သုံးပြီး မအောင်မြင်တဲ့အချိန်မျိုးမှာကျတော့ မှန်ကို သုံးသင့်တယ်။ မှန်ကိုသုံးရင် ကိုယ့်ကိုယ်ကိုယ်မြင်မယ်။ အပြစ်ရှိရင် တခြားလူတွေကို အပြစ်ရှာမယ့်အစား ကိုယ့်ကြောင့်ဖြစ်တယ်လို့ ဝန်ခံရဲရမယ်။ ဒါက တာဝန်ယူမှု၊ တာဝန်ခံမှုပဲဖြစ်တယ်။

> **အပြစ်ရှိရင် တခြားလူတွေကို အပြစ်ရှာမယ့်အစား ကိုယ့်ကြောင့်ဖြစ်တယ်လို့ ဝန်ခံရဲရမယ်။ ဒါက တာဝန်ယူမှု၊ တာဝန်ခံမှုပဲဖြစ်တယ်။ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ သိပ်အားနည်းတယ်။ မှန်ကြည့်ရဲတဲ့သူတွေအစား အမှားဖြစ်ရင် ပြတင်းပေါက်ကို ကြည့်ပြီး ကျန်တဲ့သူတွေကို အပြစ်ပုံကြတယ်။ အမှန်တော့ ဝန်ထမ်းဆိုတာ ဝန်ကိုထမ်းတဲ့သူတွေ ဖြစ်တယ်။ ပြည်သူပြည်သားတွေရဲ့ ဝန်တွေကို ထမ်းတဲ့သူတွေ။ အမှားကိုကြောက်တဲ့ယဉ်ကျေးမှုဟာ ကျွန်တော်တို့နိုင်ငံမှာ အမြစ်တွယ်နေတာ တွေ့ရတယ်။ အမှားလုပ်မိရင် အပြစ်ပေးခံခဲ့ရတာမို့ မမှားအောင် ဘာမှမလုပ်တော့ဘူး။ ဘာမှမလုပ်တဲ့သူအတွက် အမှားမရှိနိုင်ဘူး။ ကိုယ့်တာဝန်ကိုယ်မယူဘဲ အထက်ကိုတင်ပြတယ်။ အမိန့်ကိုနာခံဖို့ ပြင်ဆင်နေကြတယ်။ ရဲရဲဝံ့ဝံ့ တာဝန်ခံပြီး မှားရင် ထွက်ရဲတဲ့သတ္တိ လိုအပ်တယ်။ စေတနာနဲ့လုပ်တဲ့ အမှားဟာ အမှားမဟုတ်ဘူး။ သင်ခန်းစာသာဖြစ်တယ်**

ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ သိပ်အားနည်းတယ်။ မှန်ကြည့်ရဲတဲ့သူတွေအစား အမှားဖြစ်ရင် ပြတင်းပေါက်ကို ကြည့်ပြီး ကျန်တဲ့သူတွေကို အပြစ်ပုံကြတယ်။ အမှန်တော့ ဝန်ထမ်းဆိုတာ ဝန်ကိုထမ်းတဲ့သူတွေ ဖြစ်တယ်။ ပြည်သူပြည်သားတွေရဲ့ ဝန်တွေကို ထမ်းတဲ့သူတွေ။ အမှားကိုကြောက်တဲ့ယဉ်ကျေးမှုဟာ ကျွန်တော်တို့နိုင်ငံမှာ အမြစ်တွယ်နေတာ တွေ့ရတယ်။ အမှားလုပ်မိရင် အပြစ်ပေးခံခဲ့ရတာမို့ မမှားအောင် ဘာမှမလုပ်တော့ဘူး။ ဘာမှမလုပ်တဲ့သူအတွက် အမှားမရှိနိုင်ဘူး။ ကိုယ့်တာဝန်ကိုယ်မယူဘဲ အထက်ကိုတင်ပြတယ်။ အမိန့်ကိုနာခံဖို့ ပြင်ဆင်နေကြတယ်။ ရဲရဲဝံ့ဝံ့တာဝန်ခံပြီး မှားရင်ထွက်ရဲတဲ့သတ္တိ လိုအပ်တယ်။ စေတနာနဲ့လုပ်တဲ့အမှားဟာ အမှားမဟုတ်ဘူး။ သင်ခန်းစာသာဖြစ်တယ်။

စွန့်စားပြီး တာဝန်ခံမှုကို အားပေးဖို့လိုအပ်တယ်။ ဒါက အခြေခံအတွေးအခေါ် ပြောင်းလဲမှုပဲဖြစ်တယ်။ အကြောက်တရားနဲ့အုပ်ချုပ်တဲ့စနစ် ပျက်သုဉ်းသွားပြီဖြစ်တာမို့ တာဝန်ယူနေတဲ့သူတွေဟာ တာဝန်ခံဖို့ လိုအပ်တယ်။ စွန့်စားမှုကို ပြောတာဟာ မျက်စိမှိတ်ပြီး စိတ်ကူးရရာလုပ်တာမဟုတ်ဘူး။ မလုပ်ခင်စဉ်းစားပြီးမှ အဆုံးတိုင် တာဝန်ယူရဲရမယ်။ ချီတုံချတုံ လုပ်လို့မဖြစ်ဘူး။ မှန်ကိုကြည့်ရဲတဲ့သတ္တိက အလိုအလျောက်ပေါ်မှာမဟုတ်တဲ့အတွက် အလေ့အကျင့်ပေးဖို့လိုတယ်။ ဒီနေရာမှာ ယုံကြည်မှု၊ အခြေခံ မိမိကိုယ်မိမိ ယုံကြည်တဲ့သူဟာ မှန်ကိုကြည့်ရဲတယ်။ "မှတစ်ပါး တခြားမရှိ"ဆိုတဲ့ အတွေးအခေါ်ကို ဖျောက်ရမယ်။ လူဆိုတာ မှားနိုင်တယ်။ မှားတာက အပြစ်မဟုတ်ဘူး။ အမှားကရလာတဲ့ သင်ခန်းစာကို မယူနိုင်ရင်သာ ကြီးမားလှတဲ့အပြစ်ဖြစ်တယ်။ အမှားကို လက်ခံနိုင်မှုဟာ သင်ယူ ခံယူမှုသာဖြစ်တယ်။ အားလုံးကို မသိနိုင်ဘူး။ သိစရာတွေ အများကြီးရှိသေးတယ်။ ဒီအတွေးတွေကို အားပေးရမှာသာဖြစ်တယ်။

လက်တွေ့မှာ ပြတင်းနဲ့ မှန်ကို အသုံးချပုံတွေက လွဲနေတယ်။ အောင်မြင်မှုရရင် မှန်ကိုထုတ်သုံးတယ်။ မှန်ထဲမြင်တဲ့ မိမိရဲ့ရုပ်ပုံကို ကြည့်မဝဖြစ်တယ်။ "ငါ့ကြောင့်"၊ "ငါတော်လို့"၊ " ငါမရှိမဖြစ်ဘူး"ဆိုတဲ့ အတွေးတွေ စွဲကပ်ခဲ့တယ်။ အမှားနဲ့ ရင်ဆိုင်ရတဲ့အခါတော့ မှန်ကိုမကြည့်တော့ဘဲ ပြတင်းပေါက်ကိုကြည့်ပြီး ကျန်ရှိတဲ့သူတွေသာ အပြစ်ဖို့ကြတယ်။

ကျေးဇူးတင်တဲ့စာကို ဖတ်လိုက်ရပြီး ပြတင်းပေါက်ကို ပြေးမြင်မိတယ်။ "ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများ"ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်ရွက်ခဲ့တဲ့ လှုပ်ရှားမှုဟာ အခုဆို အရှိန်ရလာပြီဖြစ်တယ်။ "ကျွန်တော်နဲ့ ဧပြီလ ၄ ရက်" ဆိုတဲ့ ခေါင်းစဉ်နဲ့ မြန်မာ့အလင်းသတင်းစာမှာ ဆောင်းပါးတစ်ပုဒ် ရေးခဲ့တယ်။ နိုင်ငံရဲ့ ငြိမ်းချမ်းရေးလှုပ်ရှားမှုမှာ ပုဂ္ဂလိကကဏ္ဍ ပါဝင်ပတ်သက်မှုကို ဖော်ထုတ်အားပေးမှု။ ဧပြီလ ၄ ရက်နေ့ကလုပ်တဲ့ပွဲမှာ နာယကကြီးဦးတင်ဦး တက်ရောက်ပြီး မိန့်ခွန်းပေးခဲ့တယ်။ အားပေးခဲ့တယ်။ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေကလည်း ပံ့ပိုးခဲ့ကြတယ်။ မြန်မာနိုင်ငံ ကုန်သည်နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနဲ့ အမှုဆောင်တွေလည်း ပါဝင်ကြတယ်။ ပြည်နယ်ဝန်ကြီးချုပ်တွေကလည်း ထောက်ခံခဲ့ကြတယ်။ လုပ်ငန်းရှင်တွေကလည်း ပါဝင်လှုပ်ရှားခဲ့ကြတယ်။

ပြတင်းပေါက်က ကြည့်လိုက်ရင် ကျေးဇူးတင်ရမယ့်သူတွေက ဒုနဲ့ဒေးပါ။ ကျွန်တော်က ဒီလှုပ်ရှားမှုကို အစဖော်ထုတ်တဲ့သူသာ ဖြစ်ပါတယ်။ ကျွန်တော်တစ်ဦးတည်း ဘာမှလုပ်လို့မရပါဘူး။ ကျွန်တော့်ကို ဝန်းရံပေးကြတဲ့သူတွေက ရေတွက်လို့မကုန်နိုင်ပါဘူး။ အထူးသဖြင့် ဆွေးနွေးပွဲတွေကို တက်ရောက်လာကြတဲ့ ပရိသတ်တွေက ပြတင်းပေါက်ထဲက မြင်ရတဲ့သူတွေ ဖြစ်ပါတယ်။ အကယ်၍ ဒီလှုပ်ရှားမှုနဲ့ပတ်သက်ပြီး အထစ်အငေါ့ရှိရင်၊ အခက်အခဲရှိရင် ကျွန်တော့်အတွက်ကတော့ မှန်ထုတ်ကြည့်ဖို့သာဖြစ်ပါတယ်။ ။

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ပြိုင်ပွဲများ ကျင်းပမည်

**ဟားခါး မေ ၂၈**

ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အကြိမ်(၃၀) မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများကို ဟားခါးမြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဟားခါးမြို့ရှိ ချင်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ မေ ၂၆ ရက်က ပြုလုပ်ခဲ့သည့် အထိမ်းအမှတ်ပြိုင်ပွဲများကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်း အဝေးတွင် ချင်းပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်က အမှာစကားပြောကြားပြီး ခေတ္တပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိုးလွင်က ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ပတ်သက်၍လည်းကောင်း၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရဲမှူး(ဦးစီး)ရဲမှူးသိန်းထွန်းဦးက ယခုနှစ် အထိမ်းအမှတ်နှင့် ပြိုင်ပွဲများကျင်းပမည့် အစီအစဉ်များကိုလည်းကောင်း၊ ဒုရဲမှူး(ဦးစီး) ဒုရဲမှူးသိန်းကျော်က ကော်မတီဖွဲ့စည်းမှု(မူကြမ်း)နှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

အကြိမ် (၃၀)မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများကို ဇွန် ၃ ရက်တွင် ဟားခါးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း အစည်းအဝေးမှ သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရေစကြိုမြို့တွင် မြစ်ရေကာကွယ်ရန် ကမ်းနားလမ်းတစ်လျှောက် ကျောက်ရိုးစီတာပေါင်မြှင့်

**ရေစကြို မေ ၂၈**

ရေစကြိုမြို့၌ ချင်းတွင်းမြစ်ရေကျော်ခြင်းမှ ကာကွယ်တားဆီးနိုင်ရန်အတွက် ကမ်းနားလမ်းတစ်လျှောက်တွင် ကျောက်ရိုးစီ တာပေါင်မြှင့်တင်ခြင်းလုပ်ငန်းကို မကွေးတိုင်းဒေသကြီးအစိုးရ ပိုလျှံရန်ပုံငွေ ကျပ်သိန်းနှစ်ရာဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံ အင်ဂျင်နီယာ ဦးစိုးနိုင်ဦးက တာဝန်ယူ၍ ဆောင်ရွက်လျက်ရှိရာ ပြီးစီးမှု အခြေအနေကို မေ ၂၆ ရက်က တွေ့ရသည်။

ရေစကြိုမြို့အမှတ်(၁) ရပ်ကွက် ထိပ်မှ ဖောင်တော်ဦးဘုရားအထိ ယခင် တည်ရှိပြီးဖြစ်သော မြို့ရေကာတာပေါင်၏ အထက်ဘက်တွင် အရှည်ပေ ၃၄၀၀၊ ထု ၁ ပေ ၃ လက်မ၊ အမြင့် ၁ ပေ ၉ လက်မရှိ ကျောက်ရိုးစီတာပေါင်ကို ထပ်မံမြှင့်တင်ခြင်းဖြစ်ကြောင်း သိရသည်။ ရေစကြိုမြို့တွင် မြို့ပေါ်ရပ်ကွက်များဖြစ်သော အမှတ်(၁)၊ အမှတ် (၄) နှင့်အမှတ်(၆)ရပ်ကွက်တို့သည် ချင်းတွင်းမြစ်ကမ်းနံဘေးတွင် တည်ရှိပြီး မြို့မဈေးကြီးနှင့် ပွဲရုံများမှာလည်း ချင်းတွင်းမြစ်ကမ်းနဖူးတွင် တည်ရှိကြရာ ချင်းတွင်းမြစ်ရေ မြင့်တက်လာလျှင် ရေကာတာပေါ် ရေကျော်သည်နှင့်တစ်ပြိုင်နက် မြို့မဈေးကြီး၊ ပွဲရုံနှင့်အနီးဝန်းကျင်ရပ်ကွက်များသို့ မြစ်ရေဝင်ရောက်လေ့ရှိသောကြောင့် ချင်းတွင်းမြစ် ရေကျော်ခြင်းမှ ကာကွယ်တားဆီးနိုင်ရန် ယခုကဲ့သို့ ရေကာတာအထက် ကမ်းနားလမ်းတွင် ကျောက်ရိုးစီတာပေါင်ကို မြှင့်တင်ခြင်းဖြစ်ကြောင်း သိရသည်။

**အိမ့်နွန်ဆွေ(ရေစကြို)**



# ရေးမြို့နယ်တွင် အပူချိန်မြင့်တက်လာမှုကြောင့် ကြက်မောက်သီးများ အထွက်နှုန်းလျော့

**ရေး မေ ၂၈**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း ရာသီဥတု အပူချိန်မြင့်တက်လာမှုကြောင့် ဒေသထွက်ကုန် ရာသီသီးနှံများဖြစ်သည့် ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်သီးများမှာ ပုံမှန်ထွက်ရှိမှုထက် နောက်ကျလာသည့်အပြင် ယခင်နှစ်ထက် အသီးထွက်ရှိမှု ကျဆင်းလာနေကြောင်း သိရသည်။

"ယခင်နှစ်တွေထက် အပူချိန်ပိုမိုမြင့်တက်လာလို့ ရာသီပေါ် ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်၊ ကွမ်းသီးစတဲ့ အသီးတွေကပါ အရင်လို ပုံမှန်ထွက်ချိန်ထက် နောက်ကျလာနေတဲ့အပြင် ထွက်ရှိမှုလည်း ကျဆင်းလာတယ်။ ရာသီဥတုဒဏ်တွေခံရလို့ သီးနှံတွေ ထိခိုက်ပျက်စီးမှု ရှိနေပါတယ်" ဟု စိုက်ပျိုးတောင်သူများက ဆိုသည်။



အဓိက အပူချိန်မြင့်လာခြင်းမှာ ဒေသတွင်းနိုင်ငံများ၏ သစ်တောပြုန်းတီးမှု၊ စက်ရုံအလုပ်ရုံနှင့် သဘာဝပတ်ဝန်းကျင် ဂေဟစနစ်ပျက်သုဉ်းခြင်း အပြင် လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ပျံ့နှံ့ခြင်းကြောင့် အပူချိန်မြင့်တက်ခြင်းဖြစ်ကြောင်း ရေးမြို့နယ် မိုးလေဝသနှင့် ဇလဗေဒဌာနခွဲကြီးကြပ်မှုဦးစီးဌာန ဦးစီးမှူး ဦးဆန်းငွေက ပြောသည်။

အပူချိန်မြင့်တက်လာသည်နှင့် အမျှ ဒေသအတွင်း ရေရှားပါးပြတ်လပ်မှု ဖြစ်ပေါ်ခြင်းကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများပါ ထိခိုက်ကျဆင်းလာနေခဲ့သလို တောမီးလောင်ကျွမ်းမှုများလည်း ဖြစ်ပေါ်စေနိုင်ကြောင်း မိုးလေဝသပညာရှင်များက သုံးသပ်မှုများရှိသည်။

**နေမျိုးထွန်း - ရေး**

# ဂရန်အင်းနှင့် တင်ဒါငါးဖမ်းကွက်များ လေလံပစ်ရာ အခွန်ငွေကျပ်သိန်း ၅၃၀၀ ကျော်ရရှိ

**ထက်အောင်**(AMIA)

ယခုဘဏ္ဍာနှစ်အတွက် မန္တလေးတိုင်းဒေသကြီးက ဂရန်အင်းနဲ့ တင်ဒါငါးဖမ်းကွက်တွေကို လေလံပစ်တာကနေ အခွန်ငွေကျပ်သိန်းပေါင်း ၅၃၀၀ ကျော်ရရှိခဲ့ပြီး မနှစ်ကထက် အခွန်ငွေကျပ်သိန်း ၁၄၀၀ ကျော် ပိုရရှိခဲ့တယ်လို့ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက သိရပါတယ်။

မေ ၃ ရက်ကနေ ၉ ရက်အထိ အင်းပေါင်း ၁၂၂ အင်းနဲ့ တင်ဒါ ငါးဖမ်းကွက် ၁၇ ခုကို လေလံပစ်ခဲ့ရာမှာ အင်းပေါင်း ၁၀၃ အင်းနဲ့ တင်ဒါငါးဖမ်းကွက် ၁၀ ခုကို ရောင်းချခဲ့ရပါတယ်။

"အခုဘဏ္ဍာနှစ်အတွက် မန္တလေးတိုင်းမှာရှိတဲ့ ဂရန်အင်းနဲ့ တင်ဒါငါးဖမ်းကွက်တွေကို လေလံပစ်တာကနေအခွန်ငွေကျပ်သိန်း ၅၃၀၀ ကျော်ရရှိခဲ့ပါတယ်။ မနှစ်ကထက် သိန်း ၁၄၀၀ ကျော် ပိုရခဲ့တာပေါ့" လို့ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးလှဝင်းက ပြောပါတယ်။

အခု ဘဏ္ဍာနှစ်မှာအင်းတစ်ခုရဲ့လေလံကြမ်းခင်းဈေးကို ငွေကျပ် ၅၀၀၀၀ ကနေ ငွေကျပ်သိန်း ၃၀၀ ထိ သတ်မှတ်ခဲ့ပြီး သုံးနှစ်ကြေးတိုင် စနစ်ကနေ တစ်နှစ်ချင်းစီလေလံစနစ်ကို ပြောင်းလဲခဲ့ပါတယ်။

"ရောင်းချဖို့ ကျန်ရှိနေတဲ့ အင်းအချို့က အရင်ကြေးတိုင်စနစ်ကနေ သတ်မှတ်ထားတဲ့ဈေးနှုန်းတွေကို ဆက်ပြီးမသွင်းနိုင်တဲ့အတွက် ပြန်လည်အပ်နှံရတာတွေလည်း ရှိတယ်။ အဲ့ဒီ အင်းတွေကိုလည်း သက်ဆိုင်ရာ မြို့နယ်တွေမှာ လေလံတင်ရောင်းချသွားမှာပါ"လို့ ၎င်းက ဆက်လက်ပြောပါတယ်။

လေလံတင်ရောင်းချမှုကနေ ကျန်ရှိနေတဲ့ အင်း ၁၉ ခုနဲ့ တင်ဒါငါးဖမ်းကွက် ခုနစ်ခုကို မေ ၁၈ ရက်က စတင်ပြီး သက်ဆိုင်ရာခရိုင်တွေမှာပဲ ဆက်လက်လေလံတင်ရောင်းချနေပြီလို့ သိရပါတယ်။

# ပင်းတယ လက်ဖက်စိုက်တောင်သူများအား အော်ဂဲနစ်လက်မှတ်ရရှိရန် GIZ ကူညီပေးမည်

**ဇာလင်းသူ**( AMIA)

ရှမ်းပြည်နယ် တောင်ပိုင်း ပင်းတယမြို့နယ် တောင်ပေါ်ကြီးကျေးရွာအုပ်စု ထင်းရှူးကုန်းရွာအပါအဝင် အနီးပတ်ဝန်းကျင်မှာရှိနေတဲ့ ရွာပေါင်း ၁၄ ရွာမှ လက်ဖက်စိုက်တောင်သူတွေကို ဂျာမန်အဖွဲ့အစည်း (GIZ)က အော်ဂဲနစ်လက်မှတ်ရရှိအောင် ကူညီပေးဖို့ရှိနေတယ်လို့ လက်ဖက်စိုက်ပျိုးတောင်သူတွေက ပြောပါတယ်။

"လက်ဖက်ဈေးကွက်ကိုလည်း GIZ က နည်းပညာအကူအညီနဲ့ ပြည်တွင်း ပြည်ပကို ထိုးဖောက်နိုင်အောင် လုပ်မယ်။ ဒီလက်မှတ်ရှိပြီဆိုရင် ပြည်ပဈေးကွက်ရောင်းတဲ့အခါမှာလည်း ငြင်းပယ်တာတွေ မရှိတော့ဘူးပေါ့။ ဒီအဖွဲ့အစည်းက အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းဖြစ်နေလို့ နိုင်ငံတကာကလည်း အသိအမှတ်ပြုလာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဘက်ကလည်း လက်မှတ်မြန်မြန်ရအောင် လိုက်နာသင့်တဲ့အချက်တွေကို လိုက်နာသွားမှာ ဖြစ်ပါတယ်"လို့ ထင်းရှူးကုန်းကျေးရွာနေ တောင်သူ ဦးစိုင်းအုန်းကျော်က ပြောပါတယ်။

"အဲ့ဒီ လက်မှတ်ရရှိဖို့ဆိုရင် လက်ဖက်ခူးဆွတ်ပုံနည်းစနစ်တွေ မှန်ကန်ဖို့၊ ကျေးရွာထွက် စိုက်ပျိုးရေးထွက်ကုန်တွေ ဘေးအန္တရာယ်ကင်းရှင်းစေဖို့နဲ့ စားသုံးသူတွေကြားမှာ ယုံကြည်စိတ်ချစွာစားသုံးနိုင်မှု အစရှိတဲ့အချက်တွေကို လိုက်နာရမှာ ဖြစ်ပြီးတော့ အဲ့ဒီလက်မှတ်က လက်ဖက်စိုက်တောင်သူတွေအတွက် အရေးကြီးတယ်"လို့ ၎င်းက ပြောပါတယ်။

တောင်ပေါ်ကြီး ကျေးရွာအုပ်စုအတွင်းမှာတော့ လက်ဖက်စိုက်ခင်းပေါင်း ၁၀၀၀ ကျော်ရှိနေပြီး ပြည်တွင်းဈေးကွက်အနေနဲ့ ရန်ကုန်၊ မန္တလေး၊ လားရှိုးကိုသာ ဦးတည်ရောင်းချနေကာ ပြည်ပဈေးကွက်ရဖို့လည်း ကြိုးစားလုပ်ကိုင်နေတယ်လို့ သိရပါတယ်။

လက်ရှိ GIZ က မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနဲ့ ပူးပေါင်းပြီး ရှမ်းပြည်နယ်အတွင်းမှာ သရက်နဲ့လက်ဖက် တန်ဖိုးမြှင့်ကွင်းဆက်စီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်းမှာ အောင်မြင်အောင် လုပ်ကိုင်နေတယ်လို့ သိရပါတယ်။ GIZ က မြန်မာနိုင်ငံအတွင်းကို ၂၀၁၂ ခုနှစ်က စတင်ဝင်ရောက်လာတာ ဖြစ်ပါတယ်။

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆန်ကွဲ ဈေးကွက်သစ် ၂၂ခု ရှိလာ

**ဇာလင်းသူ**(AMIA)၊
**ဓာတ်ပုံ-လင်းလင်း**(AMIA)

လက်ရှိ ဘဏ္ဍာနှစ်အတွင်းမှာ ဆန်ကွဲတင်ပို့မှုအနေနဲ့ ဈေးကွက်သစ်ရရှိနေတဲ့ နိုင်ငံ ၂၂ ခု ရှိနေတယ်လို့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သိရပါတယ်။

ဈေးကွက်အသစ်ရရှိတဲ့ နိုင်ငံတွေကတော့ အာဖဂန်နစ္စတန်၊ ဘော့စ်ဆွာနာ၊ ကနေဒါ၊ အိုင်ဗရီကို့စ်၊ အီရီထရီးယား၊ ဖီဂျီ၊ ဂျာမနီ၊ ဂရိ၊ ဂီနီ၊ အင်ဒိုနီးရှား၊ လာအို၊ လစ်သူယေးနီးယား၊ မလေးရှား၊ နီပေါ၊ နယူးဇီလန်၊ နိုင်ဂျာ၊ ပေါ်တူဂီ၊ ဆော်ဒီအာရေးဗီးယား၊ ဆလိုဗက်ကီးယား၊ စပိန်၊ သီရိလင်္ကာနဲ့ အမေရိကန်တို့ဖြစ်ပါတယ်။



"ဆန်ကွဲတင်ပို့မှုတွေအနေနဲ့ အရင်နှစ်က နိုင်ငံပေါင်း ၂၀ ကို ပို့တယ်။ အဲ့ဒီထဲကနေ ပုံမှန်ဈေးကွက်ရနေတာ နိုင်ငံ ၁၁ ခု၊ ဈေးကွက်ပျောက်သွားတဲ့ နိုင်ငံကိုးခုရှိပြီးတော့ ဈေးကွက်သစ်နိုင်ငံတွေလည်း ထပ်ရလာတယ်"လို့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောပါတယ်။

ဆန်ကွဲတင်ပို့မှုတွေကို ပင်လယ်ရေကြောင်းနဲ့ နယ်စပ်စခန်းတွေကနေ အများဆုံးပို့နေပြီးတော့ ဆန်ကွဲတစ်တန်ကို အမြင့်ဆုံးဈေး ကန်ဒေါ်လာ ၂၀၀နီးပါး ရောင်းချရပြီး ပြည်ပကို နှစ်စဉ်တန်ချိန် ငါးသိန်းကျော်ရောင်းချတယ်လို့ သိရပါတယ်။

# မွန်ပြည်နယ်ရှိ မိုးစပါးစိုက်တောင်သူများအတွက် စိုက်ပျိုးရေးစရိတ် ထုတ်ချေးပေးနေပြီ

**မော်လမြိုင် မေ ၂၈**

မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်းရှိမိုးစပါးစိုက်တောင်သူများအတွက် ပြည်နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ စိုက်စရိတ်ချေးငွေ ငွေကျပ် ၄၆၄၉၀ ဒသမ ၈၅ သန်းကို မေ ၂၆ ရက်မှစ၍ ထုတ်ချေးပေးသွားလျက်ရှိကြောင်း သိရသည်။

ယခုအခါတွင် မွန်ပြည်နယ်၌ စိုက်ပျိုးရေးစရိတ်ထုတ်ချေးရန် လိုအပ်သည့် တောင်သူများ များပြားလာခြင်းကြောင့် တစ်ဧကလျှင်ငွေကျပ်တစ်သိန်းခွဲ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ယခုနှစ်ချေးငွေများကို ကျေးရွာများအထိ ကွင်းဆင်းထုတ်ချေးပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားပြီး တောင်သူများအနေဖြင့်လည်း လယ်ပိုင်ဆိုင်ကြောင်း ပုံစံ(၇)၊ အမှန်တကယ်စိုက်ပျိုးကြောင်း စိစစ်ရေးအဖွဲ့၏ ထောက်ခံချက်နှင့် ဘဏ်မှ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီပါက အပြည့်အဝထုတ်ပေးသွားမည်ဖြစ်ကြောင်း လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးခင်မောင်စိုးက ပြောသည်။

ယခုနှစ် မိုးစပါးထုတ်ချေးငွေကို လယ်ယာမြေ ၃၀၉၉၃၉ ဧကအတွက် ငွေကျပ်သန်းပေါင်း ၄၆၄၉၀ ဒသမ ၈၅ သန်းကို မေလမှ စက်တင်ဘာလအထိ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း (မော်လမြိုင်)**

# တောင်သူများအသိပညာဖလှယ်ရေးကွင်းဆင်းလေ့လာ

**နေပြည်တော် မေ ၂၈**

နေပြည်တော် ဒက္ခိဏခရိုင် မြို့နယ်များမှ တောင်သူများ စုပေါင်းစိုက်ကွင်းလေ့လာရေးခရီးစဉ်များနှင့် တောင်သူတွေ့ဆုံပွဲကို မေ ၂၄ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းလေ့လာရေးခရီးစဉ်တွင် တောင်သူများအတွက် စိုက်ပျိုးရေး အသိစိတ်ဓာတ်နိုးကြားလာစေရေး၊ မျိုးစေ့ထုတ်ခြံများ၊ ပေါင်းစည်းလယ်ယာဆောင်ရွက်မှု စနစ်များ၊ မျိုးစေ့ထုတ်လုပ်သူများအသင်း (Seed Grower Association) ဆောင်ရွက်မှုများကို လေ့လာကွင်းဆင်းကာ တောင်သူများကိုယ်တိုင် အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီးအားနည်းချက်၊ အားသာချက်များ၊ အကြံပြုသုံးသပ်ချက်များဖြင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးကြသည်။

တောင်သူကွင်းဆင်းလေ့လာရေးကို ပါဝင်ခဲ့သူ လယ်ဝေးမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာမှ တောင်သူ ဦးတင်ငွေက "လက်တွေ့မြင်တွေ့ရတာတော့ အသုံးဝင်နေတာတွေ တွေ့ရတယ်။ စိုက်ခင်းတွေမြင်ရတော့ တကယ်ဖြစ်တယ်ဆိုတာ တောင်သူတွေအတွက် ငြင်းလို့မရဘူး။ ကိုယ်လည်း လုပ်ချင်တာပဲ။ အကျိုးထူးလာတာကိုလည်း တွေ့ရတယ်"ဟု ပြောသည်။

နေပြည်တော်တွင် မျိုးစေ့ထုတ်လုပ်သူများ အသင်းတည်ထောင်ကာ နှမ်း၊ မြေပဲနှင့် ပဲတီစိမ်းသီးနှံတို့တွင်လည်း မျိုးစေ့ထုတ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**မောင်ကျော်ကြီး**



# ဖြူးမြို့နယ်၌ နွေစပါးများ ရိတ်သိမ်း

**ဖြူး မေ ၂၈**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ရှိ လှသင်းမောင်ကင်မွန်းခြံ၊ လိပ်ဥကွင်း၊ ထန်းပင်ကုန်း၊ ကျောက်ဆောင်း စသည့်ကျေးရွာများမှ တောင်သူများ ဖြူးချောင်းဘက်စုံစီမံကိန်းမှ ဇဟားချောင်းအတွင်းသို့ ထုတ်လွှတ်ပေးသောဆည်ရေများဖြင့် ပထမဆုံးအကြိမ် စမ်းသပ်စိုက်ပျိုးခဲ့ကြသည့် နွေစပါး ၁၂၀ ဧကမှာ ဖြစ်ထွန်းအောင်မြင်ခဲ့ရာ နွေစပါး တစ်ဧကလျှင် ပျမ်းမျှတင်း ၉၀ခန့် ထွက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆည်ရေများဖြင့် ပထမဆုံးအကြိမ် စမ်းသပ်စိုက်ပျိုးခဲ့ကြသည့် နွေစပါးများမှာ ယခုနှစ်တွင် အောင်မြင်ဖြစ်ထွန်းခဲ့ကြသဖြင့် လာမည့်နှစ် နွေစပါးစိုက်ပျိုးချိန်တွင် ယခုနှစ်ထက် ပိုမိုတိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

## တောင်သူပညာပေး သင်တန်းဖွင့်

**သီပေါ မေ ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ တောင်သူလယ်သမားများအတွက်နှုန်း တိုးမြှင့်ခြင်းဆိုင်ရာ ပညာပေးလုပ်ငန်းသင်တန်းဖွင့်ပွဲကို မေ ၂၅ ရက်က ခေးနင်းကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်အေးက ကိုယ့်မျိုးကိုယ်ထား ခေါင်နှံမျိုးပွားစနစ်၊ တောင်စောင်း စိုက်ပျိုးရေးစနစ်၊ သီးထပ်ဘိုကာရှီမြေဆွေးပြုလုပ်နည်း၊ GAP စနစ်နှင့် မျိုးစေ့များ စနစ်တကျသိုလှောင်ခြင်းများဆိုင်ရာ သင်တန်းကို တောင်သူများ၏ အကျိုးအတွက် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်သဖြင့် တက်ရောက်ကြသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းသို့ တောင်သူလယ်သမား ၁၄၅ ဦး တက်ရောက်ကြပြီး တောင်သူများလိုအပ်သည့် မျိုးစေ့သိုလှောင်အိတ်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

**နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။**

# ပြည်ပဆန် တင်ပို့မှု မနှစ်ကထက် တန်ချိန် နှစ်သိန်းကျော် မြင့်တက်လာ

**ဖြိုးလွင်အောင် (AMIA)**
**ဓာတ်ပုံ-မေမိုးသဲ**



ပြည်ပဆန်တင်ပို့မှု မနှစ်ကထက် တန်ချိန်နှစ်သိန်းကျော် မြင့်တက်လာကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ပြီးခဲ့သည့်ဘဏ္ဍာနှစ် ယခုလို အချိန်က ပြည်ပကို ဆန်တန်ချိန် ၇၀၀၀၀ တင်ပို့နိုင်ခဲ့ပြီး ယခု မေ ၁၂ ရက်အထိ ပြည်ပကို ဆန်တန်ချိန် နှစ်သိန်းရှစ်သောင်းကျော် တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။

"ဒီနှစ်မှာ ပင်လယ်ရေ ကြောင်းကနေ ပြည်ပဆန်တင်ပို့တာက မနှစ်ကထက် တက်လာတယ်။ တန်ချိန် နှစ်သိန်းတစ်သောင်းကျော်လောက် တက်လာတယ်။ နောက်ထပ် ဈေးကွက်သစ်တွေလည်း ရှာဖွေနေပါတယ်" ဟု ၎င်းက ပြောသည်။

ပြီးခဲ့သည့် ၂၀၁၅ခုနှစ်က ဥရောပနှင့် အီးယူနိုင်ငံများသို့ ပင်လယ်ရေကြောင်းမှ တင်ပို့နေသည့် ဆန်ဈေးကွက်တွင် ၂၅ မှတ်တန် ဆန်ကြမ်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁၅ ဒေါ်လာ ဈေးနှုန်းရရှိခဲ့ပြီး ယခုနှစ်တွင် ၂၅ မှတ်တန် ဆန်ကြမ်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၈၀ မှ ၃၀၀ သာရရှိပြီး အခြားဆန်ချော တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၅ ခန့်ရရှိကြောင်း သိရသည်။

ဦးခင်မောင်လွင်က "အခု ပြည်ပ ဆန်တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၈၅ သန်းကျော် ရရှိထားပါတယ်"ဟု ပြောသည်။

ပြီးခဲ့သည့် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်က မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ဆန်တန်ချိန် ၁ ဒသမ၆ သန်းခန့် တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

# တစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်ခဲ့သည့် သီးနှံများ

**ဝတ်ရည်မွန် (AMIA)၊ ဓာတ်ပုံ-ကိုတင့်**

ဒီတစ်ပတ်မှာတော့ မတ်ပဲ (FAQ/RC) နဲ့ ပဲစင်းငုံတို့က တက်ရိပ်ရှိခဲ့ပေမယ့် ဈေးကဆက်တိုက် ကျဆင်းနေပါတယ်။ ကြက်သွန်ဖြူ(ကြူကုတ်) ကတော့ ဈေးဆက်တိုက်ကျဆင်းနေပါတယ်။ကြက်သွန်နီကတော့ ဈေးအနည်းငယ် တက်လာပါတယ်။ ရွှေဘိုပေါ်ဆန်းမွှေးသစ်နဲ့ နှမ်းနက်ထပ်ရှယ်တို့ကတော့ ဈေးကျဆင်းနေပါတယ်။

**မတ်ပဲ (FAQ/RC) နဲ့ ပဲစင်းငုံတို့ ဈေးကျဆင်း**

**မတ်ပဲ**

မတ်ပဲကတော့ မေလတတိယပတ်မှာ အနည်းငယ် လှုပ်ခတ်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ အကျဈေးနဲ့ ဈေးငြိမ်နေပါတယ်။တက်ရိပ်ရှိခဲ့ပေမယ့် ဈေးပြန်လည်ကျဆင်းသွားခဲ့ပါတယ်။

မုံရွာနဲ့ ပြည်မြို့နယ်တို့မှာတော့ မတ်ပဲက တစ်နေ့ကို ပုံမှန်အိတ် ၅၀၀ ကျော် အရောင်းအဝယ်ဖြစ်နေပြီး ဈေးကတော့ အခြားအပတ်တွေနဲ့ယှဉ်ရင် တစ်တင်းကို ငွေကျပ် ၁၀၀၀ ကျော်လောက် တက်လာတယ်လို့ ကုန်သည်တွေထံမှ တစ်ဆင့် သိရပါတယ်။

အရင်အပတ်က ရန်ကုန် ဘုရင့်နောင်ကုန်စည်ဒိုင်မှာ မတ်ပဲ တစ်တန်ကို ငွေကျပ် ၉၅၇၀၀၀ ပေါက်ဈေးရှိခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ တစ်တန်ကို ငွေကျပ် ၉၃၅၀၀၀ နဲ့ အတက်အကျ တည်ငြိမ်မှု မရှိပါဘူး။

**ပဲစင်းငုံ**

ပဲစင်းငုံကတော့ အနည်းငယ်တက်လာလိုက် ပြန်ကျသွားလိုက်နဲ့ နှစ်ပတ်ဆက်တိုက် ဈေးငြိမ်နေပါတယ်။

လတ်တလောမှာ ပဲစင်းငုံက နယ်ကုန်စည်ဒိုင်မှာ အဝင်သိပ်မရှိဘဲ ရက်ခြားသာ အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။ အဝင်နည်းပေမယ့် ဈေးကတော့ တစ်တင်းကို ငွေကျပ် ၅၀၀ လောက် ဈေးတက်လာနေပါတယ်။



လက်ရှိ ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်မှာတော့ ပဲစင်းငုံပေါက်ဈေးက ငွေကျပ် ၆၅၅၀၀၀ ရှိပါတယ်။

အိန္ဒိယနိုင်ငံရဲ့တစ်ပတ်စာ ပဲဈေးကွက်သုံးသပ်ချက်မှာတော့ မြန်မာနိုင်ငံမှာ ပဲဈေးတွေက ဆက်လက်ငြိမ်နေမှာ ဖြစ်ပြီး ရောင်းလိုအားများကာ ဝယ်လိုအား လျော့ကျနိုင်တယ်လို့ သိရပါတယ်။

**ပဲကြီး (ရွှေကျွန်း၊ကမ်းနား)**

ပဲကြီးဈေးကတော့ ဆက်တိုက် တက်နေပါတယ်။ ကုလားပဲထက်ကိုဈေးက မြင့်တက်နေတာဖြစ်ပါတယ်။ အရင်အပတ်က တစ်ပိဿာကို ငွေကျပ် ၂၅၇၀ အထိ ပေါက်ဈေးရှိခဲ့ပြီး ဒီတစ်ပတ်မှာတော့ တစ်ပိဿာကို ငွေကျပ် ၂၉၂၅ ကျပ်အထိ ပေါက်ဈေးရှိပါတယ်။ ဒီတစ်ပတ်မှာကို တစ်ပိဿာ ၅၀၀ ကျော်အထိ မြင့်တက်ခဲ့တာပါ။

**ကုလားပဲမျိုးစုံ ဈေးငြိမ်**

အမြင့်ဆုံးဈေးအထိရရှိခဲ့တဲ့ ကုလားပဲမျိုးစုံက ဒီတစ်ပတ်မှာတော့ ဈေးငြိမ်လျက်ရှိပါတယ်။ ဈေးငြိမ်နေပေမယ့် အရောင်းအဝယ်ကတော့ သွက်လျက်ရှိတယ်လို့ သိရပါတယ်။

ကုလားပဲမျိုးစုံဖြစ်တဲ့ ကုလားပဲ V2၊ ကုလားပဲလုံးဖြူကြီး၊ ထိုင်ဝမ်၊ ကုလားပဲခြမ်းတို့က ဒီတစ်ပတ်မှာတော့ တစ်ပိဿာကို ငွေကျပ် ၁၉၅၀ ကနေ ငွေကျပ် ၂၇၀၀ အထိ ပေါက်ဈေးရှိနေပါတယ်။

**ကြက်သွန်ဖြူ (ကြူကုတ်)ဈေးဆက်တိုက်ကျဆင်း**

အရင်အပတ်က တစ်ပိဿာကို ငွေကျပ် ၃၆၀၀ နဲ့ ဈေးပိတ်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ တစ်ပိဿာကို ငွေကျပ် ၁၀၀၀ အထိ ဈေးကျဆင်းသွားခဲ့ပါတယ်။ ပြည်တွင်း ကြက်သွန်ဖြူအသစ်တွေလည်း ဝင်ရောက်လာနေတာ ဖြစ်သလို တရုတ်ဘက်က ဝင်ရောက်လာတဲ့ ကြက်သွန်ဖြူ (ကြူကုတ်)က အရည်အသွေးပိုင်း အားနည်းနေတဲ့အတွက် ဈေးကျနေတာ ဖြစ်တယ်လို့ သိရပါတယ်။ လက်ရှိမှာတော့ ကြက်သွန်ဖြူ (ကြူကုတ်) က တစ်ပိဿာကို ငွေကျပ် ၂၄၀၀ ပေါက်ဈေးရှိနေပါတယ်။



**ကြက်သွန်နီ (မြစ်သား) ဈေးအနည်းငယ်တက်**

ဈေးငြိမ်နေခဲ့တဲ့ ကြက်သွန်နီ(မြစ်သား)က ဒီတစ်ပတ်မှာတော့ တစ်ပိဿာကို ငွေကျပ် ၁၀၀ လောက် ဈေးတက်လာပါတယ်။လက်ရှိ ပေါက်ဈေးကတော့ တစ်ပိဿာကို ငွေကျပ် ၁၂၀၀ ဈေးရှိနေပါတယ်။

**နှမ်းဈေးငြိမ်**

ဈေးတွေ ဆက်တိုက်ကျဆင်းခဲ့တဲ့ နှမ်းမျိုးစုံထဲက အချို့နှမ်းတွေဖြစ်တဲ့ နှမ်းနက်(စမုံ) ၊ နှမ်းဖြူ ပန်းနှမ်းနဲ့ နှမ်းနက်တို့ကတော့ ဈေးငြိမ်နေပါတယ်။

နှမ်းနက်(စမုံ) ကတော့ ဒီတစ်ပတ်မှာ တစ်အိတ်ကို ငွေကျပ် ၁၂၅၀၀၀ ပေါက်ဈေးရှိပြီး နှမ်းဖြူကတော့ ငွေကျပ် ၁၀၀၀၀၀ ကနေ ငွေကျပ် ၁၀၅၀၀၀ ရှိပါတယ်။ ပန်းနှမ်းကတော့ တစ်အိတ်ကို ငွေကျပ် ၇၂၀၀၀ ရှိပြီး နှမ်းနက်ကတော့ ၉၀၀၀၀ ကနေ ငွေကျပ် ၉၇၀၀၀ ရှိပါတယ်။ နှမ်းနက်ကတော့ တစ်အိတ်ကို ငွေကျပ် ၃၀၀၀ လောက် ဈေးကျဆင်းသွားခဲ့ပါတယ်။

**ရွှေဘိုပေါ်ဆန်းမွှေးသစ်**

ရွှေဘိုပေါ်ဆန်းမွှေးသစ်က ဒီတစ်ပတ်မှာ တစ်အိတ်ကို ငွေကျပ် ၁၀၀၀ လောက် ဈေးကျဆင်းသွားခဲ့ပါတယ်။လတ်တလောပေါက်ဈေးက တစ်အိတ်ကို ငွေကျပ် ၄၂၀၀၀ ကနေ ငွေကျပ် ၄၄၀၀၀ ရှိပါတယ်။

**နှမ်းသီးထပ်ရှယ် ဆက်တိုက်ကျဆင်း**

ဒီတစ်ပတ်မှာ နှမ်းသီးထပ်ဆန်က တဖြည်းဖြည်းနဲ့ ဈေးအနည်းငယ် ကျဆင်းနေခဲ့ပါတယ်။ တစ်ပတ်အတွင်း တစ်အိတ်ကို ငွေကျပ် ၁၀၀၀ လောက်အထိ ဈေးကျဆင်းသွားခဲ့ပါတယ်။ လက်ရှိပေါက်ဈေးကတော့ တစ်အိတ်ကို ငွေကျပ် ၁၉၀၀၀ ရှိနေပါတယ်။

## ရိခေါဒါရ်မြို့မှ အိန္ဒိယနိုင်ငံသို့ ကွမ်းသီးတင်ပို့မှု ခေတ္တဆိုင်းငံ့မည်

**ရိခေါဒါရ် မေ ၂၈**

ရိခေါဒါရ်မြို့ နယ်စပ်ကုန်သွယ်ရေးစခန်းကို ဖြတ်ကျော်၍ တစ်ဖက် အိန္ဒိယနိုင်ငံသို့ တင်ပို့မြဲဖြစ်သည့် ကွမ်းသီးများကို မေ ၂၆ ရက်မှစ၍ တစ်ပတ်ခန့်ကြာ တင်ပို့မှု ခေတ္တ ဆိုင်းငံ့သွားမည်ဖြစ်ကြောင်း နယ်စပ်ကုန်သွယ်ရေးစခန်းမှ သိရသည်။

အဆိုပါ ကွမ်းသီးများကို မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှားနိုင်ငံတို့မှ အိန္ဒိယနိုင်ငံ ကာလကတ္တားအထိ တင်ပို့ခြင်းဖြစ်ပြီး ယခုကွမ်းသီးတင်ပို့မှု ခေတ္တဆိုင်းငံ့ရခြင်းမှာ အိန္ဒိယနိုင်ငံ ဇိုခေါထာရ်ကျေးရွာနှင့် ကြမ်ဖိုင်မြို့တို့ရှိ ဂိုဒေါင်များတွင် ကွမ်းသီးအိတ်များ စုပုံများပြားပြည့်နှက်ခြင်းကြောင့် ခေတ္တဆိုင်းငံ့ထားရခြင်းဖြစ်ကြောင်း သိရသည်။

ယခုရက်ပိုင်းအတွင်း ကွမ်းသီးတင်ပို့မှု ခေတ္တဆိုင်းငံ့ထားသော်လည်း အခြားကုန်စည်တင်ပို့မှုမှာ ပုံမှန်စီးဆင်းလျက်ရှိကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**

## ကစော့စေ့တစ်ပြည်ငွေကျပ် ၁၅၀၀၀ မှ ၂၀၀၀၀ အထိ ဈေးကောင်းရရှိ

**ဘုတ်ပြင်း မေ ၂၈**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်ဘုတ်ပြင်းမြို့နယ်ရှိ ကော့ရဲကျွန်းကျေးရွာတွင် အလေ့အကျပေါက်ရောက်နေသော ဆေးဖက်ဝင်ကစော့စေ့များ ဈေးကောင်းရသည့်အတွက် ဒေသခံများအပြင် အနယ်နယ်အရပ်ရပ်မှ လာရောက်၍ ကောက်ယူသူ များပြားလျက်ရှိကြောင်း သိရသည်။

"ကစော့စေ့ကို လာရောက်ကောက်ယူတဲ့သူတွေက ဒီနှစ်တော်တော်များပါတယ်။ ပြန်ရောင်းစားရင် ကစော့စေ့တစ်ပြည်ကို ငွေကျပ် ၁၅၀၀၀ ကနေ ၂၀၀၀၀ ထိရနေတယ် လေ"ဟု သရက်ချောင်း မြို့မှကစော့စေ့ဆီရောင်းချသူ တစ်ဦးထံမှ သိရသည်။

ကစော့စေ့ကို စက်ဖြင့်ကြိတ်ယူရပြီး ထွက်ရှိလာသော အဆီကို မြန်မာတိုင်းရင်းဆေးတွင် အသုံးပြုကြောင်း သိရသည်။ အစာအိမ်၊ ကင်ဆာ၊ ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာနှင့် အဆုတ်နှင့် သက်ဆိုင်သောရောဂါများကို ကစော့စေ့အဆီ သောက်သုံးခြင်းဖြင့် သက်သာစေခြင်း ထိခိုက်ရှနာဒဏ်ရာများကို ကစော့စေ့အဆီ လိမ်းပေးခြင်းဖြင့် သက်သာပျောက်ကင်းစေကြောင်း သိရသည်။ **မောင်မောင်စိုး(မြစ်ငယ်)**

# တင်ဒါလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ကုမ္ပဏီ ၂၀၀ ကျော် တက်ရောက်



**မုံရွာ မေ ၂၈**
စစ်ကိုင်းတိုင်းဒေသကြီး တင်ဒါလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မေ ၂၇ ရက်က မုံရွာမြို့မြသလ္လာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံတစ်ဝန်းမှ တင်ဒါလုပ်ငန်းဆောင်ရွက်လိုသော ကုမ္ပဏီ ၂၀၀ ကျော် တက်ရောက်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အစိုးရဌာန အဖွဲ့အစည်းများအနေဖြင့် တည်ဆောက်ရေး၊ ပစ္စည်းဝယ်ယူရေး၊ ဝန်ဆောင်မှုနှင့် ငှားရမ်းရောင်းချရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တင်ဒါအမျိုးမျိုးကို နှစ်စဉ်ခေါ်ယူဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် မှန်မှန်ကန်ကန်နှင့် ပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်သွားမည်ဖြစ်သလို တင်ဒါတင်သွင်းဆောင်ရွက်လိုသည့် ကုမ္ပဏီများဘက်ကလည်း နည်းလမ်းတကျ ယှဉ်ပြိုင်ဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းပါဝင်ကူညီပေးကြရန်လိုအပ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

"ကျွန်တော်တို့အစိုးရအနေနဲ့ တင်ဒါပိတ်တဲ့ကာလမှာ လျှောက်ထားလာတဲ့ကုမ္ပဏီများကို စိစစ်ရွေးချယ်တဲ့အခါ အချိန်အကန့်အသတ်နဲ့ ဆောင်ရွက်ရတာဖြစ်လို့ ကုမ္ပဏီများကို စနစ်တကျ စိစစ်ဖို့ အခက်အခဲဖြစ်ရပါတယ်။ ဒါကြောင့်မို့ ဒီဘတ်ဂျက်နှစ်ကစပြီး စစ်ကိုင်းတိုင်းဒေသကြီး အတွင်းမှာ တင်ဒါလုပ်ကိုင်ဆောင်ရွက်လိုတဲ့ တစ်နိုင်ငံလုံးက ကုမ္ပဏီတွေကို တင်ဒါအမည်စာရင်းဝင် ကုမ္ပဏီတွေအဖြစ် ကြိုတင်စာရင်းကောက်ယူထားပြီး အချိန်ယူစိစစ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တင်ဒါလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ သတ်မှတ်ထားတဲ့ လုပ်ထုံးလုပ်နည်းတွေကိုလည်း ကုမ္ပဏီတွေသိရှိစေဖို့ ရှင်းလင်းဆွေးနွေးသွားမှာဖြစ်သလို စီးပွားရေးလုပ်ငန်းရှင်ကုမ္ပဏီများဘက်ကလည်း မရှင်းတဲ့အချက်တွေရှိရင် ပြန်လည်ဆွေးနွေးကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်ထားသော တင်ဒါလုပ်ငန်းများဆောင်ရွက်ရာတွင်လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်ကို တွေ့ရသည်။

"နိုင်ငံတော်သမ္မတရုံးအနေနဲ့ လုပ်ထုံးလုပ်နည်းတွေ ထုတ်ပြန်ရတဲ့အကြောင်းရင်းက ပြည်ထောင်စု၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရ ဌာနအဖွဲ့အစည်းတွေအနေနဲ့ တင်ဒါတွေကို ဆောင်ရွက်ခွင့်ပြုရာမှာ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေတွေကို အလေအလွင့်မရှိစေဖို့ တစ်ဦးတစ်ယောက် ဒါမှမဟုတ် အဖွဲ့အစည်းတစ်ခုခုက လက်ဝါးကြီးအုပ်တာတွေမရှိစေဖို့ ရည်ရွယ်ဆောင်ရွက်တာပဲဖြစ်ပါတယ်။ တင်ဒါအောင်မြင်တဲ့ လုပ်ငန်းရှင်ကုမ္ပဏီတွေအနေနဲ့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန အကြီးအကဲတွေ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်တွေ၊ အစိုးရအဖွဲ့ဝင်တွေနဲ့ မိသားစုအရ၊ လူမှုရေးအရ၊ စီးပွားရေးအရနဲ့ လုပ်ငန်းအရ ပတ်သက်တာတွေတွေ့ရှိရင် ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြပြီး ခွင့်ပြုချက်ရယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်းက ရှင်းပြသည်။

ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန အဖွဲ့အစည်းများ၏ တင်ဒါလုပ်ငန်းများ ဆောင်ရွက်ရာတွင် တင်ဒါကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့်လက်ခံရေးကော်မတီတို့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်ဒါတင်သွင်းသူများကို စိစစ်အကဲဖြတ်ရာတွင် စာရွက်စာတမ်းပြည့်စုံမှု၊ တင်ဒါအာမခံကြေး၊ သတ်မှတ်အရည်အချင်းပြည့်စုံမှု၊ လိုအပ်ပါက ထုတ်လုပ်သူ၏ခွင့်ပြုချက်၊ တင်ဒါတင်သွင်းသူများ၏ အတွေ့အကြုံ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု၊ လုပ်ငန်းဆိုင်ရာသတ်မှတ်ချက်များနှင့် ကိုက်ညီမှု စသည့်အချက်များအပေါ် အခြေခံဆုံးဖြတ်သွားမည်ဖြစ်ပြီး ရှုပ်ထွေးပြီး ကြီးမားသည့် စီမံကိန်းကြီးများအတွက် အကဲဖြတ်မှုကို အမှတ်ပေးစနစ်(Rated Point System)ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း အလုပ်ရုံဆွေးနွေးပွဲမှ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မိုးကြိုးထိမှန်၍ သေဆုံးသွားသူနှစ်ဦး၏ မိသားစုအား ထောက်ပံ့ငွေပေးအပ်

**ပဲခူး မေ ၂၈**
ပဲခူးမြို့နယ်နှင့် ကဝမြို့နယ်အတွင်းမှ မိုးကြိုးထိမှန် သေဆုံးသွားသူနှစ်ဦး၏ မိသားစုများအတွက် ထောက်ပံ့ငွေများကို တိုင်းဒေသကြီး သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးကျော်မင်းစံနှင့် တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းဌေးအောင်တို့က မေ ၂၆ ရက်တွင် ကျေးရွာအရောက်သွားရောက်၍ ကျန်ရစ်သူမိသားစုများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။



မေ ၂၄ ရက်က မိုးကြိုးဘေးဖြင့် သေဆုံးသွားသူ ပဲခူးမြို့နယ် ဝါးရမ်းကျေးရွာမှ ဦးမင်းမင်းလတ်အတွက် ထောက်ပံ့ငွေကျပ်သုံးသိန်းကို ကျန်ရစ်သူဇနီး ဒေါ်ပန်းအိဖြူထံ ပေးအပ်ခဲ့ပြီး ဆက်လက်၍ ကဝမြို့နယ် သခွက်ကံကျေးရွာမှ မိုးကြိုးထိမှန်သေဆုံးသူ ဦးစိန်ဌေးအတွက် ထောက်ပံ့ငွေ ကျပ်သုံးသိန်းကိုလည်း ကျေးရွာအရောက်သွား၍ ကျန်ရစ်သူမိသားစုထံ ပေးအပ်ခဲ့ခြင်းဖြစ်သည်။

မိုးကြိုးထိမှန်၍သေဆုံးသူ ဦးစိန်ဌေး(၃၇ နှစ်)သည် မေ ၂၄ ရက်က ဇနီးဖြစ်သူနှင့်အတူ ကဝမြို့မှ ဈေးဝယ်ပြီးပြန်လာစဉ် မိုးရွာသဖြင့် လမ်းဘေးရှိဇရပ်တွင် ခေတ္တနားခိုနေစဉ် မိုးကြိုးထိမှန်သေဆုံးသွားခြင်းဖြစ်ကာ ပဲခူးမြို့နယ် ဝါးမရမ်းကျေးရွာနေ ဦးမင်းမင်းလတ်(၄၁ နှစ်)မှာ မေ ၂၄ ရက်က နေအိမ်မီးဖိုဆောင်အတွင်း မိသားစုနှင့်အတူရှိနေစဉ် မိုးသည်းထန် လေပြင်းတိုက်ခတ်သဖြင့် နေအိမ်မီးဖိုချောင် နောက်ဖေးတံခါးမကြီးကို သွားပိတ်စဉ် မိုးကြိုးထိမှန် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သူရိန်ထွန်း(ပဲခူး)**

# နယ်ထိန်းရဲအရာရှိနှင့် အမှုစစ်ရဲအရာရှိများ လုပ်ငန်းခွင်(မွမ်းမံ)သင်တန်းဆင်း

**မော်လမြိုင် မေ ၂၈**
မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးဖွင့်လှစ်သော နယ်ထိန်းအရာရှိ လုပ်ငန်းခွင်(မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/၂၀၁၇)၏ သင်တန်းဆင်းပွဲကို မေ ၂၆ ရက်က ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသား နယ်ထိန်းအရာရှိ ၂၀ အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းကို မေ ၁၅ ရက်မှစ၍ မေ ၂၆ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းတွင် နယ်ထိန်းအရာရှိလုပ်ငန်းဆိုင်ရာများကို သင်တန်းနည်းပြများက စာတွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

အလားတူ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးဖွင့်လှစ်ခဲ့သည့် အမှုစစ်အရာရှိ လုပ်ငန်းခွင်(မွမ်းမံ)သင်တန်းကိုလည်း မေ ၈ ရက်မှ ၁၉ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းဆင်းပွဲကို မေ ၁၉ ရက်က ကျင်းပခဲ့ရာ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးကိုယ်စား ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သောင်းဝင်းက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းသား အမှုစစ်အရာရှိ ၂၀ အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

**ကျော်သန်း(မော်လမြိုင်)**

## မှုခင်းသတင်းတိုများ

### လှိုင်သာယာတွင် နေ့ခင်းကြောင်တောင် ဆွဲကြိုးလုယက်မှုဖြစ်ပွား

လှိုင်သာယာမြို့နယ် (၂၀)ဈေးအနီး အနော်ရထာလမ်းမကြီးပေါ်တွင် စက်ဘီးစီးလာသော အမျိုးသမီးတစ်ဦး၏ဆွဲကြိုးကို ဆိုင်ကယ်စီးလူငယ်နှစ်ဦးက လုယက်မှု မေ ၂၅ ရက် နံနက် ၁၁ နာရီခန့်က ဖြစ်ပွားခဲ့သည်။ ကလေးကိုကျောင်းသွားအပ်ပြီး စက်ဘီးနောက်တွင်တင်၍ စီးနင်းလာသော မိခင်ဖြစ်သူ၏လည်ပင်းမှဆွဲကြိုးကို အမှတ်(၂၀)တံတားပေါ်တွင် ဆိုင်ကယ်စီးလူငယ်နှစ်ဦးက ဆွဲဖြတ်ယူ၍ ထွက်ပြေးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဆိုင်ကယ်ကယ်ရီအဖွဲ့လည်း အမျိုးသမီးအော်သံကြားလို့ ဝိုင်းပြီးလိုက်ကြတယ်။ လုသွားတဲ့သူတွေက အုန်းတောဘက်ကိုမောင်းပြေးလို့ လိုက်ကြသေးတယ်။ အုန်းတောလမ်းဆုံရောက်တော့ ရပ်ကွက်ထဲဝင်ပြေးသွားလို့ မျက်ခြည်ပြတ်သွားတာ။ ကျွန်တော်တို့လည်း လူအုပ်တောင့်လို့ လိုက်ရဲတာ။ နေ့ခင်းကြောင်တောင်အခုလို လုယက်မှုတွေများလာတော့ ဖြန်းခနဲ မလိုက်ရဲဘူး။ ဘာပဲဖြစ်ဖြစ် လူငယ်တွေရိုးရိုးသားသားပဲ ဘဝကိုဖြတ်သန်းစေချင်တယ်"ဟု လုယက်မှုဖြစ်သည့် အမှတ်(၂၀)တံတားအနီးတွင် ကယ်ရီဆွဲသော ကိုစိုးမင်းက ပြောသည်။

အဆိုပါလုယက်မှုဖြစ်သောနေရာမှာ တံတားပေါ်အထိ လှိုင်သာယာအပိုင်ဖြစ်ပြီး တံတားကျော်ပါက ထန်းတပင်မြို့နယ်အပိုင်ဖြစ်ကာ အနော်ရထာလမ်းမကြီးသည် လှိုင်သာယာနှင့် ထန်းတပင်မြို့နယ်ကို ပိုင်းခြားထားခြင်းဖြစ်၍ လုယက်မှုကျူးလွန်သူတို့မှာ ရဲတပ်ဖွဲ့၏ နယ်မြေတာဝန်ယူမှုအပေါ် မူတည်ပြီး အလစ်အငိုက် လုယက်မှုကျူးလွန်တတ်လေ့ရှိကြောင်း သိရသည်။ ထိုလုယက်မှုဖြစ်စဉ်ကို ရွှေလင်ပန်းရဲကင်းတွင် တိုင်ကြားထားကာ အမှုမှန်ဖော်ထုတ်နိုင်ရန်အတွက် သက်ဆိုင်ရာရဲစခန်းများက စုံစမ်းလျက်ရှိကြောင်း မြို့မစခန်းမှူး ဒုတိယရဲမှူး ဉာဏ်ဝင်းက ပြောသည်။
(၁၆၄)

### ပေါင်မြို့၌ ရထားကြိုတ်၍ လူတစ်ဦးသေဆုံး

မွန်ပြည်နယ် ပေါင်မြို့ ကဒါရပ်ကွက် ဘုရားကြီးလမ်းထိပ် ရထားလမ်းဘေး၌ မေ ၂၆ ရက်က ရထားကြိတ်မိ၍ လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ သတင်းအရ နယ်မြေရဲစခန်းမှ နယ်ထိန်း တပ်ကြပ်စိုးခိုင်နှင့်အဖွဲ့ သွားရောက်စုံစမ်းချက်အရ ပေါင်ဘူတာမှ မော်လမြိုင်ဘူတာသို့ မောင်းနှင်လာသည့် (၃၅)အဆန်၊ ရန်ကုန်-မော်လမြိုင် လူစီးအမြန်ရထားသည် ထိုနေရာကို နံနက် ၅နာရီ ၂၂မိနစ်အချိန်ခန့်တွင် ဖြတ်သွားစဉ် သေဆုံးသူအား တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူမှာ ကျားဘိုကျေးရွာနေ ဝင်းနိုင်(၃၇နှစ်)ဖြစ်ပြီး ၎င်းမှာ အရက်အလွန်အကျွံသောက်စားကာ ကျန်းမာရေးမကောင်းဘဲ အိမ်ခြေ အတည်တကျမရှိ လှည့်လည်သွားလာနေသူဖြစ်ကြောင်းနှင့် ရထားတိုက်မှုကြောင့် ခေါင်းပြတ်ကာ ခန္ဓာကိုယ်တွင် ဒဏ်ရာများရရှိပြီး သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ အလောင်းကို မှုခင်းဆေးစာဖြင့် ပေါင်ဆေးရုံသို့ တင်ပို့ခဲ့ပြီး သေမှုသေခင်းရေးဖွင့်၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**ကိုဟိန်း(ပေါင်)**

### ရပ်ထားသောကားကိုဝင်တိုက်၍ ဆိုင်ကယ်မောင်းသူသေဆုံး

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းနယ်မြေရဲစခန်းအပိုင် ပဲနွယ်ကုန်း-ကျောက်ကြီး ကားလမ်းပေါ် နရွဲပင်ကျေးရွာအနီး၌ ရပ်ထားသည့်ကားကို ဆိုင်ကယ်ကဝင်တိုက်၍ ဆိုင်ကယ်မောင်းသူသေဆုံးမှု မေ ၂၆ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့သည်။ ကျောက်ကြီးမြို့ဘက်မှ ပဲနွယ်ကုန်းမြို့ဘက်သို့ မောင်ခိုင် (၄၀ နှစ်) မောင်းနှင်လာသည့် တိုယိုတာကားသည် အဆိုပါနေရာတွင် လမ်းဘေး၌ရပ်တန့်ထားစဉ် မျက်နှာချင်းဆိုင်မှ ကောင်းမြတ်သူ(၃၀ နှစ်) မောင်းနှင်လာသည့်ဆိုင်ကယ်က ရပ်ထားသောကား၏ ရှေ့ဝဲဘက်ခြမ်းကို ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သည်။ ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းသူ ကောင်းမြတ်သူမှာ နေရာတွင်သေဆုံးပြီး ဆိုင်ကယ်နောက်တွင်လိုက်လာသူ စည်သူနှင့် သက်ခိုင်တို့မှာ မစိုးရိမ်ရဒဏ်ရာများရရှိခဲ့ကာ ရပ်ထားသောကား၏ ရှေ့ခန်းတွင် ထိုင်နေသည့် တရားလွှတ်တော်ရှေ့နေ ဦးသန်းဦးမှာလည်း ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ သေဆုံးသွားသည့် ဆိုင်ကယ်မောင်းသူ ကောင်းမြတ်သူအား ပဲနွယ်ကုန်းနယ်မြေရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။
**ခင်ကို(ကျောက်တံခါး)**

### နန့်စီးအောင်စစ်ဆေးရေးဂိတ်တွင် တရားမဝင်မော်တော်ယာဉ် နှစ်စီးဖမ်းဆီးရမိ

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်စီးအောင်ပူးပေါင်းစစ်ဆေးရေးဂိတ်စခန်း၌ တာဝန်ရှိသူများက စစ်ဆေးမှုများဆောင်ရွက်စဉ် တရားမဝင် လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီးကို ယာဉ်ပိုင်ရှင်နှင့်အတူ မေ ၂၅ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

နန့်စီးအောင်ပူးပေါင်းစစ်ဆင်ရေးဂိတ်စခန်း၌ မိုးညှင်းယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ်ဘုန်းမြင့်ထူးနှင့် တပ်ဖွဲ့ဝင်များက ပူးပေါင်းအဖွဲ့များနှင့်အတူ ယာဉ်များကို စစ်ဆေးနေစဉ် ယာဉ်မောင်း ဦးဌေးဝင်းမောင်းနှင်လာသော ယာဉ်အမှတ် MDY-8B/---- မီးခိုးရောင် Mitubishi Pajero ယာဉ်ကို စစ်ဆေးရာ ယာဉ်လိုင်စင်ပြသနိုင်သော်လည်း အဆိုပါယာဉ်လိုင်စင်ကို မိုးညှင်းခရိုင် ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ပြသခဲ့ရာ (ကညန)မှထုတ်ပေးထားသော လိုင်စင်မဟုတ်ကြောင်း ပြန်ကြားခဲ့သဖြင့် လိုင်စင်မဲ့ယာဉ်နှင့် စာရွက်စာတမ်းများကို ရှာဖွေပုံစံဖြင့်ရေးသွင်းသိမ်းဆည်း၍ ဦးဌေးဝင်းအား မိုးညှင်းမြို့မရဲစခန်း၌ အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ နေ့လယ်ပိုင်းတွင်လည်း ပူးပေါင်းအဖွဲ့များက ယာဉ်မောင်းဦးထွန်းစိန်မောင်းနှင်လာသော YGN-9C/---- တိုယိုတာဟိုင်းလက်စ်ဆာ့ဖ်ယာဉ်ကို တားဆီးစစ်ဆေးရာ ယာဉ်လိုင်စင်ပြသနိုင်သော်လည်း အဆိုပါစာရွက်အထောက်အထားမှာ ကညနမှထုတ်ပေးသော လိုင်စင်မဟုတ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ယာဉ်မောင်း ဦးထွန်းစိန်(၃၇ နှစ်)အား လိုင်စင်မဲ့ယာဉ်၊ စာရွက်စာတမ်းများနှင့်အတူ မိုးညှင်းမြို့မရဲစခန်း၌ အမှုဖွင့်ထားခဲ့ကြောင်း သိရသည်။
(၀၆၇)

# အင်္ဂလန် ချန်ပီယံရှစ် Play-off ဖိုင်နယ်ပွဲ ရီဒင်းတို့ အောင်ပွဲခံနိုင်ပါ့မလား




**မိုးမြင့်လင်းလက်**

၂၀၁၆- ၂၀၁၇ ဘောလုံးရာသီရဲ့ဥရောပလိဂ်ပွဲစဉ်တွေကတော့ လက်ပြနှုတ်ဆက်သွားခဲ့ပြီဖြစ်ပါတယ်။ အင်္ဂလန်မှာတော့ ကမ္ဘာ့ဘောလုံးပရိသတ်တွေရဲ့ စိတ်နှလုံးကို ဆွဲကိုင်လှုပ်ရမ်းနိုင်တဲ့ ပရီမီယာလိဂ်ပွဲစဉ်တွေပြီးဆုံးသွားခဲ့ပေမယ့် ချန်ပီယံရှစ် Play-off ဖိုင်နယ်ပွဲက ပရိသတ်တွေကို ဆွဲဆောင်မှုပေးဦးမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်ကိုတော့ မေ ၂၉ ရက် ညပိုင်းမှာ ကစားမှာဖြစ်တာမို့ ပရိသတ်တွေအတွက် ပွဲကောင်းအဖြစ် အားပေးကြရဦးမှာ ဖြစ်ပါတယ်။

အင်္ဂလန် ချန်ပီယံရှစ် Play-off ဖိုင်နယ်ပွဲကို ဟတ်ဒါဖီးလ်နဲ့ ရီဒင်းတို့ ကစားကြမှာဖြစ်လို့ ဘယ်အသင်းအသာစီးရအောင် အားထုတ်သွားမလဲ ကြည့်ရမှာဖြစ်ပါတယ်။ အင်္ဂလန်ချန်ပီယံရှစ် Play-off ဖိုင်နယ်ပွဲရဲ့နောက်ဆုံးငါးနှစ် ကစားခဲ့တဲ့မှတ်တမ်းကိုကြည့်ရင် ၂၀၁၂ ခုနှစ်မှာ ဘလက်ပူးနဲ့ ဝက်စ်ဟမ်းတို့ ယှဉ်ပြိုင်ခဲ့ကြပြီး ဝက်စ်ဟမ်းက နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။

၂၀၁၃ ခုနှစ်မှာတော့ ပဲလေ့စ်နဲ့ ဝက်ဖို့ဒ်တို့ တွေ့ဆုံခဲ့ရာမှာ ပွဲချိန်မိနစ် ၉၀ မှာတော့ ဂိုးမရှိသရေပွဲဖြစ်ခဲ့ပေမယ့် အချိန် ၄၀ ကစားခဲ့ရာ ပဲလေ့စ်အသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာတော့ ကျူပီအာနဲ့ ဒါဘီတို့ကစားခဲ့ကြပြီး ပွဲချိန်ပြည့်တဲ့အထိ တစ်ဂိုးစီ သရေပွဲဖြစ်နေခဲ့လို့ အချိန်ပိုကစားခဲ့ရာမှာ ကျူပီအာတို့က နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ နော့ဝှစ်ချ်နဲ့ အစ်ဆွစ်အသင်းတို့ ကစားခဲ့ရာမှာ နော့ဝှစ်ချ်က သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့သလို ၂၀၁၆ ခုနှစ်မှာတော့ ဟားလ်စီးတီးနဲ့ ချက်ဆီးအသင်းတို့ ကစားခဲ့ရာမှာ ဟားလ်စီးတီးက တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရခဲ့ပါတယ်။

ဒီနှစ်အတွက်ကတော့ ဟက်ဒါဖီးလ်နဲ့ ရီဒင်းတို့ရဲ့ ခြေစွမ်းအနေအထားကိုကြည့်ရင် နှစ်သင်းစလုံး ခြေစွမ်းကွာဟမှုရှိနေပါတယ်။ ဟက်ဒါဖီးလ်ရဲ့ခြေစွမ်းက အတက်အကျမြန်ပြီး သရေပွဲတွေ ဆက်တိုက်ဖြစ်နေရာက နိုင်ပွဲကို ရအောင် ပြန်လည်ဖော်ထုတ်ဖို့ ကြိုးစားမှာဖြစ်ပါတယ်။ ဘာမင်ဂမ်နဲ့ ကာဒစ်တို့ကို ဆက်တိုက်ရှုံးခဲ့ပေမယ့် ရက်ဖီးလ်အသင်းကို နှစ်ကျော့စလုံး သရေပွဲ ကစားနိုင်ခဲ့ပါတယ်။

ဒါပေမယ့် ဟက်ဒါဖီးလ်ရဲ့ တိုက်စစ်မှူးတွေက နောက်ဆုံးငါးပွဲမှာ နှစ်ဂိုးသာ သွင်းယူနိုင်ခဲ့တာကတော့ အားရစရာမရှိနိုင်ပါဘူး။ ဟက်ဒါဖီးတိုက်စစ်မှူးတွေဟာ အဆုံးသတ်မကောင်းသလို ပြိုင်ဘက်ဂိုးဧရိယာထဲရောက်ရင် ဘောလုံးဆုံးရှုံးမှုများနေဆဲဖြစ်တာမို့ ပြင်ဆင်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် ဟက်ဒါဖီးလ်ခံစစ်မှူးတွေကလည်း ပြိုင်ဘက်တိုက်စစ်မှူးတွေက အရှိန်အဟုန်နဲ့ ထိုးဖောက်တိုက်စစ်ဆင်လာရင် ဟန့်တားထိန်းချုပ်နိုင်မှု အားနည်းတတ်ပါတယ်။ ဒါ့အပြင် ဟက်ဒါဖီးလ်တို့ ဒီပွဲမှာ သိပ်တော့မလွယ်ပါဘူး။

ရီဒင်းတို့ရဲ့ ခြေစွမ်းကတော့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် နော့တင်ဟမ်ကိုသာ ရှုံးခဲ့ပြီး ဝီဂန်နဲ့ ဘာတန်ကို နိုင်ကာ ဖူလ်ဟမ်အသင်းကို နှစ်ကျော့စလုံး တစ်ပွဲနိုင်တစ်ပွဲသရေတွေရအောင် အားထုတ်နိုင်ခဲ့ပါတယ်။ ရီဒင်းတိုက်စစ်မှူးတွေဟာ နောက်ဆုံး ငါးပွဲမှာ သွင်းဂိုး ကိုးဂိုးရှိခဲ့တာမို့ ဂိုးသွင်းစွမ်းဆောင်မှု မထက်မြက်ပေမယ့် ဟက်ဒါဖီးလ်အသင်းထက်တော့ ပိုမိုကောင်းမွန်တာတွေ့ရပါတယ်။

ရီဒင်းရဲ့ ခံစစ်ပိုင်းကတော့ ဟက်ဒါဖီးလ် ခံစစ်နဲ့ သိပ်တော့မကွာလှပါဘူး။ ရီဒင်းရဲ့ ခံစစ်မှူးတွေဟာ စိုးရိမ်စိတ်များနေတတ်ပြီး ပြိုင်ဘက်တိုက်စစ်မှူးတွေကို ထိန်းချုပ်ဟန့်တားရာမှာ သေသပ်မှုမရှိဘဲ အမှားများနေတတ်ပါတယ်။ ဂိုးဧရိယာအတွင်းမှာ ဘောလုံးရှင်းထုတ်ရာမှာ ချိန်ဆမှုများပြီး မြန်ဆန်တဲ့ လှုပ်ရှားမှုအပိုင်းမှာ အားနည်းပါတယ်။

ဒါကြောင့် ခံစစ်ပိုင်း စွမ်းဆောင်မှု တူညီနေပေမယ့် တိုက်စစ်ပိုင်းထက်မြက်တဲ့ ရီဒင်းတို့ အသာစီးရသွားနိုင်ပါတယ်။ ဟက်ဒါဖီးလ်နဲ့ ရီဒင်းတို့ နောက်ဆုံးငါးပွဲ တွေ့ဆုံခဲ့တဲ့ရလဒ်ပိုင်းကိုကြည့်ရင် ဟက်ဒါဖီးလ်က နှစ်ပွဲနိုင်ခဲ့သလို ရီဒင်းတို့လည်း နှစ်ပွဲနိုင်ကာ သရေတစ်ပွဲဖြစ်ထားခဲ့ပါတယ်။ နှစ်သင်းစလုံးရဲ့ အားထုတ်မှုက တူညီတဲ့ရလဒ်ထွက်ပေါ်ခဲ့တဲ့ မှတ်တမ်းရှိနေပေမယ့် လောလောဆယ်မှာ နိုင်ပွဲတွေဆက်တိုက်ရရှိနေတဲ့ ရီဒင်းတို့ အောင်ပွဲခံနိုင်သလို သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။ ။




## ချယ်လ်ဆီးနည်းပြ ကွန်တီကို တစ်နှစ် ပေါင်ကိုးသန်းခွဲနဲ့ ထပ်မံစာချုပ်

ချယ်လ်ဆီးနည်းပြ ကွန်တီဟာ တစ်နှစ်ကို ပေါင် ၉ ဒသမ ၅ သန်းနဲ့ ၂၀၂၁ နှစ်အထိ ထပ်မံစာချုပ်လိုက်ပြီဖြစ်ပါတယ်။ ကွန်တီက အင်တာမီလန်အသင်းရဲ့ စိတ်ဝင်စားမှုကို ပယ်ချပြီး ချယ်လ်ဆီးမှာပဲ ဆက်နေမယ်လို့ ဆိုပါတယ်။ အီတလီနိုင်ငံသား ကွန်တီဟာ သူ့ရဲ့ပထမဆုံးရာသီမှာပဲ ပရီမီယာလိဂ်ဖလားကို ရယူပေးနိုင်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ချယ်လ်ဆီးနဲ့ အနည်းဆုံး နှစ်နှစ်နေသွားချင်ပါတယ်။ ချယ်လ်ဆီးက ခွင့်ပြုမယ်ဆိုရင်တော့ ဒီထက်မက နေချင်ပါတယ်လို့ ကွန်တီက ဆိုပါတယ်။ သူ့ရဲ့ချယ်လ်ဆီးအသင်းကို ချန်ပီယံလိဂ်ဖလား ရယူပေးနိုင်ဖို့ အကောင်းဆုံး ပြင်ဆင်သွားမယ်လို့လည်း ကွန်တီက ဆိုပါတယ်။ ဒီနှစ်မှာတော့ ကောင်းမွန်တဲ့ ကစားသမား ၁၃ ယောက် ၁၄ ယောက်ကို အခြေပြုပြီး ကစားခဲ့တယ်လို့လည်း သူကဆိုပါတယ်။ လာမယ့်နှစ်မှာတော့ ချယ်လ်ဆီးအသင်းကို ကစားသမားကောင်းတွေ ပြန်ဖြည့်ပြီး အကောင်းဆုံးအသင်းဖြစ်အောင်လုပ်သွားမယ်လို့လည်း ဆိုပါတယ်။ ဒီနှစ်ထဲမှာပဲ ချယ်လ်ဆီးအသင်းကို အက်ဖ်အေဖလား ဖိုင်နယ်ပွဲရောက်အောင်လည်း ပို့ပေးနိုင်ခဲ့ပါသေးတယ်။




## မန်ယူကိုပြောင်းဖို့ ငြင်းဆိုတဲ့ ဂရစ်မန်း

မန်ယူကိုပြောင်းရွှေ့ဖို့ သဘောတူညီမှု ရထားပြီဆိုခြင်းကို အန်ထောနီဂရစ်မန်းက ငြင်းဆိုလိုက်ပါတယ်။ ငွေကြေးအမြောက်အမြား သုံးစွဲပြီး မော်ရင်ဟိုက ခေါ်ယူသွားဖို့ ပစ်မှတ်ထားနေခဲ့တာ ဖြစ်ပါတယ်။ သို့ပေမယ့် ပြင်သစ်နိုင်ငံသား အက်သလက်တီကို တိုက်စစ်မှူး ဂရစ်မန်းက ယင်းသဘောတူညီမှုမှာ ကောလာဟလဖြစ်တယ်လို့ ပြောဆိုပါတယ်။ မန်ယူက ယူရိုပါလိဂ်ဖလားကိုရယူပြီးတဲ့နောက် လာမယ့်ရာသီမှာ ချန်ပီယံလိဂ် ကစားခွင့်ရရှိထားတဲ့အသင်းဖြစ်ပါတယ်။ သို့သော်လည်း ဂရစ်မန်းက အက်သလက်တီကိုအသင်းနဲ့သာ ဖလားတွေ ဆွတ်ခူးနိုင်ရေး ကြိုးစားသွားမယ်လို့ ဆိုပါတယ်။ ဂရစ်မန်းဟာ အက်သလက်တီကိုအသင်းမှာ အဓိကအားထားရတဲ့ တိုက်စစ်မှူးကောင်းတစ်ဦးဖြစ်ပါတယ်။ သူဟာ ဒီနှစ်ရာသီမှာ ၅၃ ပွဲကစားခဲ့ပြီး ၂၆ ဂိုးသွင်းယူပေးခဲ့ပါတယ်။ အက်သလက်တီကိုအသင်းအတွက် လာမယ့်ရာသီမှာ ဂိုးသစ်တွေ ထပ်မံသွင်းပေးသွားမယ်လို့လည်း သူက ဆိုပါတယ်။ မော်ရင်ဟိုက သူ့ကို ပေါင် ၈၆ သန်းနဲ့ ခေါ်ယူဖို့ ကြိုးစားခဲ့တယ်လို့ ဆိုပါတယ်။




## မန်စီးတီးက ခေါ်ယူလိုက်တဲ့ ဘာနာဒိုဆေးလ်ဗား

ပြင်သစ်ကလပ်မိုနာကို ကွင်းလယ်ကစားသမား ဘာနာဒိုဆေးလ်ဗားဟာ လာမယ့်ရာသီမှာ မန်စီးတီးအသင်းနဲ့အတူ ကျောနံပါတ်- ၂၀ ဂျာစီအင်္ကျီကို ဝတ်ဆင်ကစားရမှာဖြစ်ပါတယ်။ အသက် ၂၂ နှစ်အရွယ်သာရှိသေးတဲ့ ကွင်းလယ်ကစားသမား ဆေးလ်ဗားကို ပေါင် ၄၃ သန်းနဲ့ စာချုပ်လိုက်တယ်လို့ အကြမ်းဖျင်းသိရပါတယ်။ သူ့ကို ဂွာဒီယိုလာက ငါးနှစ်စာချုပ်နဲ့ ခေါ်ယူခဲ့တာပါ။ ဆေးလ်ဗားရဲ့ မိုနာကိုအသင်း ကစားဖော်ဟောင်း ဘင်ဂျမင်မန်ဒီကိုလည်း မန်စီးတီးက အလိုရှိနေတယ်လို့ ဆိုပါတယ်။ သူဟာ နောက်တန်းကစားသမားတစ်ဦးဖြစ်ပါတယ်။ ပေါ်တူဂီနိုင်ငံသမား ဆေးလ်ဗားဟာ အရည်အချင်းပြည့်ဝတဲ့ ကွင်းလယ်ကစားသမားတစ်ဦးဖြစ်ပါတယ်။ သူဟာ ၂၀၀၀ ပြည့်နှစ်က မိုနာကိုအသင်းကို ရောက်လာပြီးနောက် ပထမဆုံးလိဂ်ဖလားကိုရယူပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ချန်ပီယံလိဂ် ဆီးမီးဖိုင်နယ်မှာလည်း မန်စီးတီးကို အနိုင်ကစားရာမှာ ပါဝင်ကစားခဲ့သူဖြစ်ပါတယ်။ သူရဲ့ ခြေစွမ်းဟာ ဒေးဗစ်ဆေးလ်ဗားထက်ပိုပြီး သာတယ်လို့ ဆိုပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
# သတင်းကြေညာချက်
## ၂၀၁၇ ခုနှစ် မေ ၂၉ ရက်

၁။ (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို ၂၀၁၇ ခုနှစ် ဇွန် ၁ ရက်မှ စတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို **ပင်မထီ''က''အက္ခရာမှ အစဉ်လိုက် ''ဖ''အက္ခရာထိ** အက္ခရာလုံးရေ(၂၂)လုံးနှင့် **အရန်ထီ''ကက'' အက္ခရာမှ အစဉ်လိုက် ''ကဖ'' အက္ခရာထိ** (၂၂)လုံး စုစုပေါင်း အက္ခရာ(၄၄)လုံးခန့်၊ ထီစာအုပ်ပေါင်း (၃၅၈၃၈၀၇)အုပ်ကို ခွဲဝေဖြန့်ဖြူးပြီးဖြစ်ပါသည်။

၃။ ထပ်မံဝယ်ယူလိုသူများရှိပါက ကျပ် ၅၀၀ တန်ထီများကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ပြီး အနည်းဆုံးအုပ်ရေ (၁၀၀)နှင့်အထက် ဝယ်ယူလိုသူများအား ဘဏ်ငွေသွင်းချလန် (TF-1)ဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့်၊ ကျောက်တံတားမြို့နယ်တွင် ၅-၆-၂၀၁၇ ရက်မှ ၂၄-၆-၂၀၁၇ ရက်ထိ ရုံးဖွင့်ရက်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။ ရောင်းချရသည့် အက္ခရာများကို ထီဖွင့်ပွဲမတိုင်မီ ထပ်မံကြေညာပေးသွားမည် ဖြစ်ပါသည်။

၄။ (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ် နမူနာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-






၅။ (၄)ကြိမ်မြောက် ကျပ် ၅၀၀တန် အောင်ဘာလေထီလက်မှတ် **(အရန်ထီ)** နမူနာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-






၆။ **အထူးသတိပြုရန်**

**အရန်ထီလက်မှတ်''ကက''အက္ခရာမှ အစဉ်လိုက် ''ကဖ'' အက္ခရာအထိ** ထီလက်မှတ်များတွင် ထီလက်မှတ်၏ညာဘက် ကျပ် ၅၀၀ တန် တံဆိပ်၏အပေါ်၌ **2nd အမှတ်အသား** ပါဝင်သောထီလက်မှတ်များသာ ၂၀၁၇ ခုနှစ် ဇူလိုင် ၁ ရက်တွင် ဖွင့်လှစ်မည့် (၄)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲအတွက် အကျုံးဝင်ပါကြောင်းနှင့် **အရန်ထီလက်မှတ်**ပေါ်တွင် **2nd** အမှတ်အသားမပါဝင်သော **''ကက''အက္ခရာမှ အစဉ်လိုက် ''ကခ''အက္ခရာ**ထိ ထီလက်မှတ်များသည် (၁)ကြိမ်မြောက်၊ (၂)ကြိမ်မြောက်နှင့် (၃)ကြိမ်မြောက်တို့တွင် ဖွင့်လှစ်ပြီးဖြစ်ပါသဖြင့် ၂၀၁၇ခုနှစ် ဇူလိုင် ၁ရက်တွင် ဖွင့်လှစ်မည့် (၄)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲအတွက် အကျုံးမဝင်ပါကြောင်း အထူးသတိပေးအပ်ပါသည်။

၇။ ကျပ် ၅၀၀ တန် ထီအတွက် ဆုမဲများမှာ အမြင့်ဆုံးဆု ကျပ်သိန်း ၁၀၀၀၀၊ ကျပ်သိန်း ၅၀၀၀၊ ကျပ်သိန်း ၃၀၀၀နှင့် ကျပ်သိန်း ၁၀၀၀ ဆုများပါဝင်ပြီး **အနိမ့်ဆုံးဆုမဲမှာ** ကျပ် ၅၀၀၀၀ ဖြစ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

# မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများမှ သွယ်ဝိုက်ခွန်ကောက်ခံသည့် အခွန်နှုန်းများ အသိပေးကြေညာခြင်း

၁။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် သွယ်ဝိုက်ခွန်များကို ကုန်သွယ်လုပ်ငန်းခွန်(Commercial Tax)/တန်ဖိုးဖြည့်ခွန်(Value-Added Tax)/ကုန်စည်နှင့်ဝန်ဆောင်မှုခွန်(Goods and Services Tax)စသည့်စနစ်များဖြင့် ကောက်ခံလျက်ရှိကြပါသည်။ အခွန်ထမ်း မိဘပြည်သူများအနေဖြင့် မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအချို့၏ အခွန်ကောက်ခံမှုနှုန်းထားများအား သိရှိလေ့လာနိုင်ပါရန် အောက်ဖော်ပြပါအတိုင်း ဖော်ပြအပ်ပါသည်-

(မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများ)

| စဉ် | နိုင်ငံအမည် | ကုန်သွယ်လုပ်ငန်းခွန်/ တန်ဖိုးဖြည့်ခွန်/ကုန်စည်နှင့် ဝန်ဆောင်မှုခွန် |
|---|---|---|
| ၁။ | မြန်မာ | ၅% |
| ၂။ | ကမ္ဘောဒီးယား | ၁၀% |
| ၃။ | အင်ဒိုနီးရှား | ၁၀% |
| ၄။ | မလေးရှား | ၆% |
| ၅။ | ဖိလစ်ပိုင် | ၁၂% |
| ၆။ | စင်ကာပူ | ၇% |
| ၇။ | ထိုင်း | ၇% |
| ၈။ | ဗီယက်နမ် | ၁၀% |

(ကမ္ဘာ့နိုင်ငံများ)

| စဉ် | နိုင်ငံအမည် | ကုန်သွယ်လုပ်ငန်းခွန်/ တန်ဖိုးဖြည့်ခွန်/ကုန်စည်နှင့် ဝန်ဆောင်မှုခွန် |
|---|---|---|
| ၁။ | တရုတ် | ၁၇% |
| ၂။ | ပြင်သစ် | ၂၀% |
| ၃။ | ဂျာမနီ | ၁၉% |
| ၄။ | ဒိန်းမတ် | ၂၅% |
| ၅။ | အိန္ဒိယ | ၅-၁၅% |
| ၆။ | ဂျပန် | ၈% |
| ၇။ | နယူးဇီလန် | ၁၅% |
| ၈။ | နော်ဝေ | ၂၅% |

၂။ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအချို့၏ အခွန်ကောက်ခံမှုနှုန်းထားများအား လေ့လာသုံးသပ်ပါက သွယ်ဝိုက်ခွန်ဖြစ်သည့် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံမှုနှုန်းထားသည် မြန်မာနိုင်ငံမှ အနည်းဆုံးဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

၃။ ကုန်သွယ်လုပ်ငန်းခွန်(Commercial Tax)/တန်ဖိုးဖြည့်ခွန်(Value-Added Tax)/ကုန်စည်နှင့် ဝန်ဆောင်မှုခွန်(Goods and Services Tax)ကောက်ခံသည့် တစ်ကမ္ဘာလုံး၏ ပျမ်းမျှနှုန်းထားမှာ ၁၅ ဒသမ ၅ရာခိုင်နှုန်းဖြစ်ပါသည်။

၄။ အထက်ဖော်ပြပါ အခွန်နှုန်းထားများကို www. pwc.com နှင့် www.world wide-tax.comတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
# ကြေညာချက်
# (ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ မေလ ၂၅ ရက်)

၁။ ၂၀၁၇ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့တွင် ကျင်းပမည့် (၃)ကြိမ်မြောက် ကျပ် ၅၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို အောက်ပါအတိုင်းရောင်းချခဲ့ပါသည်-

(က) (၃)ကြိမ်မြောက်နှင့် ၂၀၁၇ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့တွင် ဖွင့်လှစ်မည်ဟူသောစာသားပါရှိသည့် ထီလက်မှတ် **(“က” အက္ခရာမှ အစဉ်လိုက်“န”အက္ခရာထိ)** = ၂၀ လုံး

(ခ) အကြိမ်မြောက်နှင့် မည်သည့်နေ့တွင် ဖွင့်လှစ်မည်ဟူသောစာသားမပါရှိသည့် **အရန်ထီလက်မှတ် (“ကဒ” အက္ခရာမှ အစဉ်လိုက်“ကအ”အက္ခရာထိ)** = ၁၆ လုံး

**စုစုပေါင်းအက္ခရာ = ၃၆ လုံး**

၂။ (၃)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ရောင်းချရသည့် အက္ခရာပေါင်းမှာ (၃၆)လုံးဖြစ်၍ ထီစာအုပ်ပေါင်း(၂၉၄၅၄၄၈)အုပ်ဖြစ်ပြီး ထီလက်မှတ်စောင်ရေပေါင်းမှာ (၃၂၃၉၉၃၂၈) စောင် ဖြစ်ပါသည်။

၃။ ထီလက်မှတ်စာအုပ်ရောင်းရငွေပေါင်းမှာ(ကျပ်သန်းပေါင်း ၁၄၇၂၇.၂၄)ဖြစ်ပါသည်။ ၆၀% ထီဆုငွေအဖြစ် ခွဲဝေပေးမည့် ငွေပေါင်းမှာ(ကျပ်သန်းပေါင်း ၈၈၃၆ ဒသမ ၃၄၄)ဖြစ်ပါသည်။

၄။ ထီဆုငွေများကို အောက်ပါအတိုင်း ခွဲဝေချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။

**(က) အထူးဆုကြီးစနစ်**

| | | | |
|---|---|---|---|
| (၁) | ကျပ်သိန်းတစ်သောင်း | = | (၁) ဆု |
| (၂) | ကျပ်သိန်းငါးထောင် | = | (၁) ဆု |
| (၃) | ကျပ်သိန်းတစ်ထောင် | = | (၁) ဆု |

**(ခ) ဆုတစ်ဆုချင်းစနစ်**

| | | | |
|---|---|---|---|
| (၁) | ကျပ်သိန်းတစ်ရာ | = | (၃၇) ဆု |
| (၂) | ကျပ်သိန်းငါးဆယ် | = | (၃၉) ဆု |
| (၃) | ကျပ်ဆယ်သိန်း | = | (၄၁) ဆု |

**(ဂ) ဝေဝေဆာဆာပဒေသာဆုမဲစနစ်**

| | | | |
|---|---|---|---|
| (၁) | ကျပ်သုံးသိန်း | = | (၁၀၀) ဆု |
| (၂) | ကျပ်နှစ်သိန်း | = | (၁၀၀၀) ဆု |
| (၃) | ကျပ်တစ်သိန်း | = | (၂၉၀၀၀) ဆု |
| (၄) | ကျပ်ငါးသောင်း | = | (၇၀၀၀၀) ဆု |
| | **စုစုပေါင်း** | = | ၁၀၀၂၂၀ ဆု |

၅။ (၃)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ၁-၆-၂၀၁၇ ရက်(ကြာသပတေးနေ့)နံနက်၈ နာရီအချိန်တွင် အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး (၃၄၁)ကြိမ်မြောက် ကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကိုလည်း တစ်ဆက်တည်း ကျင်းပပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8D/7649 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန(နေပြည်တော်)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 5I/5559, Toyota Mark II JZX 110,S/L (4×2) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ထွေး ၅/မရန(နိုင်)၀၅၂၅၄၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်
## ကတ္တရာအိတ်ဖွင့်တင်ဒါအမှတ်(၁)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အတွင်းရှိ လမ်းဦးစီးဌာန၏ ခရိုင်/အထူးအဖွဲ့များမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် ကတ္တရာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပြည်နယ် | ပစ္စည်းအမျိုးအစား ကတ္တရာ(၆၀/၇၀) | ကတ္တရာ(၈၀/၁၀၀) |
|---|---|---|---|
| (က) | ရှမ်း(တောင်) | ၂၅၀ တန် | ၃၉၇၀ တန် |
| (ခ) | ရှမ်း(မြောက်) | - | ၄၂၃၀ တန် |
| (ဂ) | ရှမ်း(အရှေ့) | ၃၆၀ တန် | ၁၄၄၅ တန် |
| | စုစုပေါင်း | ၆၁၀ တန် | ၉၆၄၅ တန် |

(ဃ) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၅-၆-၂၀၁၇ ရက်မှ ၂၂-၆-၂၀၁၇ ရက်အထိ နံနက် ၉:၀၀ နာရီမှ ၁၆:၀၀ နာရီ (ရုံးချိန်အတွင်း)

(င) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး တောင်ကြီးမြို့

(စ) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၃-၆-၂၀၁၇ ရက် မွန်းတည့် ၁၂:၀၀ နာရီ

(ဆ) **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၂၆-၆-၂၀၁၇ ရက် ၁၃:၃၀ နာရီ

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးသို့ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၂၁၂၁၀၁၆၊ ၀၈၁-၂၁၂၁၁၆၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကတ္တရာတင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## စီမံကိန်းရေးဆွဲရေးဦးစီးဌာန
## ချင်းပြည်နယ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ ပြည်နယ်ရုံး(၂)ထပ် မြှင့်တင်ခြင်း၊ ဖလမ်းခရိုင်ရုံးအသစ် (၂)ထပ် (၁)လုံး၊ မင်းတပ်ခရိုင်ဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲ (၂)ထပ် (၁)လုံး၊ ပလက်ဝမြို့နယ်ရုံး (၁)လုံး၊ တီးတိန်မြို့နယ် ဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲ(၁)ထပ်(၁)လုံး၊ ဖလမ်းခရိုင်ဝန်ထမ်း အိမ်ရာခြံစည်းရိုး၊ ကန်ပက်လက်ဝန်ထမ်းအိမ်ရာ ခြံစည်းရိုးကာရံခြင်း စသည့်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် စိတ်ဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံနှင့်စည်းကမ်းချက်များ စတင်ထုတ်ယူမည့်ရက်** - ၁၂-၆-၂၀၁၇ ရက်

၃။ **တင်ဒါနောက်ဆုံးတင်သွင်းမည့်ရက်** - ၂၃-၆-၂၀၁၇ ရက် ၁၆:၀၀ နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်** - ၂၈-၆-၂၀၁၇ ရက်

၅။ **တင်ဒါတင်သွင်းမည့်လိပ်စာနှင့်နေရာ** - ညွှန်ကြားရေးမှူး၊ ပြည်နယ်စီမံကိန်း ဦးစီးမှူးရုံး၊ ဟားခါးမြို့

၆။ **တင်ဒါဖွင့်မည့်နေရာ** - ပြည်နယ်စီမံကိန်းဦးစီးရုံး၊ ဟားခါးမြို့

၇။ အသေးစိတ်သိလိုပါက ရုံးချိန်အတွင်း ချင်းပြည်နယ်စီမံကိန်းဦးစီးရုံး၊ ဖုန်း-၀၇၀-၂၀၆၀၁ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## Extension of Invitation for Bids

Date: 25th May 2017

Loan Agreement No.; Yangon-Mandalay Railway Improvement Project Phase –I MY-P4 dated 5th September, 2014(Package No. ; CP101, CP102 and CP103)

Myanma Railways has already advertised the invitation for Bids in the **Myanma Alinn Daily** on 30th March, 2017.

In order to be convenient for the interested eligible applicant's document preparations, Myanma Railways extends the closing date from 30th June, 2017 to 28th July, 2017 at 1:00 p.m. at Myanmar Railways Head Office Meeting Room, Nay Pyi Taw.

Managing Director, Myanmar Railways

Ministry of Transport and Communications

## ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ဟားခါးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်း(သန်း ၁၀၀နှင့်အထက်)များကို ဆောင်ရွက်လိုသူ တိုင်းရင်းသား လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ပြည်နယ်ရုံးဝန်ထမ်းအိမ်ရာ နှစ်ထပ် (၁)လုံး
(ခ) မင်းတပ်မြို့ လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ (၁)လုံး
(ဂ) ပလက်ဝမြို့ စည်ပင်သာယာဈေးသစ်တည်ဆောက်ခြင်း (၁)လုံး
(ဃ) ပလက်ဝမြို့ ဆိပ်ကမ်းမြေထိန်းနံရံတည်ဆောက်ခြင်း
(င) ဖလမ်းမြို့ မြို့ပြတိုးချဲ့လမ်းသစ်ဖောက်လုပ်ခြင်း
(စ) မင်းတပ်မြို့ အရှေ့ပြင်ကွက်သစ်လမ်း ကျောက်ခင်းခြင်း
(ဆ) ဟားခါးမြို့ စံပြကွက်သစ် လမ်းသစ်ဖောက်လုပ်ခြင်း
(ဇ) ဟားခါးမြို့ စံပြကွက်သစ် ရေမြောင်းတည်ဆောက်ခြင်း
(ဈ) ဆမီးမြို့ သောက်သုံးရေပေးရေးလုပ်ငန်း
(ည) အုပ်ချုပ်မှု မော်တော်ယာဉ် (၄)စီး ဝယ်ယူခြင်း

၂။ တင်ဒါလျှောက်လွှာပုံစံ စည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၃။ **တင်ဒါလျှောက်လွှာရောင်းချရက်** - ၁-၆-၂၀၁၇ ရက်မှ ၃၀-၆-၂၀၁၇ ရက် ညနေ ၁၆:၃၀ နာရီအထိ

**တင်ဒါစိစစ်ရောင်းချမည့်ရက်** - ၅-၇-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့)

**လျှောက်လွှာတင်သွင်းမည့်နေရာ** - ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ဟားခါးမြို့

**ဆက်သွယ်ရန်ဖုန်း** - ၀၇၀-၂၁၃၂၁၊ ၀၉-၄၅၉၀၀၄၀၀၈၊ ၀၉-၄၀၀၃၀၈၀၉၆၊ ၀၉-၄၅၉၅၉၇၄၄၇၊ ၀၉-၃၃၃၄၇၈၄၅၊ ၀၉-၄၀၀၃၀၁၀၈၃

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာန
## ၀၁/၂၀၁၇-၂၀၁၈ ကြိမ်မြောက်
## အိတ်ဖွင့်လေလံကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာနမှ တောင်သရက်သစ်လုံး (၂၆၇၉·၈၄၂)တန် အား အမေရိကန်ဒေါ်လာ(US$)ဖြင့် အိတ်ဖွင့်လေလံကို အောက်ဖော်ပြပါအတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၁၃-၆-၂၀၁၇ ရက် နံနက် ၁၀:၀၀ နာရီ

(ခ) **ရောင်းချမည့်နေရာ** - သစ်အခြေခံစက်မှုလုပ်ငန်းဌာန (ရုံးချုပ်)၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်လေလံနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား မြန်မာ့သစ်လုပ်ငန်း၏ website ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍သော်လည်းကောင်း ဖုန်း-၀၁-၃၇၂၄၄၅၊ ၀၁-၃၇၇၂၉၆၊ ၀၁-၃၇၇၈၈၅ တို့တွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ**
**သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီး
## အခြေခံပညာကျောင်းများအတွက် ပရိဘောဂများပြုလုပ်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် (ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုအစီအစဉ်ဖြင့် ဆောင်ရွက်မည့် တနင်္သာရီတိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများတွင် (၄)ယောက်တွဲ စာရေးခုံ (နိမ့်/မြင့်)များ ပြုလုပ်ခြင်းလုပ်ငန်းအတွက် ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) (၄)ယောက်တွဲ စာသင်ခုံ(နိမ့်) - ၉၄၆ စုံ
(ခ) (၄)ယောက်တွဲ စာသင်ခုံ(မြင့်) - ၁၇၄၈ စုံ

၂။ **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်/အချိန်** - ၂၉-၅-၂၀၁၇ ရက် (တနင်္လာနေ့) နံနက် ၀၉:၃၀ နာရီမှ ညနေ ၄:၃၀ နာရီထိ

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၈-၆-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄:၃၀ နာရီထိ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးပညာရေးမှူးရုံး**
**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့**
**ဖုန်း-၀၅၉-၂၃၉၆၁၊ ၂၃၉၆၂၊ ၂၃၉၆၄၊ ၂၃၉၆၅**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ တကောင်းမြို့ အထက၊ နဝမတန်းမှ မောင်လပြည့်စိုး ၉/တကတ(နိုင်)၀၀၈၀၂၆ ၏ ဖခင်အမည်မှန်မှာ ဦးဝင်းမင်းထွေး ဖြစ်ပါကြောင်း။

**ဦးဝင်းမင်းထွေး**

## ဖခင်အမည်မှန်

ဝက်လက်မြို့နယ်၊ အနောက်ဆင်းတဝဲကျေးရွာနေ မောင်ဇာနည်အောင်နှင့် မောင်ဇာနည်ထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးလင်း(ခ)ဦးကိုလင်း ၅/ဝလန(နိုင်)၁၀၆၉၃၄ ဖြစ်ပါကြောင်း။

**ဦးလင်း (ခ) ဦးကိုလင်း**

## ဖခင်အမည်မှန်

တကောင်းမြို့၊ အထက၊ အဋ္ဌမတန်းမှ မနဒီဝိုင်း ၉/တကတ(နိုင်)၀၀၉၂၃၂ ၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဌေး ဖြစ်ပါကြောင်း။

**ဦးမြင့်ဌေး**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၁)နဝမတန်း(အောင်)မှ မောင်အောင်ငြိမ်းဦးနှင့် အမှတ်(၃) အလက(ခွဲ) စတုတ္ထတန်းမှ မောင်ဟိန်းထက်အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးတင်အောင် ၅/ကလထ(နိုင်)၀၀၃၇၀၄ ဖြစ်ပါကြောင်း။

**ဦးတင်အောင်**

## REQUEST FOR EXPRESSIONS OF INTEREST
## (CONSULTING SERVICES - Individual Consultants)

**The Republic of the Union of Myanmar**
**Agricultural Development Support Project (ADSP)**
**Credit No: 5624 MM**

The Republic of the Union of Myanmar is in the process of receiving funds from the World Bank toward the cost of the ADSP Project and intends to apply part of the proceeds for consulting services.

The Project Management Unit now invites expressions of interest from qualified candidates for the National Procurement Officer (Ref#SC-17)position. Interested consultants must provide their updated curriculum vitae,indicating personal and technical skills, qualifications and experience in similar assignments.

The Services are expected to be carried out over a period of 12 months with the possibility of extension, starting in July 2016.The location of work will be the Ministry of Agriculture, Livestock and Irrigation in Nay Pyi Taw, Myanmar.

The attention of interested Consultants is drawn to paragraph 1.9 of the World Bank's Guidelines: Selection and Employment of Consultants under IBRD Loans and IDA Credits & Grants by World Bank Borrowers dated July 2014("Consultant Guidelines") , setting forth the World Bank's policy on conflict of interest. A Consultant will be selected in accordance with procedures set out in the Consultant Guidelines.

Further information and a copy of the detailed Terms of Reference(TORs)can be obtained at the address below during working days from 10:00 to 15:00 hours.

Expressions of interest must be delivered in a written form to the address below(in person,or by mail,or by e-mail, or by Fax) by 16th June 2017 , 14:00 hrs.

Attn: Mr.Tint Lwin , Director of Procurement
Irrigation and Water Utilization Management Department
Ministry of Agriculture, Livestock and Irrigation
Building No.43, Floor/Room number: 1st floor, Office of Director of Procurement, Nay Pyi Taw
Country: Republic of the Union of Myanmar
Telephone: +95-67-410019, Fax+95-67-410509,
E-mail: tlwin4.irr@gmail.com

## ပြည်ထဲရေးဝန်ကြီးဌာန
## ဧရာဝတီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒု-ညွှန်မှူးနှင့် လ/ထ ညွှန်မှူးနေအိမ် RC (၃)ထပ် ဆောက်လုပ်ခြင်း (ပုသိမ်ခရိုင်၊ မအူပင်ခရိုင် ဖျာပုံခရိုင်)၊ မြို့အုပ်ချုပ်ရေးမှူးရုံးနှင့် စုပေါင်းရုံး(၂)ထပ်ဆောက်လုပ်ခြင်း(သုံးမိုင်မြို့၊ ချောင်းသာမြို့)တို့အတွက် အဆိုပါ လုပ်ငန်းများအား စိတ်ပါဝင်စားသော ဒေသခံ/ပြင်ပလုပ်ငန်းရှင်များ အနေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့သို့ ဆက်သွယ်ဆောင်ရွက်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၃၀-၅-၂၀၁၇ ရက်
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၉-၆-၂၀၁၇ ရက်
(ဂ) **တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - ၁၅:၀၀ နာရီ
(ဃ) **ဆက်သွယ်ရမည့်ဖုန်း** - ၀၄၂-၂၃၉၄၁၊ ၂၁၂၅၀၊ ၂၁၂၄၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့**

## မင်္ဂလာဦးဆွမ်းကပ်ပြီးစီးကြောင်း

ကျွန်တော် ဦးကျော်လွင်မိုးနှင့် ကျွန်မ ဒေါ်ကြည်နု(ခ) ဒေါ်နုတို့သည် ၁-၅-၂၀၁၇ ရက်တွင် အရာတော်မြို့၊ ရွှေဘုံသာဗိမာန်ကျောင်းတိုက်၌ မင်္ဂလာဦး ဆွမ်းကပ်ပြီးစီးပါကြောင်း။

**ဦးကျော်လွင်မိုး-ဒေါ်ကြည်နု(ခ)ဒေါ်နု**

## ဖခင်အမည်မှန်

ကလေးမြို့၊ အထက (၁) နဝမတန်း (အောင်)မှ မောင်အောင်သူကိုနှင့် အထက (တင်သား) သတ္တမတန်း(အောင်)မှ မစန်းသော်တာထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးဌေးစိန် ၅/ကလထ(နိုင်)၂၃၀၈၇၃ ဖြစ်ပါကြောင်း။

**ဦးဌေးစိန်**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အလက စက်မှုဇုန်၊ ဆဋ္ဌမတန်းမှ မောင်စိုးရာဇာ၏ ဖခင်အမည်မှန်မှာ ဦးပွင့် ၅/မရန(နိုင်)၂၂၁၀၅၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ဘုရားကြီးကုန်းရွာ၊ အထက နဝမတန်း(A)မှ မအိဖြိုးလှိုင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းလှိုင်ဦး ၁၄/ကကန(နိုင်)၀၈၆၁၉၀ ဖြစ်ပါကြောင်း။

**ဦးထွန်းလှိုင်ဦး**

## တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ တင်သားရွာ အမှတ်(၃)ရပ်ကွက်နေ မရွှေရည်လင်းအောင်၏ ဖခင် ဦးဌေးစိန် ၅/ကလထ(နိုင်)၂၃၀၈၇၃နှင့် ဦးအောင်အောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဌေးစိန်(ခ)ဦးအောင်အောင်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ဖြည့်တင်းရေးဌာနခွဲ
## နေပြည်တော်

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုငွေလုံးဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော သတ်မှတ်စံချိန်စံညွှန်းနှင့် ပြည့်မီသည့် ၈၀/၁၀၀အမျိုးအစားကတ္တရာ (၁၁၁၈၃·၃၁၃၈± ၂၅ရာခိုင်နှုန်း)မက်ထရစ်တန်နှင့် သံချောင်းလုံးအရွယ်စုံ (၁၇၉၉·၅၈၅±၂၅ရာခိုင်နှုန်း) တန်အား ပျဉ်းမပင်သိလှောင်ဝင်းအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁-၆-၂၀၁၇ ရက် (ရုံးချိန်အတွင်း)

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၆-၆-၂၀၁၇ ရက် ၁၆:၀၀ နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်** - ၃-၇-၂၀၁၇ နံနက် ၁၀:၀၀ နာရီ (အချိန်ပြောင်းလဲပါကထပ်မံကြေညာပါမည်။)

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၆။ သတ်မှတ်ရက်ထက်နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ တင်ဒါစိစစ်ရာတွင် သတ်မှတ်စံချိန်စံညွှန်း ကတ္တရာ ၈၀/၁၀၀ အမျိုးအစားနှင့် သံချောင်းလုံးရွယ်စုံအား ကိုက်ညီမှုရှိ/မရှိ ကြိုတင်စစ်ဆေးရန်အတွက် ၂၆-၆-၂၀၁၇ရက် ညနေ ၄:၃၀နာရီထက်နောက်မကျစေဘဲ နမူနာတင်သွင်းမည့် ကတ္တရာနှင့်သံချောင်းလုံး ရွယ်စုံတို့အား လမ်းဦးစီးဌာန၊ ဖြည့်တင်းရေးဌာနခွဲသို့ ကြိုတင်ပေးပို့ရပါမည်။ ပေးပို့မှု မရှိသောကုမ္ပဏီအား တင်ဒါစိစစ်ခြင်းမှ ပယ်ဖျက်ပါမည်။

**တင်ဒါခေါ်ယူရေးဆပ်ကော်မတီ**
**လမ်းဦးစီးဌာန**
**ဖြည့်တင်းရေးဌာနခွဲ**
**ဖုန်း-၀၆၇-၄၀၇၅၈၈**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မော်လမြိုင်ခရိုင်တရားရုံးတော်
## ၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၃၄

ဦးစိုးဝင်း **တရားလို** နှင့် ဦးမိုးဝင်း **တရားပြိုင်**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ် ၂နေ ဦးမိုးဝင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလို ဦးစိုးဝင်းက "နေအိမ်နှင့် နေအိမ်တည်ရှိရာမြေကွက်အား ဝယ်ယူပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ခုနှစ် ဇွန် ၁၅ရက်(၁၃၇၉ခုနှစ် နယုန်လပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် မေ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နွဲ့နွဲ့ဦး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မော်လမြိုင်ခရိုင်တရားရုံး**

## အမည်ပြောင်း

ဦးချမ်းငြိမ်းအောင်၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ အထက (ခွဲ) အလက(၂) ပဉ္စမတန်းမှ မသွန်းသခင်အား မမြတ်နိုးချယ်ဟု ပြောင်းလဲခေါ်ပါရန်။

**မမြတ်နိုးချယ်**

## အမည်မှန်နှင့် ဖခင်အမည်မှန်

ကလေးမြို့၊ အလက(ခွဲ) အမက (၁) ပဉ္စမတန်း(အောင်)မှ မသဥ္ဇာကျော်၏ အမည်မှန်မှာ မတင်ဇာကျော်ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးကျော်မျိုးသူ ၅/တမန(နိုင်)၀၅၁၇၈၅ ဖြစ်ပါကြောင်း။

**ဦးကျော်မျိုးသူ၊ မတင်ဇာကျော်**

## တစ်ဦးတည်းဖြစ်ကြောင်း

ဦးစံလှ-ဒေါ်စန်းတို့၏သမီး ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဇရပ်ကြီး အထက ကျောင်းဝင်အမှတ် ၃၈၀/၁၀ ဆဋ္ဌမတန်းအောင် မမေဦးခင်နှင့် စန္ဒာထွေးသည် တစ်ဦးတည်းဖြစ်ပါသည်။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၄က/၉၀၇၁ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လင်း ၉/ပမန(နိုင်)၁၂၄၉၀၂ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## အမည်ပြောင်း

ပုသိမ်မြို့၊ အမှတ် ၂၃၁၊ မူလွန်ကြည်သာကျောင်းမှ KG တန်းအောင် ဦးနေလင်းထွန်း ၁၄/ပသရ (နိုင်) ၁၁၆၈၈၂ ၏သား မောင်ဘုန်းမင်းမြတ်အား မောင်အောင်ဥက္ကာလင်းဟု ခေါ်ပါရန်။

**မောင်အောင်ဥက္ကာလင်း**

## ဖခင်အမည်မှန်

လှိုင်သာယာမြို့နယ်၊ အလက(၅)၊ အဋ္ဌမတန်း(A)မှ မခိုင်သက်မွန်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ကျော် ၁၄/အဂပ(နိုင်)၁၇၄၃၉၈ ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်ကျော်**
**၁၄/အဂပ(နိုင်)၁၇၄၃၉၈**

## ဖခင်အမည်မှန်

အထက(၂) တောင်ဒဂုံ၊ ဆဋ္ဌမတန်း(C)မှ မသက်နှင်းစံ၏ ဖခင်အမည်မှန်မှာ ဦးဆန်းတင့်ဦး ၁၄/ကပန(နိုင်)၀၂၄၁၉၄ ဖြစ်ပါကြောင်း။

**ဦးဆန်းတင့်ဦး**

## မွေးသက္ကရာဇ်အမှန်

ပွင့်ဖြူမြို့၊ အရှေ့ပိုင်းရပ်ကွက်နေ ဦးမျိုးမြင့် ၈/စလန(နိုင်)၁၀၀၀၄၆ ၏ သမီး အထက ပွင့်ဖြူမှ တတိယတန်းအောင် မနန်းဦးဝေ၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၉-၂၀၀၇ မှာ အမှန်ဖြစ်ပါကြောင်း။

**မနန်းဦးဝေ**

ဦးကျော်စိန် ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) (Notary Public & Advocate) ပြုစုသည့်




# ရာဇဝတ်ကျင့်ထုံးဥပဒေ၌ကာ

ပထမတွဲ (ပုဒ်မ ၁ မှ ၃၅၂ ထိ) နှင့် ဒုတိယတွဲ (ပုဒ်မ ၃၅၃ မှ ၅၆၅ ထိ)

မကြာမီ ထွက်မည်

ပင်ရင်းဖြန့်ချိရေး - ထက် စာပေ TEL : 01 392851, 01 392735, 09 45215 0018, 09 45215 0028

အမှတ် (၃၃၃)၊ အခန်း ၃ (ပထမထပ်)၊ ဗိုလ်အောင်ကျော်လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ (နယ်ကိုယ်စားလှယ်များ ဆက်သွယ်နိုင်ပါသည်)



## နေပြည်တော်
## ကားမောင်း(အတတ်သင်)သင်တန်း

ပ-(154)၊ မြို့မဈေး၊ ပွဲရုံတန်း၊ နေပြည်တော်

Ph:067-421755 ,09-73011078 ,09-73041277

စေတ်မီကားမျိုးစုံဖြင့်Manual & Auto နှစ်မျိုးစလုံးသင်ကြားပေးပါသည်။



## ဒဂုံမြို့သစ်

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်းများရှိ မြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

ဖုန်း-၀၉-၈၆၂၃၁၈၈

ဖုန်း-၀၉-၅၀၈၄၁၂၉



## အောင်ပြည့်စုံ

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း မြို့တွင်း/နယ်ဝေးများအတွက် ဈေးနှုန်းချိုသာစွာဖြင့် Box ကား မျိုးစုံဖြင့် အလုပ်သမားစီစဉ်ပေးသည်။

09-250095114

09-421041338

09-73224763



ပေး ၅ မ ကုန် လျှ ၅ မ ခန်း ဇောတိကသက်န်း

## မော်တာအထည်ချုပ်ကျွမ်းကျင်ဝန်ထမ်း(၅၀)ဦးအလိုရှိသည်။

အလုပ်ချိန်နံနက်(၉)နာရီမှညနေ(၅)နာရီထိ။ အချိန်ပိုအလုပ်ချိန်မရှိ။ လစဥ်ဝင်ငွေ ၁၅၀၀၀၀ိ/-ကျပ်မှ ၃၀၀၀၀၀ိ/- ကျပ်ထိ။ ရက်မှန်ဆု၊ ဘောနပ်ဆု၊ ထုတ်လုပ်မှုဆု အရည်အသွေးအကောင်းဆုံးဆု၊ လုပ်သက်ဆုကြေးများ ခံစားခွင့်ရှိပါသည်။ စက်ရုံသက်တမ်း (၁၇)နှစ်ရှိပြီးဖြစ်၍ လုပ်ငန်းခိုင်မာမှုရှိပါသည်။ သံဃာတော်အရှင်သူမြတ်များ ဝတ်ဆင်ရမည့် ဝိနည်းတော်နှင့်ညီသည့် ဇောတိကသက်န်းများ ချုပ်လုပ်ရမည်ဖြစ်ပါသည်။

လျှောက်ထားလိုသူများသည် (၃)လအတွင်းရိုက်ကူးထားသောလိုင်စင်ကာလာဓါတ်ပုံ၊ သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်တွင်းနေထိုင်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်မူရင်းတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ (၂)ပတ်အတွင်း ဇောတိကကုမ္ပဏီရုံးချုပ်တွင် လာရောက်လျှောက်ထားနိုင်ပါသည်။

**စက်ချုပ်လုပ်ငန်းဖြင့် အလုပ်လုပ်ချင်သူများကိုလည်း မော်တာစက်ချုပ်အခမဲ့သင်ပေးပြီး အောင်မြင်ပါက အလုပ်ခန့်အပ်ပေးပါမည်။**

အမှတ်(၃၇)ရေတာရှည်လမ်းဟောင်း၊ရွှေတိဂုံဘုရားအရှေ့မုခ်အနီး၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။ Phone; 01- 8603129, 01-380578, 09-253348646, 09-420216286



METRO IT & Japanese Language Centre

တက္ကသိုလ် ဝင်တန်း အောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသူများအတွက် IT Engineer အဖြစ် ရပ်တည်နိုင်ရန် ပြုစုပျိုးထောင်ပေးနေသည့် "Only One School in Myanamar"

IT & ဂျပန်ဘာသာ



## SYSTEM CREATOR COURSE ( 2 years Course )

- ဂျပန်နိုင်ငံ Nagasaki မြို့ရှိ Metro General Business College မှ တိုက်ရိုက်ချမှတ်ပေးသည့် IT ဘာသာရပ်သင်ရိုးညွှန်းတမ်းတွေကို မြန်မာနိုင်ငံတွင် ဈေးနှုန်းချိုသာစွာ ဖြင့် သင်ယူနိုင်ပါသည်။
- ဂျပန်နိုင်ငံ၏ IT ကုမ္ပဏီများတွင် IT Engineer များအဖြစ် အလုပ်အကိုင် ဝင်ရောက်နိုင်ရန် Metro မှ ကျောင်းသားကျောင်းသူများအား ဂျပန်ဘာသာရပ်ကို ကျွမ်းကျင်စွာတတ်မြောက်သည်အထိ 2 နှစ်တာ အခမဲ့ တွဲဖက်သင်ကြားပေးပါသည်။
- သန့်ရှင်းသပ်ရပ်သော စာသင်ခန်းများအတွင်း ပြီးပြည့်စုံသော သင်ထောက်ကူပစ္စည်းများဖြင့် စိတ်အေးချမ်းမြေ့စွာ ပညာသင်ယူနိုင်ပါသည်။
- ဂျပန်နိုင်ငံမှ IT ပညာရှင် ဆရာများက ဦးစီး၍ အတွေ့အကြုံရှိ IT ပညာရှင်မြန်မာလူမျိုးဆရာ၊ဆရာမများက IT ဘာသာရပ်တွေကို သင်ကြားပေးပြီး ဂျပန်ဘာသာရပ်တွင်လည်း သင်ကြားရေးအသိအမှတ်ပြု လက်မှတ်ရ ဂျပန်လူမျိုး Native ဆရာများနှင့် အတွေ့အကြုံရှိ မြန်မာ လူမျိုး ဆရာ၊ဆရာမများက သင်ကြားပေးပါသည်။
- သင်တန်းကာလ ၂နှစ်ဖြစ်ပြီး ကျောင်းသင်ခန်းစာများအပြင် Cultural Activity လုပ်ရှားမှုများ၊ လုပ်ငန်းခွင်တွင် အထောက်အကူပြုစေမည့် Presentation Skill အတွက် လေ့ကျင့်ပေးမှုများ ၊ ပျော်ရွှင်ဖွယ်ရာ School Events များပါဝင်ပြီး အဓိပ္ပါယ်ပြည့်ဝသော ကျောင်းသားဘဝကို ခံစားရရှိနိုင်ပါမည်။
- သင်တန်းကာလ ၂နှစ်တာပြီးမြောက်ပြီးချိန်တွင် အသိအမှတ်ပြု Diploma အောင်လက်မှတ် ရရှိမည် ဖြစ်ပြီး စနစ်ကျနသည့် သင်ကြားရေး နည်းဗျူဟာများကြောင့် Japan နိုင်ငံ National Exam နှင့် အခြားသော နိုင်ငံတကာ အသိအမှတ်ပြု IT အရည်အချင်းစစ် အသိအမှတ်ပြု အောင်လက်မှတ်များကို ရရှိနိုင်ပါသည်။
- တွဲဖက်သင်ကြားပေးသော ဂျပန်ဘာသာရပ်တွင်လည်း ဂျပန်နိုင်ငံမှအသိအမှတ်ပြု ဂျပန်ဘာသာအရည်အချင်းစစ် စာမေးပွဲအောင်လက်မှတ်များကိုLevel အလိုက် အသီးသီး ရရှိပိုင်ဆိုင်နိုင်မည် ဖြစ်ပါသည်။
- ကျောင်းသားတစ်ဦးချင်းစီအား Continuous Accessment System ဖြင့် သင်ကြားပေးပြီး သင်တန်းကာလပြီးမြောက်ချိန်တွင်လည်း ကျောင်းသားတစ်ဦးချင်းစီအား အလုပ်အကိုင်လမ်းညွှန်မှု(Job Guidance)နှင့် လုပ်ငန်းခွင်များသို့ အလုပ်အကိုင်ဝင်ရောက်နိုင်စေရန် အလုပ်မိတ်ဆက်ပေးခြင်း(Job Introduction) များကို ဆောင်ရွက်ပေးပါမည်။

Education Fair Schedule

★ တပ်မတော်ခန်းမ၊ ရန်ကုန်မြို့။
★ June - 9, 10, 11 ( Fri ~ Sun )

★ မြို့တော်ခန်းမ၊ မန္တလေးမြို့။
★ June - 23, 24, 25 ( Fri ~ Sun )

သင့်ရင်သွေး၏ အနာဂါတ်ဘဝလမ်းကြောင်းကို အောင်မြင်စွာ ရွေးချယ်နိုင်ဖို့ Metro ပြခန်းသို့ လာရောက်၍ လေ့လာကြဖို့ ဖိတ်ခေါ်အပ်ပါသည်။

## IT Course Seminar

Date : 4 - June - 2017 (Sun)

Time : 1:00 pm to 2:30 pm

Venue : Metro IT & Japanese Language Centre

စိတ်ပါဝင်စား၍ တက်ရောက်လိုသူများ ဖုန်းဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

01-372691, 09-976334160

